# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily



**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)



၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၇ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၁၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လန်ဒန်မြို့ရှိ St. Mary’s ဆေးရုံ ကြည့်ရှုလေ့လာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဒန်မြို့ရှိ St. Mary’s ဆေးရုံတွင် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုပြီး ဆေးကုသ သရုပ်ပြနေမှုကို ကြည့်ရှုစဉ် (သတင်းစဉ်)

**လန်ဒန် မေ ၆**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ တရားဝင်ခရီး ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် မေ ၅ ရက် ညနေ ၃ နာရီခွဲတွင် လန်ဒန်မြို့ရှိ St. Mary’s ဆေးရုံသို့ ရောက်ရှိကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဆေးရုံအတွင်း သင်ကြားရေးအထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုပြီး ဆေးကုသ သရုပ်ပြနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဆေးရုံသည် မြန်မာနိုင်ငံ ဆေးပညာသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီထောက်ပံ့ပေးနေသည့် ဆေးပညာဘာသာရပ်ဆိုင်ရာ သင်ကြားရေးဆေးရုံဖြစ်ကြောင်း သိရသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Rt. Hon Boris Johnson က လန်ဒန်မြို့ Carlton Gardens ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✽


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး ပါဝင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ငြိမ်းချမ်းရေးကော်မရှင် (Peace Commission)**
**သတင်းထုတ်ပြန်ချက်**
**၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁၁) ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ (၆) ရက်)**

၁။ ငြိမ်းချမ်းရေးကော်မရှင်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါသည်။

၂။ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ နိုင်ငံရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့(DPN) (KIO၊SSPP၊ KNPP၊ NMSP၊ ANC၊ LDU၊ WNO) နှင့်တွေ့ဆုံကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးရေး၊ ၂၀၁၇ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံဒုတိယအစည်းအဝေးသို့ တက်ရောက်နိုင်ရေးအတွက် ဦးတည်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် DPN မှ အဆိုပြုထားသော အချက်(၉)ချက်နှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးနေစဉ်ကာလအတွင်း နှစ်ဖက်အကြား အပြန်အလှန်ကတိကဝတ်ပြုချက် (Deed of Commitment - DoC) ရေးထိုးနိုင်ရေးကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၄။ ထို့အပြင် ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြင့် အဖြေရှာနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးပါဝင်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးနိုင်ရေးတို့အတွက် လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ဆွေးနွေးညှိနှိုင်းရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့်အပြင် ထိုသို့ဆွေးနွေးရာတွင် NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။




မြန်မာ့အလင်း

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရန်လို

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကျင်းပရန် လဝက်ကျော်ကျော်သာလိုတော့သည့်အချိန်တွင် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ပြုလုပ်နေသည်ကို တွေ့မြင်ရသည်။ ထိုလုပ်ငန်းများတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်များနှင့် အရပ်သားကိုယ်စားလှယ်များ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများအပါအဝင် အစိုးရကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ၏ (၁၀) ကြိမ်မြောက် အစည်းအဝေးလည်းပါဝင်ပါသည်။

ယင်းအစည်းအဝေးကို မေ ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ သုံးရက်ကြာကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးတွင် JMC -U ၏၂၀၁၇ ခုနှစ် ပထမသုံးလပတ်အစီရင်ခံစာတင်ပြခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများအား ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံများ၏လုပ်ငန်းလမ်းညွှန်အားဆွေးနွေးခြင်း၊ လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (မူကြမ်း)များအား ဆွေးနွေးအတည်ပြုခြင်း၊ တိုင်ကြားမှုစီမံခန့်ခွဲရေးနည်းစနစ်များတင်ပြခြင်း၊ မိုင်းရှင်းလင်းရေးနှင့် နယ်မြေသတ်မှတ်ခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တိုင်းကို အပစ်အခတ်ရပ်စဲခြင်းဖြင့် စတင်ကြရလေ့ရှိရာ ယင်းအပစ်အခတ်ရပ်စဲရေး တည်တံ့ခိုင်မြဲမှသာလျှင် နိုင်ငံရေးအရဆွေးနွေးအဖြေရှာသောလုပ်ငန်းစဉ်များသို့ တစ်ဆင့်တက်သွားရခြင်းဖြစ်ပေသည်။ ထိုသို့ အပစ်အခတ်ရပ်စဲရေး တည်တံ့ရန်အတွက် အပစ်အခတ်ရပ်စဲမှုပူးတွဲစောင့်ကြည့်ရေးကော်မတီများကို ဖွဲ့စည်းကြရသည်။ ထိုသို့သော စောင့်ကြည့်ရေးအဖွဲ့များရှိခြင်းအားဖြင့် အောက်ခြေတွင်ဖြစ်ပွားတတ်သော ပြဿနာများလျော့ပါးသွားစေနိုင်ခြင်း၊ ပြဿနာဖြစ်လျှင်လည်း ပြဿနာကိုကြီးထွားမလာအောင် အချိန်မီတားဆီးနိုင်ခြင်း၊ အမှားအမှန်ပြဿနာများကိုလည်း ဘက်မလိုက်ဘဲ မှန်ကန်စွာ တင်ပြနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။

ယခုပူးတွဲအပစ်ရပ်စောင့်ကြည့်ရေးအဖွဲ့များကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်နေသည်။ ပြည်ထောင်စုအဆင့်ကို တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားသောအဖွဲ့များနှင့် အရပ်သားကိုယ်စားလှယ် စုစုပေါင်း ၂၆ ဦးဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ဖွဲ့စည်းထားခဲ့သည်။ ထိုလုပ်ငန်းများအတွက် ကုလသမဂ္ဂမှထောက်ပံ့ငွေများလည်း ချမှတ်ပေးခဲ့ပြီးဖြစ်သည်။ ယခု အဆိုပါ ထောက်ပံ့ငွေဒေါ်လာ ၆ ဒသမ ၅ သန်း၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဒေသနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအတွက် သုံးစွဲမည်ဟု သိရသဖြင့် လုပ်ငန်းများကို ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယခုအစည်းအဝေးတွင် ဒေသအဆင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီများကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းရန်သဘောတူလိုက်သည်ဟု သိရပါသည်။ ယင်းကော်မတီများကို ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အဓိကထားကာ ဖွဲ့စည်းမည်ဖြစ်ပြီး ဒေသအဆင့်ကော်မတီ ၁၀ ခု ဖွဲ့စည်းရန် လျာထားကြောင်းလည်း သိရသည်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များကို အခြေခံ၍ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံညီလာခံကို မေ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနေစဉ် လက်နက်ကိုင်ပဋိပက္ခများ မပေါ်ပေါက်ရေး၊ ပူးတွဲထိန်းသိမ်းစောင့်ကြည့်ရန်နှင့် ပဋိပက္ခများပေါ်ပေါက်လာပါကလည်း အင်အားသုံး ဖြေရှင်းခြင်းမရှိဘဲ ဆွေးနွေးညှိနှိုင်းအဖြေရှာရန်မှာ JMC ၏အဓိက လုပ်ငန်းတာဝန်ဖြစ်ပေသည်။ JMC အကောင်အထည်ဖော်မှုများသည် NCA လက်မှတ်မရေးထိုးရသေးသော လက်နက်ကိုင်များအတွက် NCA အပေါ် ယုံကြည်လာစေဖို့၊ စံနမူနာကောင်းများလည်းဖြစ်ဖို့ လိုအပ်နေပေသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှပေါ်ထွက်လာသော ကောင်းမွန်သော ရလဒ်များအပေါ်အခြေခံ၍ တစ်ဆင့်ချင်း တည်ဆောက်ရမည်ဖြစ်ရာ ကနဦးအဆင့်များဖြစ်သော အပစ်အခတ်ရပ်စဲရေး၊ အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေး၊ အောက်ခြေမှစတင်နိုင်သော ပဋိပက္ခများပူးပေါင်းဖြေရှင်းရေးသည်လည်း လက်နက်ကိုင်အဖွဲ့များပြားသော၊ နှစ်ဖက်ရင်ဆိုင်နယ်နိမိတ်ရှည်လျားသော မြန်မာနိုင်ငံအတွက် အရေးကြီးလုပ်ငန်းတစ်ခုပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## မန္တလေးတက္ကသိုလ် ဘွဲ့လွန်အင်္ဂလိပ်စာ သင်ကြားရေးဒီပလိုမာ (Dip ; E.L.T) သင်တန်းဖွင့်မည်

**မန္တလေး မေ ၆**

မန္တလေးတက္ကသိုလ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဘွဲ့လွန်အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာ (Diploma in English Language Teaching) သင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါ ဘွဲ့လွန်အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာ သင်တန်းအတွက် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုခု ရရှိပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံဖြင့် မေ ၁၉ ရက် (သောကြာနေ့) တွင် နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာန မန္တလေးတက္ကသိုလ်၌ လျှောက်ထားကြရမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို မေ ၂၅ ရက် (ကြာသပတေးနေ့)တွင် မန္တလေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းကို ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျောင်းသားရေးရာဌာန မန္တလေးတက္ကသိုလ် ဖုန်း-၀၂-၆၂၁၂၉ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် မေ ၆**

ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ပြိုင်ပွဲကြီးကို **(အပေါ်ပုံ)** မေ ၅ ရက် ညပိုင်းက အမျိုးသားကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဗဟိုအဆင့် ကျောင်းသား ကျောင်းသူ ၅၃ ဦးက အဆင့်ဆင့် အကြိတ်အနယ်ယှဉ်ပြိုင်ကာ ပထမဆုကြီးကို လှိုင်ရတနာ ဓမ္မစကူးလ်မှ မောင်သက်ပိုင်ဦးက ငွေကျပ်သိန်း ၂၀ နှင့်အတူ ဗုဒ္ဓဝံသဗဟုသုတရေဘွဲ့တံဆိပ်တော်အား ထိုက်တန်စွာ ဆွတ်ခူးရရှိသွားခဲ့သည်။

ဒုတိယဆုကို တောင်ငူစာဖြေဌာန ရှမ်းကျောင်း ဓမ္မစကူးလ် မှ မခိုင်ဖူးဇွန်က ငွေကျပ် ၁၅ သိန်းနှင့် ဆုတံဆိပ်၊ တတိယဆုကို တောင်ငူစာဖြေဌာန စာရိတ္တ ဓမ္မကျောင်းမှ မအေးမြတ်နေခြည်က ငွေကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်၊ စတုတ္ထဆုကို တောင်ငူစာဖြေဌာန စာရိတ္တဓမ္မကျောင်းမှ မဆုပြည့်သွယ် က ငွေကျပ် ခြောက်သိန်းနှင့် ဆုတံဆိပ်၊ ပဥ္စမဆုကို ကင်းစံပြကျေးရွာစာဖြေဌာန မဟာဓမ္မပါလ စကူးလ်မှ မခင်နှင်းသက်က ငွေကျပ် ငါးသိန်းနှင့် ဆုတံဆိပ်၊ နှစ်သိမ့်ဆု ကို ဝက်လက်စာဖြေဌာန (ရွှေဘို) ငြိမ်းစံ ဓမ္မစကူးလ်မှ မခိုင်ရတနာဖြိုးတို့က ရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ခြောက်ဦးသည် နောက်ဆုံးပြိုင်ပွဲပွဲစဉ် (၄)ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် နောက်ဆုံးအဆင့်တွင် (က)စကားပြောစွမ်းရည်ယှဉ်ပြိုင်ခြင်း၊ (ခ)ပါဠိစာပိုဒ်ရေးယှဉ်ပြိုင်ခြင်း၊ (ဂ) အမြန်မေးခွန်းယှဉ်ပြိုင်ခြင်း၊ (ဃ) သတ်မှတ်ချိန်နှင့်အညီ အမေး၊ အဖြေယှဉ်ပြိုင်ဖြေဆိုခြင်းတို့ကို ခက်ခဲနက်နဲစွာယှဉ်ပြိုင်ခဲ့ကြရသည်။ကျောင်းသား ကျောင်းသူများ၏အဆင့်လိုက်ယှဉ်ပြိုင်မှုတိုင်းတွင် ဆရာတော် သံဃာတော်များက စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အမှတ်ပေးခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးအမှတ် အများဆုံးရသူများကို ပထမ၊ ဒုတိယ၊ တတိယစသည်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်

နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦး ယှဉ်ပြိုင်ကာ ငါးဦး ဆုရပြီး နှစ်သိမ့်ဆုရ ငါးဦးကိုလည်း တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## တတိယအကြိမ် ဒေသတွင်း မုတ်သုံဖိုရမ် ကျင်းပမည်

**ရန်ကုန် မေ ၆**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်းဘက်စုံ သဘာဝဘေးကြိုတင်သတိပေး ဗဟိုဌာနတို့ ပူးပေါင်းစီစဉ်သော တတိယအကြိမ် ဒေသတွင်း မုတ်သုံဖိုရမ်ကို လာမည့် မေ ၈ ရက်တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း(MES)၌ ကျင်းပမည်ဖြစ်သည်။

မုတ်သုံဖိုရမ်တွင် ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ စိန်ခေါ်မှုအတွေ့အကြုံများ၊ သဘာဝဘေးအန္တရာယ်နှင့် ဆက်စပ်နေသော အလေ့အထကောင်း အတွေ့အကြုံများကို သင်ခန်းစာယူနိုင်ဖွယ် Power Point ဖြင့် ပညာရှင်များက ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပါပွဲသို့လာရောက်လေ့လာလိုသူများအနေဖြင့် မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## အင်္ဂလိပ်စာပညာဒါန သင်တန်းဖွင့်လှစ် သင်ကြားပေးလျက်ရှိ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် အင်းလျားရွာသစ်ကျောင်း၌ သွေးမေတ္တာပရဟိတအသင်းက အခမဲ့ အင်္ဂလိပ်စာပညာဒါနသင်တန်းကို မေ ၆ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီခွဲအထိ သင်တန်းချိန်နှင့် ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ သင်တန်းချိန်ဟူ၍ တန်းခွဲနှစ်ခု ဖွင့်လှစ်ပြီး မည်သူမဆို လာရောက်သင်ကြားနိုင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၆-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၉ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၈၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၃ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၂ ・ ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဒန်မြို့ St. Mary's ဆေးရုံမှ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

❀ *ရှေ့ဖုံးမှ*

ညစာစားပွဲတွင် မြန်မာ-ဗြိတိန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်နိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ တိုးတက်မှုအခြေအနေနှင့် အဆိုပါလုပ်ငန်းစဉ်များကို ဗြိတိန်နိုင်ငံမှ ဆက်လက်ကူညီ ဆောင်ရွက်သွားရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Rt. Hon Boris Johnson တို့ တွေ့ဆုံစဉ်** (သတင်းစဉ်)

- **St. Mary's ဆေးရုံသည် မြန်မာနိုင်ငံ ဆေးပညာသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီထောက်ပံ့ပေးနေသည့် ဆေးပညာဘာသာရပ်ဆိုင်ရာ သင်ကြားရေးဆေးရုံဖြစ်**
- **အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ တိုးတက်မှုအခြေအနေနှင့် အဆိုပါလုပ်ငန်းစဉ်များကို ဗြိတိန်နိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်သွားရေးကိစ္စရပ်များ အမြင်ချင်းဖလှယ် ဆွေးနွေး**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် UNESCO မှ တာဝန်ရှိသူများ တွေ့ဆုံ

**ပုဂံ မေ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် UNESCO မှ တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားကို မေ ၅ ရက် မွန်းလွဲ ၂ နာရီက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူးတို့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ UNESCO Yangon Project Office၊ Head of Office မှ Ms.Min Jeong Kim က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး စီမံခန့်ခွဲမှု လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် UNESCO မှ တာဝန်ရှိသူများ တွေ့ဆုံစဉ်** (သတင်းစဉ်)

# ဖျာပုံမြို့နယ်၏ ဘက်စုံပညာထူးချွန်(လူရည်ချွန်)အား ဒေသခံများက ကြိုဆိုဂုဏ်ပြု

**ဖျာပုံ မေ ၆**

၂၀၁၆- ၂၀၁၇ ပညာသင်နှစ်အတွက် ဒသမတန်း ဘက်စုံပညာထူးချွန်(လူရည်ချွန်) ရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အထက(ခွဲ) အလက(၁)ကျောင်းမှ မနှင်းအေးလွင်အား လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများက ကြိုဆို ထပ်ဆင့်ဂုဏ်ပြုခြင်းကို မေ ၅ ရက် ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သည်။

လူရည်ချွန်လေ့လာရေး အပန်းဖြေစခန်းမှ ပြန်လည်ရောက်ရှိလာသည့် ဖျာပုံဂုဏ်ဆောင် လူရည်ချွန် မနှင်းအေးလွင်အား ကြိုဆိုဂုဏ်ပြုရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖျာပုံမြို့မြောက်ပိုင်း မြို့အဝင်မှ အထက(ခွဲ) အလက(၁) အရောက် လှည့်လည် ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး ဖြတ်သန်းရာလမ်းတစ်လျှောက်တွင် မြို့သူမြို့သားများက အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်း၊ အားပေးနှုတ်ဆက်ခြင်းတို့ဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

ယင်းနောက် အထက (ခွဲ) အလက(၁)ကျောင်းခန်းမ၌ ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ပညာရေးမှူး ဒေါ်စိန်မာအေးနှင့် ဧည့်သည်တော်များက ဂုဏ်ပြုစကားများ ပြောကြားကာ လူရည်ချွန် မနှင်းအေးလွင်အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး (၅)နှစ်စီမံကိန်း မကြာမီစတင်အကောင်အထည်ဖော်မည်

**စစ်တွေ မေ ၆**

ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းများ ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင် မြို့မိမြို့ဖများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်အနေဖြင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့်တွဲပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် စပ်လျဉ်း၍ Camp များတွင် နေထိုင်စဉ်ကာလအတွင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရပ်များ တတ်မြောက်စေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အစိုးရအနေဖြင့် ဖြစ်နိုင်သည့် အပိုင်းကစပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်း၍ Camp များတွင် နေထိုင်သူများ၏ သဘောဆန္ဒအရ ရွှေ့ပြောင်းပေးပါကြောင်း၊ ရင်းနှီးစွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ချစ်ကြည်ရေးဈေးများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရက ဆောင်ရွက်မည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး (၅)နှစ်စီမံကိန်းကိုလည်း မကြာမီစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စတင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် မသက်ဆိုင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်ရန် အစဉ်အမြဲအသင့်ဖြစ်စေရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် ရှစ်ရပ်အနက် တစ်ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာမည့် အသက်(၂)နှစ်အောက်ကလေးများကို ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အား ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်သည့် ချင်းပြည်နယ်တွင် LIFT Fund ၏ အထောက်အပံ့ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် နာဂဒေသတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအစီအစဉ်တွင် ငွေကြေးထောက်ပံ့ခြင်းနှင့်အတူ သားဆက်ခြားနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးဆောင်ရွက်မှုများ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောက်ပံ့နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများအကြား သတင်းမှန်ရရှိရေး စေ့စပ်ဆွေးနွေးနိုင်မည့် အခြေအနေတစ်ရပ်ရရှိရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေဟိုတယ်၌ အရပ်ဘက် ရခိုင်လူမှုအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံကာ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တမူးမြို့ ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် မေ ၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့သို့ရောက်ရှိကာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၈၀ ဖြင့် ဆောင်ရွက်ခဲ့သော တမူးမြို့ပေါ် လေးရပ်ကွက် ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးဝင်းကျော်သွင်က ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့သော တမူးမြို့ပေါ် လေးရပ်ကွက် ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်၊ တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုထွေးတို့က ရေပေးဝေရေးလုပ်ငန်းစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရေပေးဝေရန် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီ ရေစုပ်စက်ခန်း၊ ရေလှောင်ကန်များ၊ ရေတင်စက်များနှင့် လျှပ်စစ်သွယ်တန်းထားခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် တမူးမြို့တွင်း ကတ္တရာလမ်း (၁)မိုင် ခင်းခြင်းလုပ်ငန်းနှင့် မင်္ဂလာရေကန် အမိုးမိုးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တမူးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(အသစ်) ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းသို့ သွားရောက်၍ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၅ ရက်က ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်း (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ကြီးများဖြင့် မီးငြှိမ်းသတ်ရေးစွမ်းရည်ပြသစဉ် ဇော်ဝင်းအောင် (ပြန်/ဆက်)

# ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာသင်ဆုများ ချီးမြှင့်မည်

**ရန်ကုန် မေ ၆**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ရန် STI Myanmar University မှ မြန်မာနိုင်ငံရှိ ထူးချွန်သော ကျောင်းသားကျောင်းသူများအား အထူးအစီအစဉ်ဖြင့် ပညာတော်သင်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုများတွင် စီးပွားရေးမဟာဌာနမှ စီးပွားရေးစီမံခန့်ခွဲမှု ဘွဲ့ကြိုသင်တန်း၊ စာရင်းအင်းပညာ ဘွဲ့ကြိုသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု ဘွဲ့လွန်သင်တန်းများ၊ အင်ဂျင်နီယာမဟာဌာနမှ ဗိသုကာဘွဲ့ကြိုသင်တန်း၊ မြို့ပြအင်ဂျင်နီယာဘွဲ့ကြိုသင်တန်း၊ အီလက်ထရွန်နစ် ဘွဲ့ကြိုသင်တန်း၊ ဗိသုကာနှင့် မြို့ပြအင်ဂျင်နီယာ ဘွဲ့ကြိုသင်တန်းများ၊ ဆေးသိပ္ပံမဟာဌာနမှ အစာအာဟာရ မဟာဘွဲ့လွန်သင်တန်း၊ ဆေးရုံနှင့် ကျန်းမာရေးဝန်ဆောင်မှု စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများ ပါဝင်မည်ဖြစ်သည်။

ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ရွေးချယ်ရာ၌ ပညာထူးချွန်ခြင်းနှင့်အတူ လူ့အသိုက်အဝန်းအား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထူးချွန်ဘွဲ့ကြို ကျောင်းသားများအား ကျောင်းလခ ၁၀၀ ရာခိုင်နှုန်းအထိ ချီးမြှင့်ခြင်းနှင့် ဘွဲ့လွန်ကျောင်းသားများအတွက် ကျောင်းလခ ၅၀ ရာခိုင်နှုန်းအထိ ချီးမြှင့်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူများနှင့် လုပ်ငန်းခွင်ဝင်နေသူများပါ ဝင်ရောက်လျှောက်ထားနိုင်သည်။

ဘွဲ့လွန်ကျောင်းသားများအတွက် မေ ၂၀ ရက်နှင့် ဘွဲ့ကြိုကျောင်းသားများအတွက် မေ ၂၅ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တွင် အမှတ် (၁၀) MICT Park လှိုင်တက္ကသိုလ် ရန်ကုန် ဖုန်း-၀၁-၅၀၇၁၅၁-၅၂၊ ၀၉- ၂၅၀၀၆၄၄၅၁၊ မန္တလေးမြို့တွင် ဘီ ၁၅၊ ၁၆ ၊ ၆၆ လမ်းနှင့် သဇင်လမ်းထောင့် ချမ်းမြသာစည်မြို့နယ် မန္တလေး ဖုန်း- ၀၉-၇၈၃၈၀၀၀၆၂ - ၆၃ - ၆၄ တို့ထံသို့ ဆက်သွယ်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ကိုညီ**

# ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းများရောက်ရှိ၊ တောင်ပေါ်မြေပြန့်လမ်းပိုင်းများတွင် ပြေးဆွဲမည်

**ရန်ကုန် မေ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တရုတ်နိုင်ငံ ဒါလီယန်ကုမ္ပဏီမှ ဝယ်ယူထားသည့် မြင်းကောင်ရေ ၂၀၀၀ အားရှိ ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်း ငါးခေါင်းသည် ဒါဆောင်းသင်္ဘောဖြင့် မေ ၁ ရက်က သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် သင်္ဘောပေါ်မှ သယ်ချခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



တရုတ်နိုင်ငံ ဒါလီယန်ကုမ္ပဏီမှ စက်ခေါင်း ၂၂ ခေါင်း မှာယူခဲ့ရာ ပထမအကြိမ်အဖြစ် စက်ခေါင်း ခုနစ်ခေါင်း ရောက်ရှိခဲ့ပြီး ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အမှတ်(၅) အဆန်၊ အမှတ် (၆)အစုန် ရထားများတွင် လည်းကောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းရှိ အမှတ်(၇၁) အဆန်၊ အမှတ်(၇၂) အစုန်ရထားများတွင် လည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။ ယခုရောက်ရှိလာသည့် စက်ခေါင်း ငါးခေါင်းသည် တောင်ပေါ်လမ်းပိုင်း၊ မြေပြန့်လမ်းပိုင်းများတွင် ပြေးဆွဲနိုင်သည့် ခေတ်မီစက်ခေါင်းများဖြစ်ပြီး လိုအပ်သည့် လမ်းပိုင်းများတွင် ဖြည့်တင်းအသုံးပြု ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကျန်ရှိသည့် စက်ခေါင်း ၁၀ ခေါင်းကို နေပြည်တော် စက်ခေါင်းတည်ဆောက်ရေးစက်ရုံ၌ တပ်ဆင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ပြည်သူနှင့်အတူ

## နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များလေ့လာရန် ဝယ်လင်တန်မြို့သို့ သွားရောက်

**နေပြည်တော် မေ ၆**

နယူးဇီလန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်၏ ဖိတ်ကြားချက်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP ၏ကူညီပံ့ပိုးမှုဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဦးဆောင်၍ ဗဟိုအဖွဲ့အစည်း၊ ဝန်ကြီးဌာနများဖြစ်သည့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ ဒုတိယဝန်ကြီး၊ အဖွဲ့ဝင်များ၊အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များအဆင့်နှင့်အထက်၊ အဆင့်မြင့်အရာထမ်းကိုယ်စားလှယ် စုစုပေါင်း ၁၂ ဦး ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက်မှ ၁၂ ရက်အထိ နယူးဇီးလန်နိုင်ငံ ဝယ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာရန်အတွက် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်အမှတ် MI 522M ဖြင့် ရန်ကုန်မြို့မှ ဝယ်လင်တန်မြို့သို့ လေ့လာရေးခရီး ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှေးဟောင်းနေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြောက်ဦး မေ ၆**

ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးမြို့ပေါ်ရှိ ဗုဒ္ဓပူဇနိယပွဲတော်ကာလ၊ အထင်ကရ ရှေးဟောင်းယဉ်ကျေးမှု ဘုရားစေတီပုထိုးတော်များတွင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက မေ ၆ ရက် နံနက် ၇ နာရီတွင် စုပေါင်း အမှိုက်ကောက်ခဲ့ကြသည်။

မြောက်ဦးမြို့ပေါ်ရှိ အထင်ကရ ရှေးဟောင်းယဉ်ကျေးမှု ဘုရားစေတီပုထိုးတော်များ ပွဲတော်ကာလ၌ ပြည်သူများစိတ်ချမ်းမြေ့စွာဖြင့် ဘုရားဖူးမြော်နိုင်စေရန်အတွက် ယခုလို စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးပြုလုပ်သည်ဟု အမှိုက်ကောက်လာသူတစ်ဦးက ပြောသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

✪ *ကျောဖုံးမှ*

များအပြီးတွင် မြန်မာ (က)နှင့် ထိုင်းအသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး မလေးရှားအသင်းက ကြေးတံဆိပ်ဆုရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာ(က)အသင်းက ထိုင်းအသင်းကို ၂၄၆ မှတ်၊ ၂၂၃ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဆုရရှိသည့် ပထမဆုရ မြန်မာ(က)အသင်း၊ ဒုတိယဆုရ ထိုင်းအသင်းနှင့် တတိယဆုရ မလေးရှားအသင်းတို့အား အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ဆုများချီးမြှင့်သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၇ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Event-3 ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းအား ပြည်ပနိုင်ငံများ စိတ်ဝင်တစားယှဉ်ပြိုင်ကစားလာစေရန်အတွက် ယင်းနိုင်ငံများ ဆုတံဆိပ်ရယူနိုင်ရန် အဓိကယှဉ်ပြိုင်နေခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်များအပြီးတွင် မြန်မာ(က)နှင့် ထိုင်းအသင်းတို့က ရွှေတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိထားသည်။

❄ *ကျောဖုံးမှ*

တန်ဖိုးမြင့်တယ်၊ အဲ့ဒီအတွက် ကျွန်တော်တို့ဘက်ကလည်း စပါးအပေါ် ဈေးကောင်းပေးဝယ်နိုင်တဲ့အတွက် ဒေသခံတွေ အကျိုးရှိပါတယ်”ဟု Agrastar ပေါင်းဆန်စက်မှ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြတ်ကောင်း(ဥက္ကဋ္ဌ၊ Chin Crop Myanmar) က ပေါင်းဆန်စက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောသည်။

အဆိုပါပေါင်းဆန် စက်ရုံတွင် ကြိတ်ခွဲမည့် စပါးသည် ဆန်လုံးရှည်သည့် စပါးအမျိုးအစားဖြစ်ဖို့လိုကြောင်းနှင့် ယခု လက်ရှိအခြေအနေတွင် ဒေသတွင်း ကုန်ကြမ်းကို စမ်းသပ်ကြိတ်ခွဲနေပြီး အဆိုပါ ပေါင်းဆန်စက်မှာ စပါး တန် ၂၅၀ ကြိတ်ခွဲနိုင်ပြီး ဆန်တန် ၁၅၀ ကျကြောင်း လုပ်ငန်းရှင် ဦးမြတ်ကောင်းက ဖြည့်စွက်ပြောကြားသည်။

“ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ မိမိစိုက်တဲ့စပါး၊ မိမိဒေသမှာပဲ တိုက်ရိုက်ရောင်းချလို့ ဈေးပိုရရင် ဝမ်းသာတာပေါ့၊ စပါးစိုက်တဲ့အခါမှာလည်း ဒီစက်နဲ့ကိုက်ညီမယ့် မျိုးကောင်းမျိုးသန့်တွေ၊ နည်းပညာတွေ ဖြန့်ဝေပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေတာပေါ့”ဟု ဒေသခံတောင်သူ ဦးမြင့်အောင်က ပြောသည်။

ယခု ပေါင်းဆန်စက်တည်ရှိရာ ဖျာပုံခရိုင်သည် ဆန်စပါး အဓိကထားစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည်။

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားများ ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်နေ



**ရန်ကုန် မေ ၆**

ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံ၌အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပနိုင်ရန် ရက်ပေါင်း ၁၀၆ ရက်သာလိုတော့သည့်အတွက် မြန်မာအားကစားသမားများအနေဖြင့် ယခင်ကထက် ပြင်းပြင်းထန်ထန် လေ့ကျင့်နိုင်စေရန်နှင့် နေထိုင်ရေး၊ စားသောက်ရေးနှင့်ကျန်းမာရေးကအစ လေ့ကျင့်ရေးဝတ်စုံနှင့် လေ့ကျင့်ရေးအထောက်အကူပြု ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်မှုနှင့်နည်းပြများ၏ ခေတ်မီသော နည်းစနစ်များဖြင့် သင်ကြားပေးနိုင်မှု အခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီမှစ၍ ရန်ကုန်မြို့ အားကစားလေ့ကျင့်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုအားပေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ပဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများနှင့်တွေ့ဆုံကာ ၎င်းတို့၏ လေ့ကျင့်ရေးလုပ်ဆောင်ချက်များကို ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီးမေးမြန်းရာ လေ့ကျင့်ရေးတွင် ယခင်ကထက် ပြင်းပြင်းထန်ထန် လေ့ကျင့်နေပါကြောင်း၊ ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ မိမိတို့၏ အားနည်းချက်/အားသာချက်များကိုပြင်ဆင်ပြီး အကောင်းဆုံးဖြစ်အောင်နည်းပြများက လေ့ကျင့်ပေးနေပါကြောင်းပြောကြားပြီး၊ ပြည်ထောင်စုဝန်ကြီးက အားကစားသမားများအနေဖြင့် နိုင်ငံတော်အတွက် အားကစားနည်းဖြင့် ဂုဏ်သိက္ခာမြှင့်တင်ပေးစေလိုကြောင်း အားပေးစကားပြောကြားကာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွဲ့ချုပ်အနေဖြင့် လိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ ဘော်လီဘောလေ့ကျင့်ရေးအားကစားရုံ၌ ပဏာမလက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်း လေ့ကျင့်နေမှုအား လည်းကောင်း၊ တိုက်ကွမ်ဒို အားကစားလေ့ကျင့်ရေးရုံအားလည်းကောင်း၊ ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ပဏာမလက်ရွေးစင်အမျိုးသား/အမျိုးသမီး ကရာတေးဒိုလေ့ကျင့်နေမှုနှင့်ကြံ့ခိုင်မှု၊ သွက်လက်မှု၊ လျင်မြန်ဖျတ်လတ်မှုနှင့်ပြိုင်ပွဲဝင်ပုံစံ ကစားကွက်များကိုသရုပ်ပြသကြပြီး ပြည်ထောင်စုဝန်ကြီးက ပဏာမလက်ရွေးစင် ကရာတေးဒို အားကစားသမားများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ်ရှိ National Golf Range သို့ရောက်ရှိရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ဂေါက်သီးလေ့ကျင့်ရေးကွင်း အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက Golf Range ကို ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးအတွက် မှာကြားခဲ့သည်။ ယင်းနောက် သုဝဏ္ဏဘိုးလင်းအားကစားရုံသို့ရောက်ရှိကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မသန်စွမ်းအားကစားသမားများနှင့် ပဏာမလက်ရွေးစင်အားကစားသမားများကကြိုဆိုကြပြီး ပဏာမလက်ရွေးစင်အားကစားသမားများနှင့် ဉာဏ်ရည်မမီ မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ဘိုးလင်းအားကစားနည်း Equipment တစ်ခုချင်းစီ၏ အသုံးပြုပုံများကို ရှင်းလင်းတင်ပြပြီး ပဏာမလက်ရွေးစင် အားကစားသမားများနှင့် ဉာဏ်ရည်မမီ မသန်စွမ်းအားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ကျိုက္ကဆံ ဘတ်စကက်ဘောအားကစားရုံ၌ အမျိုးသမီး ဘတ်စကက်ဘောအသင်း လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးကာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် ကောင်းသောမခံချင်စိတ်ဖြင့် အစွမ်းကုန်ကြိုးစား လေ့ကျင့်စေလိုကြောင်းဖြင့် အားပေးစကားပြောကြားကာ ပဏာမဘတ်စကက်ဘောလက်ရွေးစင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် စာရေးဝန်ထမ်းများ အဆင့်မြှင့်သင်တန်းဖွင့်လှစ်

**ပဲခူး မေ ၆**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်မှ ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ အဆင့်မြှင့်သင်တန်း အမှတ်စဉ် (၁/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။




သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားစီရင်ရေး၊ စီမံ၊ ထောက်ပံ့လုပ်ငန်းများတွင် တရားရုံးစာရေးဝန်ထမ်းများ၊ အရည်အသွေးတိုးတက်မြင့်မားအောင် သင်တန်းမှပို့ချသော သင်ခန်းစာများအား လေ့လာမှတ်သား၍ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးတင်ဟုန်၊ ဦးမောင်မောင်အေးနှင့်အတူ တရားရေးအရာရှိ ၄၄ ဦး၊ သင်တန်းသား/သူ ၂၈ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူငယ်နှင့် အလုပ်အကိုင်

**အောင်အောင် (IR)**

**အိမ်နီးချင်းနိုင်ငံတွေက နိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားတွေ အကြားမှာ ကွာဟချက်ကလည်း ကြီးသထက် ကြီးမားလာနေတယ်။ လက်ဖက်ရည်ဆိုင်တွေမှာ အချိန်မဖြုန်းကြပါနဲ့။ ဘီယာဆိုင်တွေမှာ အချိန်မဖြုန်းကြပါနဲ့။ ဖေ့စ်ဘုတ်တို့၊ ဆိုရှယ်မီဒီယာတွေနဲ့ အချိန်ဖြုန်းမနေကြပါနဲ့။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းချင်တယ်ဆိုရင်၊ တစ်နည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်း လိုချင်တယ်ဆိုရင် ကိုယ့်ဘက်က အများကြီး ပြင်ဆင်အားထုတ်ဖို့လိုပါတယ်**

တစ်လောက တောင်ကိုရီးယားနိုင်ငံသွားပြီး အလုပ်လုပ်ချင်တဲ့ မြန်မာလူငယ်တွေ လျှောက်လွှာတိုးဝှေ့ဝယ်ယူရင်း ရန်တွေဖြစ်ကြ၊ ပုဆိုး၊ ဘောင်းဘီကျွတ်တဲ့သူကကျွတ်နဲ့ အတော်ကို ရုပ်ပျက် ဆင်းပျက်နိုင်တာ တွေ့ရပါတယ်။ အဲဒီသတင်းတွေ၊ ပုံရိပ်တွေက ကိုရီးယားနိုင်ငံအထိ ပျံ့နှံ့ရောက်ရှိသွားပုံရပါတယ်။ ကိုရီးယားမှာ ကျောင်းတက်စဉ် သိကျွမ်းခဲ့တဲ့ ဆိုးလ်မြို့တော်မှာနေထိုင်တဲ့ ကိုရီးယားလူမျိုးမိတ်ဆွေတစ်ဦးက အဲဒီသတင်းကို သူတို့သိကြောင်း၊ ကြားကြောင်း၊ မြင်တွေ့ကြောင်း၊ ကိုရီးယားကိုလာချင်လို့ အဲဒီလောက်ထိ လူတွေထောင်၊ သောင်းချီ တိုးဝှေ့စုရုံးကြတာ တစ်ခါမှမတွေ့ဖူး၊ မကြားဖူးကြောင်း ဖေ့စ်ဘုတ်ကတစ်ဆင့် ဆွေးနွေးလာပါတယ်။ မြန်မာနိုင်ငံကို ရောက်ရှိလည်ပတ်ဖူးတဲ့သူ့အဖို့ အတော်ထူးဆန်းနေပုံရပါတယ်။ ဟုတ်တယ်၊ ဒီကလူတွေ ကိုရီးယားအတော်သွားချင်ကြတယ်ဆိုတာကလွဲလို့ များများစားစား ပြန်မဆွေးနွေးဖြစ်ပါဘူး။

**တိုင်းပြည်ထူထောင်ရေး ပါဝင်ဆောင်ရွက်**

ဒီတော့ တွေးစရာဖြစ်တာက ပြည်တွင်းမှာ အဲဒီလောက်တောင် အလုပ်အကိုင်အခြေအနေ အခွင့်အလမ်းတွေက ဆိုးရွားနေသလားဆိုတာ လေ့လာဖို့လိုပါတယ်။ အခုဆို ထိုင်း၊ မလေးရှား၊ ကိုရီးယား ဘယ်မှာကြည့်ကြည့် အောက်ခြေမြန်မာအလုပ်သမားဦးရေက တိုးလာနေတယ်။ မြန်မာအမျိုးသမီးတွေ မလေးရှားမှာ၊ ဟောင်ကောင်မှာ၊ ထိုင်းမှာ အိမ်အကူအဖြစ် လုပ်ကိုင်နေကြတာလည်း အများအပြားဖြစ်နေတယ်။ အိမ်နီးချင်းနိုင်ငံတွေအတွက်တော့ မြန်မာနိုင်ငံဟာ သူတို့အတွက် ဈေးပေါပေါနဲ့ရတဲ့ အလုပ်သမားဈေးကွက်ကြီး ဖြစ်နေတော့တယ်။ နိုင်ငံတော်အစိုးရအနေနဲ့ လူငယ်တွေကို ထိုက်သင့်တဲ့ အလုပ်အကိုင်တွေ ဖန်တီးမပေးနိုင်တော့ဘူးလား၊ ဒီအတိုင်းပဲ လွှတ်ထားလိုက်မလား၊ အလုပ်လက်မဲ့တွေ ပြည်တွင်းမှာ မရှိလေကောင်းလေလား၊ နိုင်ငံတော်အစိုးရအဆက်ဆက်ကတော့ မြန်မာလုပ်သားတွေ ပြည်တော်ပြန်ဖို့ အမြဲဖိတ်ခေါ်တယ်။ ပြည်တွင်းက လူတွေကလည်း ကိုယ့် မြန်မာအလုပ်သမားတွေ ပြည်ပနိုင်ငံတွေမှာ ဆိုးဆိုးရွားရွား အဆက်ဆံခံရတယ်ဆိုတာသိရရင် နိုင်ငံခြားမှာ ကျွန်ခံနေမယ့်အစား ကိုယ့်နိုင်ငံပြန်လာပြီးရတဲ့ အလုပ်လုပ်ကိုင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလေ့ရှိတယ်။ ဒါပေမယ့် ပြဿနာက လူတွေက ဒီပြန်လာပြီးရင် ဘာလုပ်ရမှန်းမသိကြတာဘဲ။ တပ်မတော်အစိုးရ လက်ထက်တုန်းကတော့ လယ်ယာကဏ္ဍမှာ လူတွေသန်းချီအလုပ်အကိုင် ဖန်တီးပေးနိုင်တယ်ဆိုပြီး ပြောခဲ့တာရှိတယ်။ ဦးသိန်းစိန် အစိုးရလက်ထက်မှာလည်း ပြန်လာခဲ့ကြ၊ ထမင်းတော့ မငတ်ပါဘူးဆိုတာမျိုးပြောခဲ့တယ်။ အခု အစိုးရအသစ်လက်ထက်မှာလည်း ပြည်ပရောက်အလုပ်သမားတွေပြန်လာပြီး တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်တာမျိုးရှိတယ်။

**အမီလိုက်ဖို့မလွယ်**

သို့ပေမယ့် ပြည်ပရောက် မြန်မာလုပ်သားတွေကတော့ ပြည်တော်ပြန်ဖို့ဆိုတာ ခဲယဉ်းနေဆဲ ဖြစ်ပုံရပါတယ်။ သူတို့အတွက် ထိုက်သင့်တဲ့လစာ၊ လုပ်ငန်းခွင်ဝန်းကျင်ဆိုတာ လိုအပ်ပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံလောက်ဆိုရင်ရတဲ့ လုပ်ခငွေနဲ့ နေ့စဉ်အသုံးစရိတ်က ကာမိတတ်ပါတယ်။ နည်းနည်းပေးပြီးလည်း များများပြန်ရတယ်။ နည်းနည်းပေးပြီး များများပြန်ရတယ်ဆိုတာ သူတို့ဆီမှာ လမ်းဘေးဆိုင်တွေဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေ များပါတယ်။ အစားအစာ အရည်အသွေးလည်း ကောင်းမွန်တယ်။ အသီးအနှံတွေဆိုလည်း လတ်ဆတ်တယ်။ မြန်မာနိုင်ငံမှာကတော့ ထိုင်းနိုင်ငံလောက်ပေးပြီး ပြန်ရတာက အရည်အသွေးညံ့ဖျင်းတဲ့ အစားအစာမျိုးတွေ ဖြစ်နေတတ်တယ်။ ဈေးပေးရတာချင်းအတူတူ၊ ဈေးသက်သာတာချင်းအတူတူ ထိုင်းမှာပေးရတာ ပိုတန်တယ်လို့ ရောက်တဲ့သူတိုင်း ပြောကြတယ်။ ထိုင်းမှာ သယ်ယူပို့ဆောင်ရေးဆိုလည်း ကောင်းမွန်တယ်။ ဘတ်စ်ကားကောင်းကောင်းမွန်မွန် ချောင်ချောင်ချိချိ စီးရတယ်။မြန်မာတွေက အမျိုးသားရေးနဲ့ပတ်သက်ရင် ထိုင်းဆိုရင်သာ အထင်မကြီးပေမယ့် ထိုင်းနိုင်ငံဆို လူတိုင်းသွားလည်ပတ်ချင်ကြတယ်။ မြန်မာဟာ စင်ကာပူကို အမီလိုက်ဖို့မပြောနဲ့၊ ထိုင်းကို အမီလိုက်ဖို့ဆိုတာတောင် မလွယ်လှတော့ဘူး။ လက်ရှိအခြေအနေမှာ မီဖို့မပြောနဲ့၊ ပြတ်သည်ထက် ပြတ်မကျန်ခဲ့ရင် ကံကောင်းလှပဲ။

**ပညာရေးကောင်းအောင်ကြိုးစား**

အလုပ်အကိုင်ဘက်မှာ လူငယ်တွေအနေနဲ့ ဘယ်လို အလုပ်အကိုင်မျိုးတွေ လုပ်ချင်ကြသလဲ။ စာရေးသူအတွေ့အကြုံအရ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ကိုင်နေတဲ့ စာရေးသူကို လူငယ်အချို့က သူတို့လည်း နိုင်ငံတကာအဖွဲ့အစည်းတွေမှာ အလုပ်လုပ်လိုကြောင်း ပြောဆိုတာ မကြာမကြာကြုံဖူးတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ လစာကောင်းတယ်။ အခွင့်အရေးများတယ်။ ဂုဏ်ရှိတယ်ပေါ့။ ဘွဲ့ရပညာတတ် လူငယ်တစ်ယောက်ဟာ နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ လုပ်ကိုင်ဆောင်ရွက်ချင်တယ်ဆိုတာ မဆန်းလှပါဘူး။ ပညာရေးကောင်းအောင် ကြိုးစားပေါ့။ အင်္ဂလိပ်စာကောင်းအောင် ကြိုးစားပေါ့။ ဗဟုသုတကြွယ်ဝအောင် ကြိုးစားပေါ့။ တစ်နေ့ အခွင့်အလမ်းဆိုတာ ပေါ်လာလိမ့်မယ်။ ယေဘုယျ ဘွဲ့ရပညာတတ်တစ်ယောက်ဟာ အစိုးရအလုပ်လည်း လုပ်လို့ရတယ်။ အရာရှိဝင်ခွင့်စာမေးပွဲ ဖြေရတယ်။ အရင်က စာရေးသူတို့ ဖြေတုန်းကတော့ PSC လို့ အလွယ်ခေါ်တယ်။ အခုတော့ Union Civil Service Board လို့ခေါ်တယ်ထင်တယ်။ စာမေးပွဲသုံးခု ဖြေရတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ အထွေထွေဗဟုသုတဆိုပြီး သုံးဘာသာဖြေရတယ်။ ရေးဖြေအောင်ခဲ့ရင် နှုတ်ဖြေ၊ စိတ်ပိုင်းဆိုင်ရာ စမ်းသပ်၊ စစ်ဆေးချက်တွေလုပ်ရတယ်။ အခုလည်း ဖြေပုံ၊ ဖြေနည်းက သိပ်တော့မကွာလှဘူးထင်တယ်။ စိတ်ဝင်စားရင် (http://www.ucsb.gov.mm/) မှာ အသေးစိတ်လေ့လာလို့ရတယ်။ ဒါက အစိုးရအလုပ်အကိုင်ကိစ္စကို ဆွေးနွေးတာ ဖြစ်တယ်။

**နိုင်ငံတကာအဖွဲ့အစည်းများမှာ ပိုလုပ်ချင်**

နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ကိုင်ဆောင်ရွက်ခြင်းကိစ္စကိုဆွေးနွေးပါမယ်။ အစိုးရအလုပ်နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ အလုပ်ရဖို့ ဘယ်ဟာ ပိုခက်ခဲသလဲလို့ မေးကြတာရှိတယ်။ အစိုးရအလုပ် ဆိုတာတော့ စောစောကပြောသလို အရာရှိစာမေးပွဲကို ဆိုလိုတာပေါ့။ လူငယ်အများစုက အစိုးရအလုပ်ထက်ပိုပြီး အခွင့်အလမ်းများတဲ့ နိုင်ငံတကာအဖွဲ့အစည်းများဆီမှာ ပိုပြီးလုပ်ချင်ကြတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ချင်ရင် ပညာရေးကောင်းမွန်ဖို့လိုတာပေါ့။ ပညာရေးကောင်းတယ်ဆိုတာ ဘာလဲလို့ မေးစရာရှိတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ၊ UN လိုအဖွဲ့အစည်းတွေမှာ လုပ်ကိုင်နေတဲ့ အချို့သော မြန်မာဝန်ထမ်းတွေဟာ သူတို့ပညာရေးက သာမန်ပါပဲ။ ပြည်တွင်းမှာပဲ ကျောင်းပြီးတယ်။ ဘွဲ့ရတယ်။ အလုပ်လျှောက်တယ်။ အလုပ်ရတယ်။ နောက် လုပ်ကိုင်ဆောင်ရွက်ရင်း အဆင့်မြင့်တဲ့ ရာထူးတာဝန်တွေ ထမ်းဆောင်ကြတယ်။ အချို့လည်း အဖွဲ့အစည်းအတွင်းက အဆက်အသွယ်နဲ့အလုပ်ရကြတယ်။ အချို့လည်း အကြိမ်ကြိမ်လျှောက်ရင်း အလုပ်မရဘဲ လမ်းပျောက်သွားကြတာတွေရှိတယ်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် ထိုက်ထိုက်တန်တန် ရချင်တယ်ဆိုရင် ပြိုင်ဆိုင်မှုကတော့ ပြင်းထန်တယ်။ ဒီ့အတွက် ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်မှုရှိလေ ကောင်းလေပဲ။ကြိုတင်ပြင်ဆင်မှုဆိုတာ တစ်ဘွဲ့ကနေ နှစ်ဘွဲ့ရအောင် ကြိုးစားတာပေါ့။ ဘာသာစကားတစ်ခုကနေ နောက်ထပ် ဘာသာစကားတစ်ခု တတ်မြောက်အောင် လုပ်တာပေါ့။ အလုပ်တစ်နေရာကနေ အခြားတစ်နေရာကို ပြောင်းတာပေါ့။ ပညာရေးကောင်းလေ၊ အလုပ်အကိုင် အတွေ့အကြုံများလေ အခွင့်အလမ်းဆိုတာ များတတ်တယ်။ ပြည်တွင်းက နိုင်ငံတကာ အလုပ်အကိုင် အခွင့်အလမ်းများနဲ့ ပတ်သက်ပြီး ပိုမိုလေ့လာသိရှိလိုတယ်ဆိုရင် http://www.themimu.info/ jobs-for-myanmar-nationals မှာ သွားရောက်လေ့လာနိုင်ပါတယ်။ ဗန်ကောက်မြို့တော်အခြေစိုက် UN အလုပ်အကိုင်များကို သိရှိလိုတယ်ဆိုရင် http://www.unescap.org/jobs မှာ သွားရောက်လေ့လာနိုင်ပြီး ဂျကာတာမြို့တော်အခြေစိုက် အာဆီယံအဖွဲ့အစည်း(ASEAN) အလုပ်အကိုင်များကိုတော့ http://asean. org/ opportunities/ vacancies-asec/ မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ UN အလုပ်အကိုင်များကိုတော့ UN Careers (https://careers.un.org/ UN Careers)မှာ သွားရောက်လေ့လာနိုင်ပါတယ်။

**ရတဲ့အလုပ်ကို ဝင်ရောက်လုပ်ကိုင်ဖို့လို**

အစိုးရအလုပ်၊ နိုင်ငံတကာအဖွဲ့အစည်းအလုပ် စိတ်မဝင်စားတဲ့သူတွေအနေနဲ့လည်း ပြည်တွင်းကုမ္ပဏီတွေ၊ နိုင်ငံခြား ကုမ္ပဏီတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်ပါတယ်။ အလုပ်လျှောက်တယ်၊ မရဘူးဆိုတဲ့သူတွေ ညည်းညူတာ မကြာမကြာ ကြားဖူးပါတယ်။ စတိုးဆိုင်ဝန်ထမ်း၊ အရောင်းစာရေး၊ လုံခြုံရေးဝန်ထမ်း၊ ကားဆရာ အလုပ်မျိုးလျှောက်ရင်တော့ ပညာရေးက သိပ်အရေးမကြီးပါဘူး။ ဒါတောင် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကုမ္ပဏီကြီးတွေဆိုရင် အောက်ခြေဝန်ထမ်းခန့်အပ်ရင် ဘွဲ့ရလောက်မှ၊ အင်္ဂလိပ်စာကောင်းမွန်မှ ခန့်ချင်တာရှိပါတယ်။ အလုပ်လျှောက်လို့ မရဘူးဆိုတဲ့သူတွေက အကြိမ်ကြိမ်လျှောက်နေဖို့တော့ လိုပါတယ်။ လျှောက်နေစဉ်ကာလမှာ ကိုယ်လိုချင်တဲ့ အလုပ်ကို မရတောင် ရတဲ့အလုပ်ကို ဝင်ရောက်လုပ်ကိုင်ဖို့ လိုပါတယ်။ အလုပ်လုပ်နေစဉ်ကာလ ကိုယ့်အရည်အသွေးကို ဖြည့်ဆည်းနေရမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာကို ကိုယ့်ဘာသာလေ့လာလို့ရပါတယ်။ သင်တန်းတွေလည်း ရန်ကုန်တက္ကသိုလ်မှာ တက်လို့ရပါတယ်။ ဖြစ်နိုင်ရင် ပြည်တွင်းမှာတင် မာစတာဘွဲ့တစ်ခုလောက် ယူထားသင့်ပါတယ်။ အင်္ဂလိပ်စာအပြင် ကိုယ်နှစ်သက်တဲ့ အခြားဘာသာစကား တစ်မျိုးမျိုးကိုလည်း လေ့လာသင်ယူသင့်ပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းရင့်ကျက်တဲ့ သူတစ်ယောက်ဖြစ်လာမှာဖြစ်ပြီး အခွင့်အလမ်းတွေလည်း တိုးပွားလာမှာ ဖြစ်ပါတယ်။ နောက်ဆုံးဘာသာစကားတွေ လေ့လာရင်း တိုးဂိုက် (tour guide) လည်း ဖြစ်ချင်ဖြစ်သွားမယ်။ ဘာသာပြန်ဆရာ (translator) လည်း ဖြစ်သွားနိုင်တယ်။ အတိုင်ပင်ခံ အကြံပေးသူ (consultant) လည်း ဖြစ်ချင်ဖြစ်လာမယ်။ အိမ်ကနေလည်း အလုပ်လုပ်ရတာမျိုးရှိမယ်။ အချိန်ပိုင်းလုပ်တာမျိုးလည်းရှိမယ်။ အရာအားလုံးဟာ ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ ငယ်ရွယ်စဉ်ကိုယ်ဘယ်လောက်အထိ ကြိုးစားအားထုတ်ခဲ့သလဲ၊ အချိန်ကို ဘယ်လို အကျိုးရှိအောင် အသုံးချခဲ့သလဲဆိုတဲ့အပေါ်မှာ မူတည်တယ်။ Linkedin ဆိုတဲ့ အလုပ်အကိုင်ရှာဖွေတဲ့ လူမှုကွန်ရက်တစ်ခုရှိတယ်။ အဲဒီမှာသွားပြီး (https://www.linkedin.com) ကိုယ့်အချက်အလက်တွေကို ဖြည့်သွင်းထားပါ။ ဒါ့အပြင် ပြည်တွင်းကုမ္ပဏီ အလုပ်အကိုင်အခွင့်အလမ်းများကို(JobNet.com.mm) နဲ့ (JobsInYangon.com) မှာလည်း အခမဲ့ ရှာဖွေကြည့်ရှုနိုင်ပါတယ်။

**အောင်မြင်ဖို့အတွက် ရင်းနှီးမြှုပ်နှံ**

နောက်ထပ် အရေးကြီးတဲ့ အချက်တစ်ချက် ဆွေးနွေးပါမယ်။ ဘဘောတူ၊ မတူတော့မသိဘူး။ အောင်မြင်တယ်ဆိုတဲ့နေရာမှာ အားလုံးပါတယ်။ ရုပ်ရည်၊ ကိုယ်လုံးကိုယ်ပေါက်၊ အသားအရည်၊ အနေအထိုင် အပြုအမူအားလုံးပါတယ်။ အောင်မြင်ဖို့အတွက် အတွင်း (ပညာရေး) တင်မဟုတ်ဘူး။ အပြင် (စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ) လည်း ပါဝင်တယ်။ အားလုံး လန်းရမယ်။ ပုရင်လည်း လန်းရမယ်။ ရှည်ရင်လည်း လန်းရမယ်။ ညိုရင်လည်း လန်းရမယ်။ ဖြူရင်လည်း လန်းရမယ်။ ပိန်ရင်လည်း လန်းရမယ်။ ဝရင်လည်း လန်းရမယ်။ အချို့မှာ သဘာဝ အလှအပရှိတယ်။ အထူးသဖြင့် မိန်းကလေးတွေပေါ့။ သူတို့ဟာ ဆွဲဆောင်မှုရှိဖို့လိုတယ်။ သဘာဝကပေးတဲ့ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်ကို အောင်မြင်ရေးမှာ အသုံးချတတ်ရမယ်။ အချို့ဆို ဖြစ်သလိုနေတယ်။ ပျင်းရိပျင်းတွဲနေတယ်။ ဘဝကို စိတ်ကုန်နေသလိုလို နေလို့မဖြစ်ဘူး။ မိန်းကလေးတစ်ယောက်ရဲ့ အတွင်းစိတ်ဆိုတာ ခန့်မှန်းရခက်ပါတယ်။ လူ့လောကမှာ ရှင်သန်ချင်တယ်ဆိုရင် အရွယ်မလွန်ခင် ကြိုးစားအားထုတ်ဖို့လိုတယ်။ ပြင်ပြင်ဆင်ဆင်နေရမယ်။ ကောင်းကောင်းမွန်မွန် ပြုမူရမယ်။ ဒီလိုကောင်းမွန်တဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်ထွန်းစေဖို့ အစားအသောက်နဲ့လည်း ပြုပြင်ရမယ်။ လေ့ကျင့်ခန်းတွေ လုပ်ဆောင်ရမယ်။ အတွေးအခေါ်၊ ပြုမူနေထိုင်မှုစနစ်ကို ဂရုစိုက်ပြုရမယ်။ အားဖြစ်စေမယ့် အရာမှန်သမျှလုပ်ဆောင်ရမယ်။ ငယ်တုန်းမှာ အောင်မြင်ဖို့အတွက် ရင်းနှီးမြှုပ်နှံရမယ်။

**အချိန်မဖြုန်းကြပါနဲ့**

စာရေးသူ ပြည်ပနိုင်ငံတွေ မကြာမကြာ ရောက်ဖူးတယ်။ အာရှနိုင်ငံတွေဆိုလည်း မကြာမကြာရောက်ဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံတွေ၊ အာရှနိုင်ငံတွေက နိုင်ငံသားတွေ အသက် ၂၀ ကျော်၊ အသက် ၃၀ ကျော်ဆို တစ်ကိုယ်တော်ပဲဖြစ်ဖြစ်၊ အုပ်စုဖွဲ့ပြီးပဲဖြစ်ဖြစ် ကမ္ဘာပတ်နေတတ်ကြပြီ။ ဒီက မြန်မာလူငယ်တွေကတော့ အတွင်းမှာတင် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေကြတယ်။ လူငယ်တွေကို သတိပေးချင်တာ တစ်ခုပဲရှိတယ်ဗျာ။ ကမ္ဘာကြီးက တစ်နေ့တခြား ပိုပြီးကြမ်းတမ်းကျပ်တည်းလာနေတယ်။ မြန်မာနိုင်ငံသည်လည်း အခြေအနေကောင်းလှတာ မဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေက နိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားတွေအကြားမှာ ကွာဟချက်ကလည်း ကြီးသထက် ကြီးမားလာနေတယ်။ လက်ဖက်ရည်ဆိုင်တွေမှာ အချိန်မဖြုန်းကြပါနဲ့။ ဘီယာဆိုင်တွေမှာ အချိန်မဖြုန်းကြပါနဲ့။ ဖေ့စ်ဘုတ်တို့၊ ဆိုရှယ်မီဒီယာတွေနဲ့ အချိန်ဖြုန်းမနေကြပါနဲ့။ မတန်မဆ နိုင်ငံရေးတွေ ဆွေးနွေးပြီး ဟိုမရောက်၊ ဒီမရောက် အတင်းတွေတုတ်၊ အချိန်တွေကုန်၊ စိတ်ဓာတ်တွေ အောက်တန်းမကျကြပါစေနဲ့။ ပါးစပ်အငြိမ်မနေနိုင်ရင် ကွမ်းယာအစား အခြားအားဖြစ်စေမယ့် အရာတစ်ခုခု ပြောင်းလဲစားသုံးကြပါ။ ကိုယ့်မြန်မာလူငယ်တွေကို အောက်ကျ၊ နောက်ကျ မကျန်ခဲ့စေချင်ဘူး၊ ဒေသတွင်း အိမ်နီး ချင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းချင်တယ်ဆိုရင်၊ တစ်နည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်းလိုချင်တယ်ဆိုရင် ကိုယ့်ဘက်က အများကြီး ပြင်ဆင်အားထုတ်ဖို့လိုပါ တယ်၊ ပေးဆပ်ဖို့လိုပါတယ်၊ ရင်းနှီးမြှုပ်နှံဖို့လိုပါတယ်ဆိုတာတင်ပြရင်း ဒီဆောင်းပါးကို နိဂုံးချုပ်တယ်ဗျာ။

# ပုဂံယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**ညောင်ဦး မေ ၆**

ပုဂံယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



သတင်းစာရှင်းလင်းပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်တွင် တင်ပြချက်စာတွဲ(၁)မူကြမ်း (Nomination Dossier) ကို တင်သွင်းရမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် တင်ပြစာတွဲ (Nomination Dossier) နှင့် စီမံခန့်ခွဲမှု အစီအစဉ်စာတွဲ(၂) (Management Plan) တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ထိုသို့တင်သွင်းအပြီး ပုဂံယဉ်ကျေးမှုဒေသသို့ (ICOMOS)မှ လာရောက်စစ်ဆေးမည်ဖြစ်ပြီး ဒေသခံလူထုသဘောထားများပါ မေးမြန်းမည်ဖြစ်ပါကြောင်း။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းအား ၁၉၉၆ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပုဂံဒေသကို ၂၀၁၇- ၂၀၁၈ ခုနှစ် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်က ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်သည့်အခါ မမြင်ရသည့်အကျိုးအမြတ်အနေဖြင့် အမျိုးသားရေးဂုဏ်သိက္ခာဖြစ်ပါကြောင်း၊ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ယခုနှစ်တွင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကိစ္စနှောင့်နှေးကြန့်ကြာခဲ့မည်ဆိုလျှင် အမျိုးသားရေးဂုဏ်သိက္ခာဆိုင်ရာ အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးရမည်ဟုမှတ်ယူရမည်ဖြစ်ကြောင်း။

ရှေးဘိုးဘွားများ နှစ်ပေါင်းထောင်ချီတည်ဆောက်ခဲ့၍ ယဉ်ကျေးမှုအမွေအနှစ်များကို ဒေသခံများဖြစ်ကြသည့် သားစဉ်မြေးဆက်များက ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် ကမ္ဘာ့ဒေသအနှံ့အပြား၌ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရချိန်ဖြစ်၍ နောင်နှစ်ပေါင်းများစွာကြာမြင့်လာချိန်တွင် မြေပေါ်၊ မြေအောက်ရှိ ရှေးဟောင်းအမွေအနှစ်များ တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းနိုင်သည့် အခြေအနေရှိမည်မဟုတ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခြင်းအားဖြင့် ပုဂံဒေသရှိယဉ်ကျေးမှုအမွေအနှစ်များကို UNESCO နှင့် UNESCO အဖွဲ့ဝင် ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံများ၊ အလှူရှင် နိုင်ငံများ၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးကူညီမှုများ ရရှိမည်ဖြစ်ကြောင်း။

၂၀၁၈ ခုနှစ်တွင် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကိုလည်း UNESCO သို့ ယာယီအမည်စာရင်းတင်သွင်းသွားမည်ဖြစ်ကြောင်း၊ ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေသည် ခေတ်ကာလနှင့် လိုက်လျောညီထွေ မဖြစ်တော့သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုက်နာနိုင်ရေး ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ အလားတူ ပုဂံဒေသဇုန် ပြင်ဆင်သတ်မှတ်ပြဋ္ဌာန်းခြင်း မဆောင်ရွက်နိုင်ပါက ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည့် တင်ပြစာတွဲများရေးသားရန် ကျန်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်၍ မရနိုင်ကြောင်းနှင့် အချိန်မီတင်သွင်းနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးလုပ်ငန်းများ၊ ပုဂံဒေသအတွင်း ငလျင်ဒဏ်ခံဘုရားများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် UNESCO မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့ကျင်းပသော ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် နယ်နိမိတ်သတ်မှတ်ခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ UNESCO မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**နိုင်လင်းကြည်**




# တရားရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ Criminal Analysing Skill Training သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး ရည်မှန်းချက်များ ချမှတ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ တတိယနှစ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နယ်ပယ်ကြီး (၅)ရပ်တွင် ကဏ္ဍအလိုက် ပြောင်းလဲမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်း၍ တရားသူကြီးများအား ထိရောက်သော သင်ကြားမှုနည်းစနစ်များဖြင့် စွမ်းဆောင်ရည်တိုးတက်ရန် သင်တန်းပေးလျက်ရှိကြောင်း၊ ယခုသင်တန်းမှာ တရားစီရင်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများ၊ အတွေ့အကြုံများကို မျှဝေပေးသည့် သင်တန်းဖြစ်ကြောင်း သင်တန်းဖွင့်အမှာစကားပြောကြားပြီး UNDP မှ Rule of Law Officer Mr. Leo Twiggs က မိတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ ခရိုင်အဆင့် တရားသူကြီး ကိုးဦး၊ မြို့နယ်အဆင့်တရားသူကြီး ၂၁ ဦးတို့ကို မေ ၇ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၆**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့ ချောက်မြို့နှင့် မြင်းမူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ ကလေးဝမြို့ မုံရွာမြို့ မင်းကင်းမြို့ ရေဦးမြို့ ညောင်ဦးမြို့ ဂန့်ဂေါမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်ရှိ ပုပ္ပားကုန်းရပ်ကွက်အတွင်း ပြောင်းရွှေ့ရောက်ရှိလာမည့် လွှဲကြီးကျေးရွာမှ အိမ်ထောင်စု ၅၁ စုအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို မေ ၅ ရက် နံနက် ၁၁ နာရီက ပုပ္ပားကုန်းရပ်ကွက်၌ ပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ရွှေ့ပြောင်းအိမ်ထောင်စုများအား စနစ်တကျပြောင်းရွှေ့နေရာချထားမှုနှင့် သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးအပ်မှုများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြောင်းရွှေ့အိမ်ထောင်စုများအတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ် ၅၁ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၅၁ သိန်း၊ ဆန်ရိက္ခာဖိုးငွေကျပ် ငါးသိန်းကျော်နှင့် ထောက်ပံ့ပစ္စည်းကိုးမျိုးပါဝင်သော ပုံး ၅၁ ပုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာမီးအိမ် ၅၁ လုံးနှင့် အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ထောက်ပံ့ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြောင်းရွှေ့အိမ်ထောင်စုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး အဆိုပါအိမ်ထောင်စုများအတွက် မြေကွက်ဖော်ထုတ်ထားရှိမှုအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်



**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး နေပြည်တော်၌ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများကို နှစ်ကြိမ်ခွဲ၍ သင်တန်းများ ဖွင့်ပေးခဲ့ပြီး အဆိုပါစီမံချက် ပထမနှစ်တွင် မိသားစုအတွင်း အဓိကအရေးပါသော ကဏ္ဍကြီး (၅)ရပ်ဖြစ်သည့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရမျှတရေးနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေး ကဏ္ဍာများဖြစ်ပြီး ကျေးရွာ ၉၀ တွင် စတင်ဆောင်ရွက်သွားမည် ဖြစ်သည်။

သင်တန်းသူများက စီမံချက်ပြုလုပ်မည့် ကျေးရွာများရှိ စေတနာ့ဝန်ထမ်းအမျိုးသမီးများကို ရွေးချယ်၍ ပြန်လည်ဆင့်ပွားသင်တန်း ပို့ချပေးရန်ဖြစ်ပြီး ၎င်းတို့တာဝန်ယူရမည့် အိမ်ထောင်စု ၁၀ စုစီတွင် သင်တန်းက ချမှတ်ပေးသည့် အချက်အလက် အသိပညာများဖြင့် အလေ့အကျင့်ကောင်းများ ရရှိသွားစေရန်၊ ကျေးရွာတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်နှင့် အမျိုးသမီးရေးရာ အဖွဲ့တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်သွားမည်ဖြစ်ကြောင်း ယင်းကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲသို့ ဂုဏ်ထူးဆောင်နာယက၊ နာယက၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသူများ တက်ရောက်ကြသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

# ၂၀၁၇ ဘက်စုံပညာထူးချွန်လူငယ်ခရီးစဉ်အတွင်း ပါဝင်ကူညီဆောင်ရွက်ကြသူများ၏ ရင်တွင်းစကားသံများ

၂၀၁၇ ဘက်စုံပညာထူးချွန်လူငယ်များသည် အင်းလေးဒေသ၏ သဘာဝလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ပကတိရိုးသားမှု၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်းများကို လေ့လာခွင့်ရရှိခဲ့ပြီး ထူးခြားရှားပါးသည့် ငွေထည်လုပ်ငန်းကိုလည်း လေ့လာခွင့်ရခဲ့ကြသည်။ ထို့နောက် ညောင်ရွှေမြို့နယ်ရှိ တာဝန်ရှိသူများ၏ အားကြိုးမာန်တက် ဘက်စုံပညာထူးချွန်လူငယ်များ မောင်မယ်များ သွားလာရေးအဆင်ပြေစေရန်၊ လုံခြုံမှုရှိစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကူညီနိုင်ရန် အဘက်ဘက်မှ လိုလေသေးမရှိ ဆောင်ရွက်ထားရှိသည်များကိုလည်း တွေ့ခဲ့ရသည်။


ဦးမြင့်အောင်


ဦးစောထွန်းဦး


ရဲမှူး မြင့်စိုး


ဒေါ်နော်ဝါးဝါးထူး


မနန်းအိဝေလွင်


မသက်ယုစံ

ထိုကဲ့သို့ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများ၏ ရင်တွင်းစကားသံများနှင့် ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ဤသို့ကြားသိခဲ့ရသည်။

**ဦးမြင့်အောင် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး (ခေါင်းတိုင်လူရည်ချွန်စခန်းမှူး)**

ဒီကလေးတွေကို မှာချင်တာက နောင်အနာဂတ်ကြီးပြင်းလာတဲ့အခါ အခုလိုလေ့လာရေးခရီးတွေသွားခဲ့တဲ့ ဗဟုသုတတွေ၊ အတွေ့အကြုံတွေ၊ လူနေမှုဘဝတွေကို မြင်တွေ့ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ခင်ကြဖို့ တိုက်တွန်းလိုပါတယ်။ စခန်းတွင်းနေထိုင်ကြစဉ် မိမိကင်းစိတ်အဖွဲ့လိုက်မှ စခန်းတစ်ခုလုံးအထိ စည်းစည်းလုံးလုံးနဲ့ နေတာကိုလည်း တွေ့ရပါတယ်။ စခန်းတွင်းနေထိုင်စဉ်ကာလအတွင်းမှာ ရရှိလာမယ့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ဖို့၊ အင်းလေးဒေသရဲ့ဓလေ့ရိုးရာ၊ ခနုဒေသရဲ့ ဓလေ့ရိုးရာ၊ ပအိုဝ်းဒေသရဲ့ ဓလေ့ရိုးရာတွေကို လေ့လာပြီး နောင်အနာဂတ်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမယ့် အကြီးအကဲတွေဖြစ်လာတဲ့အခါ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားကြပါလို့ ပြောလိုပါတယ်။

**ဦးစံလင်း (စိန်သမာဓိ၊ ရွှေငွေပန်းထိမ်လုပ်ငန်း၊ ဟဲယာရွာမ၊ အင်းလေး)**

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း စတင်ကတည်းက ကျွန်တော့်ရဲ့စိန်သမာဓိ ရွှေငွေပန်းထိမ်လုပ်ငန်းကို လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာခဲ့ကြပါတယ်။ နောင်တစ်ခေတ်မှာ နိုင်ငံတော်ကိုအကျိုးပြုမယ့် လူငယ်တွေကို အခုကတည်းက စနစ်တကျမွေးထုတ်ပေးတဲ့ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနတို့ကို ပြည်သူတစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့လုပ်ငန်းဟာ တစ်ပိုင်တစ်နိုင် လုပ်ငန်းတစ်ခုဖြစ်ပြီး ကျွန်တော်တို့ရဲ့မိရိုးဖလာလုပ်ငန်းကို ပြသခွင့်ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးစောထွန်းဦး (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်ရွှေမြို့နယ်)**

ဘက်စုံပညာထူးချွန်လူငယ်တွေ ကျွန်တော်တို့ဒေသကို လာရောက်တဲ့အခါမှာ စိတ်လည်းအပန်းပြေစေရမယ်၊ သဘာဝပတ်ဝန်းကျင်အနေနဲ့ အင်းလေးရဲ့အလှကိုလည်း ခံစားနိုင်ရမယ်၊ နောက်တစ်ခါ အင်းလေးဒေသရဲ့ ရိုးရာနေထိုင်မှုပုံစံတွေ၊ ရိုးရာယဉ်ကျေးမှုတွေလည်း လေ့လာစေရမယ်၊ ကျန် သိသင့်သိထိုက်တဲ့ပညာတွေ၊ လေ့လာစရာတွေကို အချိန်တိုအတွင်းမှာ သိရှိလေ့လာခွင့်ရအောင် ကျွန်တော်တို့ ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

**ရဲမှူး မြင့်စိုး (မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ညောင်ရွှေမြို့နယ်)**

ဘက်စုံပညာထူးချွန်လူငယ်များ လေ့လာရေးခရီးစဉ်မှာ လုံခြုံရေးအပိုင်းကို အဓိကထားဆောင်ရွက်ပေးခဲ့ပါတယ်။ ခရီးစဉ်မှာ ဘက်ပေါင်းစုံအဆင်ပြေစေဖို့ ဘက်ပေါင်းစုံက ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ အရာရှိ ၂၀ ၊ အခြားအဆင့် ၈၂ ဦး၊ ပေါင်း ၁၀၂ နဲ့ လုံခြုံရေးဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာ အခက်အခဲမရှိပါဘူး။ ဌာနဆိုင်ရာတွေအားလုံးနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဒေသကို ဘက်စုံပညာထူးချွန်လူငယ်တွေ အခုလို လာရောက်လေ့လာအပန်းဖြေမှုအပေါ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါတယ်။

**ဒေါ်နီနီတင် (မြို့နယ်ပညာရေးမှူး၊ ညောင်ရွှေမြို့နယ်)**

ညောင်ရွှေမြို့နယ်မှာ ဒီဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(အင်းလေး)ဖွင့်လှစ်ခဲ့တာ ငါးနှစ်ပြည့်ပြီဖြစ်ပါတယ်။ ကျွန်မအနေနဲ့လည်း ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်းကို နှစ်စဉ်နှစ်တိုင်း တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ ထူးချွန်လူငယ်တွေ အင်းလေးအပန်းဖြေစခန်းကို လာရောက်အပန်းဖြေတဲ့အခါမှာ အားလုံးပျော်ရွှင်ကြပါတယ်။ ထူးချွန်လူငယ်တွေလည်း ကျေနပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဂုဏ်လည်းယူပါတယ်။

**ဦးခဲန်ကျုံးထန် (ကြီးကြပ်) အထက်တန်းပြ၊ အထက(၁) ဟားခါးမြို့ ချင်းပြည်နယ်**

ဘက်စုံထူးချွန်လူငယ်တွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တိုင်းရင်းသား ပေါင်းစုံပါတယ်။ တိုင်းရင်းသားပေါင်းစုံပါတဲ့အတွက်ကြောင့် တစ်ယောက်နဲ့တစ်ယောက် သူ့ယဉ်ကျေးမှု ကိုယ့်ယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရပါတယ်။ အချင်းချင်းလည်း ရင်းနှီးခွင့်ရတယ်ပေါ့နော်။ ရင်းနှီးခွင့်ရလာတဲ့အတွက်ကြောင့် တိုင်းပြည်အတွက်လည်း ပိုပြီးအကျိုးပြုလာနိုင်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ နေရေးထိုင်ရေးတွေကိုလည်း ဟူပင်ဟိုတယ်မှာ စီစဉ်ပေးတဲ့အတွက်ကြောင့် အဆင်ပြေပါတယ်။

**ဒေါ်နော်ဝါးဝါးထူး (ကြီးကြပ်)အထက်တန်းပြဆရာမ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်**

ကျွန်မတောင် တော်တော်ပျော်ရွှင်ရတာ ကျောင်းသားကျောင်းသူလေးတွေက ကျွန်မထက် ပိုပြီး ပျော်ရွှင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီနေရာကို ကျွန်မတစ်ခါမှ မရောက်ဖူးပါဘူး။ အခုပထမဆုံးအကြိမ် ရောက်ဖူးတဲ့အနေနဲ့ ဗဟုသုတ အများကြီးရရှိပါတယ်။ ကိုယ့်ဒေသနဲ့ အတော်လေးကွာခြားပါတယ်။ ဒီက လူတွေက စည်းလုံးမှုရှိတယ်။ အဘက်ဘက်ကလည်း ပြည့်ပြည့်စုံစုံနဲ့ ကြိုဆိုကြပါတယ်။ လူရည်ချွန်ကလေးတွေဟာလည်း စည်းကမ်းအလွန်ကောင်းမွန်ကြပါတယ်။ ဉာဏ်စမ်းပုဒ်စာတွေကို အုပ်စုခွဲပြီး ဖြေကြတဲ့အခါ အလွန်တော်ကြပါတယ်။

**ဒေါက်တာဘန်းမြင့်မောင် (ဦးစီးအရာရှိ) (Oral Health)၊ ညောင်ရွှေပြည်သူ့ဆေးရုံကြီး**

ကျွန်တော်က Medical Cover အနေနဲ့လာတာဖြစ်ပါတယ်။ ဧပြီ ၂၉ ရက်ကနေ ဧပြီ ၃၀ ရက်အထိက ကျွန်တော်တို့တာဝန်ယူထားပါတယ်။ ဒီအတွင်းမှာ အစာမစားတာ၊ ညမအိပ်တာ ကလေးတစ်ယောက်တော့ ဆေးကုသပေးရပါတယ်။ ဒီကလေးက ဟိုက်ပိုလို့ခေါ်တဲ့ အစာမစားတာ၊ ညမအိပ်တာပေါ့။ လမ်းမှာလည်း ဘာမှမစားခဲ့တော့ ဟိုက်ပိုဖြစ်သွားတာပါ။ လမ်းမှာဖြစ်လာတဲ့ အဲဒီကလေးတစ်ယောက်ပဲ ရှိပါတယ်။ တခြားသူတွေ မရှိပါဘူး။

**မနန်းအိဝေလွင် (နှစ်ထပ်ကွမ်းလူရည်ချွန်) အထက (၁) လပ္ပတ္တာမြို့**

နောင်နှစ် ငွေဆောင်မှာ သူငယ်ချင်းတွေနဲ့ အားလုံးအတူတူ ပြန်ဆုံချင်ပါသေးတယ်။ အခုကစပြီး နောင်နှစ်အတွက် ပြန်လည်ပြင်ဆင်မှုတွေလည်းလုပ်ပါတော့မယ်။ လူရည်ချွန်တွေဆိုတာ နိုင်ငံကအားထားရတဲ့ ကြယ်ပွင့်လေးတွေပါ။ နိုင်ငံတော်က အားထားသလို သမီးတို့လည်း နောင်တစ်ချိန်မှာ နိုင်ငံ့အတွက် အားထားရတဲ့သူတစ်ယောက်ဖြစ်အောင် ကြိုးစားမှာပါ။ သူငယ်ချင်းတွေနဲ့လည်း နောက်နှစ်ပြန်ဆုံမယ်ဆိုပြီး ကတိတွေ အကြိမ်ကြိမ်ပြုခဲ့ကြပါတယ်။

**မသက်ယုစံ (အထက-၁) မအူပင်၊ ဧရာဝတီတိုင်းဒေသကြီး**

နောင်နှစ်လည်း လူရည်ချွန်ဖြစ်အောင် သမီး ဆက်ပြီး ကြိုးစားသွားမှာပါ။ နောင်တစ်ချိန် နိုင်ငံတော်ကို အကျိုးပြုဖို့ သမီးဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ အဲ့ဒီတော့ ဆေးကျောင်းဝင်အောင် ကြိုးစားပြီး နိုင်ငံအတွက် ဆရာဝန်ကောင်းတစ်ယောက်ဖြစ်အောင်၊ ပြည်သူတွေကို အကျိုးပြုမယ့် နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

**တွေ့ဆုံမေးမြန်း - ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊**
**နေမျိုးသူရိန်၊ ဓာတ်ပုံ-ဇော်ဘီ**

# တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တားမြစ်ညွှန်ကြားချက်ကို မလိုက်နာဘဲ ငါးကန်တူးဖော်နေသည်ကို ဒေသခံများက လူထုအင်အားဖြင့် တားမြစ်ခဲ့ရမှု ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူနယ်စပ်တွင်ဖြစ်ပွား




**ညောင်တုန်း မေ ၆**

ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ သုံးမြို့နယ်နယ်စပ်ရှိ ဂရန်အမည်ပေါက်အင်းမကြီးများ၊ အင်းလက်တက်များ၏ နယ်နိမိတ်များနှင့် လယ်ယာမြေများ၊ လမက်တောမြေများအတွင်း အေရှားမိုက်ကုမ္ပဏီက စက်ယန္တရားကြီးများဖြင့်ငါးကန်များ တူးဖော်နေမှုကို ဒေသခံတောင်သူလယ်သမားများ၊ ကျပန်းအလုပ်သမားများ၊ ရေလုပ်သားများ၏တိုင်ကြားချက်အရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကစစ်ဆေးမှုများပြုလုပ်ပြီး တရားမဝင်ငါးကန်များ တူးဖော်နေမှုကို ရပ်ဆိုင်းထားရန် အမိန့်ကြော်ငြာစာဖြင့် တားမြစ်ခဲ့ပြီး မအူပင်ခရိုင် အုပ်ချုပ်ရေးမှူးခေါင်းဆောင်သော သုံးမြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြေစာရင်းဦးစီးဌာနများနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ကလည်း ဧပြီ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးကာ မမှန်မကန် တရားမဝင်ငါးကန်များတူးဖော်နေခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် တားမြစ်ခဲ့ကြောင်း သိရသည်။

တရားမဝင် ငါးကန်များတူးဖော်နေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်ကြိမ်၊ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် သုံးမြို့နယ်စလုံးမှ တာဝန်ရှိသူများပါဝင်သော စစ်ဆေးရေးအဖွဲ့က တစ်ကြိမ် တားမြစ်ခဲ့သော်လည်း လိုက်နာခြင်းမရှိသည့်အပြင် စက်ယန္တရား ရှစ်စီးဖြင့် ထပ်မံတိုးမြှင့်တူးဖော်သဖြင့် ဒေသခံတောင်သူလယ်သမားများ၊ ရေလုပ်သားများ၊ ကျပန်းအလုပ်သမားများက မခံမရပ်နိုင်ဖြစ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တားမြစ်ညွှန်ကြားချက်ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ မေ ၄ ရက် နံနက် ၁၀ နာရီခန့်က ငါးကန်များ စက်ယန္တရားများဖြင့် တူးဖော်နေရာသို့ သွားရောက်ကာ လူထုအင်အားဖြင့် တားမြစ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"သူတို့တစ်တွေက အင်အားသုံးပြီး လုပ်နေကြတယ်။ ကျွန်တော်တို့ဒေသခံတွေအဖို့ လုပ်စားစရာနေရာ မကျန်တော့ဘူး။ နေရာတိုင်းမှာကန်တွေ ဖြစ်ကုန်ပြီ။ သူတို့ကိုယ်ကျိုးအတွက် ပဲကြည့်ကြတယ်" ဟု တားမြစ်မှုတွင် ပါဝင်ခဲ့သူတစ်ဦးက ပြောသည်။

ထိုသို့ဖြစ်ပွားနေစဉ် မွန်းလွဲ ၃ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းနှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး အေရှားမိုက်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံသုံးမြို့နယ်စလုံးမှ ကန့်ကွက်တားမြစ်သူ ကိုယ်စားလှယ်များနှင့် ညောင်တုန်းမြို့နယ် ဆင်ထုံးကျေးရွာအုပ်ချုပ်ရေးမှူး ရုံးတွင် တွေ့ဆုံကာ တရားမဝင်ငါးကန်များ တူးဖော်မှုကို ရပ်တန့်ထားရန် ထပ်မံတားမြစ်ခဲ့ရကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ဘူးသီးတောင်မြို့ဖွံ့ဖြိုးသာယာရေးစည်ပင်သာယာက ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော်သုံးစွဲမည်

**သတင်း- မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်)**
**ဓာတ်ပုံ- မောင်မောင်သန့် (ကြေးမုံ)**

**ဘူးသီးတောင် မေ ၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် မြို့သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ပြည်နယ်အစိုးရ ဦးဆောင်စီစဉ်ကြီးကြပ်မှုဖြင့် လုပ်ဆောင်လျက်ရှိရာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းလုပ်ငန်းများသုံးစွဲမှုအနေဖြင့် ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော်ကို မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်သုံးစွဲသွားမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ဒီနှစ် ဘူးသီးတောင်မြို့ သာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေအတွက် ကျွန်တော်တို့ စည်ပင်သာယာအဖွဲ့အနေနဲ့ ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော် သုံးစွဲသွားဖို့ရှိပါတယ်။ ဒါက စည်ပင်သာယာအဖွဲ့ပိုင်အနေနဲ့သုံးစွဲမှာပါ။ ပြည်နယ်အစိုးရက ချထားပေးမယ့် ဘတ်ဂျက်ငွေ မပါသေးပါဘူး။ စည်ပင်သာယာအဖွဲ့ပိုင်ငွေကိုတော့ လောလောဆယ် အခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပေါင်း ၂၃ ခုကို အကောင်အထည်ဖော်လုပ်ဆောင်သွားဖို့ လျာထားပြီးပါပြီ။ ပြည်နယ်အစိုးရကတော့ သုံးစွဲဖို့ငွေ ဘယ်လောက်ချပေးမယ်၊ လုပ်ငန်းဘယ်နခုအကောင်အထည်ဖော်မယ်ဆိုတာကိုတော့ ကျွန်တော်တို့ မသိသေးပါဘူး"ဟု ဘူးသီးတောင်မြို့စည်ပင်သာယာရေးအဖွဲ့မှူး ဦးခင်မောင်သန်း(ဦးစီးအရာရှိ) ကပြောသည်။

မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် ယခင်နှစ်ဘတ်ဂျက်က မြို့သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် ပြည်နယ်အစိုးရက လုပ်ငန်းခြောက်ခုအတွက် ငွေကျပ် ၃၂၆ ဒသမ ၆၇၅ သန်း၊ စည်ပင်သာယာအဖွဲ့ပိုင် ရန်ပုံငွေမှ လုပ်ငန်း ၂၂ ခုအတွက် ငွေကျပ် ၃၁၆ ဒသမ ၆၅၆ သန်း စုစုပေါင်းငွေကျပ် ၆၄၃ ဒသမ ၃၃၁ သန်းကို သုံးစွဲခဲ့သည်။ ယင်းငွေများဖြင့် ဈေး၊ တံတား၊ မြေထိန်းနံရံ၊ ရေပိုက်လိုင်းသစ် သွယ်တန်းမှု၊ မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်း စသည့် မြို့သာယာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ယခုနှစ်တွင် ဘူးသီးတောင်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာအဖွဲ့ပိုင် ရန်ပုံငွေအနေဖြင့် ငွေလုံးငွေရင်းများ လျာထားမှုမှာ ငွေကျပ်သိန်းပေါင်း ၂၆၀၀ ကျော်ကို ခန့်မှန်းကုန်ကျငွေ လျာထားသော်လည်း အမှန်တကယ်သုံးစွဲမည့် ငွေပမာဏမှာငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော်သာသုံးစွဲသွားမည်ဖြစ်သည်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုနှစ်တွင်မူ လုပ်ငန်းပေါင်း ဘယ်လောက်ချထားပေးမည်၊ ငွေဘယ်လောက် သုံးစွဲခွင့်ပြုမည်ကိုမူ မသိရှိသေးကြောင်း ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ယခု ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် မြို့သာယာဖွံ့ဖြိုးရေးအတွက် ငွေလုံးငွေရင်းလျာထားမှုများကို ပထမသုံးလပတ်၊ ဒုတိယသုံးလပတ်၊ တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်ဟူ၍ အပိုင်းလိုက် ခွဲခြားလုပ်ဆောင်သွားမည်ဖြစ်ပြီး ပထမသုံးလပတ်တွင် မြို့ပတ်လမ်းကျောက်ချောခင်းခြင်း၊ မင်းဖလောင်းလမ်းတံတားအမှတ်(၂)တည်ဆောက်ခြင်း၊ ကမ်းနားလမ်းသစ် RC တံတားအမှတ်(၁) တည်ဆောက်ခြင်းစသည့်ဖြင့် လုပ်ငန်းငါးခု၊ ဒုတိယသုံးလပတ်တွင် ဦးမြဝါလမ်း RC တံတားတည်ဆောက်ခြင်း၊ ဗန္ဓုလ RC တံတားအမှတ်(၁)နှင့် (၂) တည်ဆောက်ခြင်း၊ မေဃဝတီလမ်းတံတားအမှတ် (၃) တည်ဆောက်ခြင်း၊ အမှတ်(၅)နှင့် အမှတ်(၆) ရေတွင်း အမိုးမိုးခြင်းများ စသည်ဖြင့် လုပ်ငန်းပေါင်း ၁၂ ခု၊ တတိယသုံးလပတ်တွင် ကန်တော်ကြီး အမှတ်(၁)နှင့် အမှတ်(၂) ရေပိုက်လိုင်းများအစားထိုးလဲလှယ်ခြင်းနှင့် ရေပိုက်လိုင်းသစ် အရှည်ပေ ၁၃၀၀ ကျော် တိုးချဲ့သွယ်တန်းခြင်း၊ ဥက္ကာပျံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြစိမ်းရောင်လမ်းကျောက်ချောခင်းခြင်းစသည်ဖြင့် လုပ်ငန်းငါးခုနှင့် စတုတ္ထသုံးလပတ်တွင် ကန်တော်ကြီးပန်းခြံသစ် တည်ဆောက်ခြင်း၊ အင္ဂမော်လမ်း(မြို့တွင်းပိုင်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မင်းစောမွန်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းစသည်ဖြင့် လုပ်ငန်းလေးခုတို့ကို မြို့သာယာဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနမှ သိရသည်။



ဘူးသီးတောင်မြို့လယ်ကောင် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

# ဘူးသီးတောင်မြို့ သာယာလှပရေး ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်

**သတင်း- မောင်စိန်လွင်**
**လှကျော်(ဘူးသီးတောင်)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

**ဘူးသီးတောင် မေ ၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ သာယာလှပရေး ပြည်သူနှင့်ဝန်ထမ်းများ ပူးပေါင်းပါဝင်ကာ အမှိုက်ကောက်ရှင်းလင်းဆောင်ရွက်မှုကို ယနေ့နံနက် ၇ နာရီတွင် ဘူးသီးတောင်မြို့ မေယုလမ်းမပေါ်နှင့် အခြေခံပညာအထက်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဘူးသီးတောင်မြို့ သာယာလှပရေး မြို့သန့်ရှင်းရေးလုပ်ငန်း အမှိုက်ကောက်ရှင်းလင်းခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပခြင်း ဖြစ်သည်။ အပတ်စဉ် စနေနေ့တိုင်း တစ်လလေးကြိမ်နှုန်းဖြင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများနှင့် ပူးပေါင်းပါဝင်ကာ လုပ်ဆောင်သွားမည်ဖြစ်ပြီး ယနေ့ပထမဆုံးနေ့တွင် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်မှုနည်းခဲ့သည်။ ယခု ၂၀၁၇ ခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပသော ဘူးသီးတောင်မြို့ သာယာလှပရေး ပြည်သူနှင့်ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုတွင် အမှိုက်ကောက်ရှင်းလင်းရေး ပါဝင်ဆောင်ရွက်မှုအင်အားမှာ စုစုပေါင်းဦးရေ ၂၀၀ ခန့်သာရှိပြီး အများစုမှာ ဌာနဆိုင်ရာဝန်ထမ်းများဖြစ်သည်။ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနည်းခဲ့ပြီး အရေအတွက်အားဖြင့် ၂၀ ဝန်းကျင်ခန့်သာ ပါဝင်ခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော မြို့သန့်ရှင်းသာယာလှပရေး အမှိုက်ကောက်ရှင်းလင်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သော အမှတ်(၁)ရပ်ကွက်မှ ကိုဇော်မျိုးထွန်းက "ကျွန်တော် ဒီနေ့နံနက် သူငယ်ချင်းတွေနဲ့ အမှိုက်ကောက်ရှင်းလင်းရေးမှာ ပါဖို့ အုပ်ချုပ်ရေးမှူးက ပြောပါတယ်။ ဒါနဲ့ အခုလို သူငယ်ချင်းတွေရော ပါဝင်ပြီးတော့ အမှိုက်ကောက်ဖြစ်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ မြို့ပေါ်အမှိုက်ကောက်ရှင်းလင်းရေးဆောင်ရွက်မှုမှာ ပူးပေါင်းပါဝင်တာ ဒါပထမဦးဆုံးဖြစ်ပေမယ့် နောက်အပတ်တွေမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ စိတ်ကူးရှိပါတယ်။ ကျွန်တော့်လိုပဲ အခုလို မြို့သာယာလှပရေးအတွက် တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက အသိစိတ်ဓာတ်နဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်လာရင် ပိုကောင်းမယ်လို့ မြင်ပါတယ်။ ဒီနေ့ပထမဆုံးလုပ်တာဖြစ်တော့ ဌာနဆိုင်ရာတွေက များပြီး ပြည်သူတွေပူးပေါင်းပါဝင်မှုက နည်းနေသေးတာတွေ့ရတယ်"ဟု သူ့အမြင်ကို ပြောသည်။

ဘူးသီးတောင်မြို့ပေါ် မြို့သန့်ရှင်းသာယာလှပရေးကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြီးခဲ့သော ၂၀၁၆ ခုနှစ်ကလည်း သုံးကြိမ်တိုင်ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်မူ အပတ်စဉ် စနေနေ့တိုင်း တစ်လလေးကြိမ်နှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယနေ့တွင်မူ မေယုလမ်းတစ်လျှောက်နှင့် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရှင်းလင်းဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်တွင် မင်းထီးလမ်းမှ အေးစေတီဘုန်းကြီးကျောင်းအထိလည်းကောင်း၊ မေ ၂၀ တွင် ဗိုလ်ချုပ်လမ်းနတ်ပင်ရင်းခွဆုံမှ သဘော်ဆိပ်အထိလည်းကောင်း၊ မေ ၂၇ ရက်တွင် မင်းဘာကြီးလမ်း တရားရုံးရှေ့မှ အလိုတော်ပြည့် ဘုန်းကြီးကျောင်းအထိလည်းကောင်း ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းကာ ယခုကဲ့သို့ တစ်လတာအတွင်း မြို့တွင်းသာယာလှပရေးအတွက် အမှိုက်များကို ကောက်ယူရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဘူးသီးတောင်မြို့၌ ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အမှိုက်ကောက်ရှင်းလင်းနေစဉ်

# ညောင်တုန်းမြို့ မြစ်ကမ်းပါးကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

**ညောင်တုန်း မေ ၆**

ဧရာဝတီမြစ်ရေ ရေကြောင်းထိုးလာခြင်း၊ ပန်းလှိုင်မြစ်ရေတိုက်စားခြင်းများကြောင့် ညောင်တုန်း(၂၁)လမ်းမြစ်ကမ်းပါးရေကာတာများ မတ်လ လဆန်းအစောပိုင်းက မြစ်ကမ်းပါး ကွဲအက်နိမ့်ကျမှုများ ဆက်တိုက်ဖြစ်ပေါ်လာမှုများကြောင့် မြို့နေပြည်သူလူထုအသက်အိုးအိမ်များ မပျောက်ပျက်နိုင်ရေး၊ မြို့မပျက်စီးနိုင်ရေး၊ မြစ်ကမ်းဘေး တာတမံအနီး၌ နေထိုင်သော အများပြည်သူများ မိုးရာသီတွင် ရေဘေးအန္တရာယ် ကင်းဝေးစွာနေထိုင်နိုင်ရေးအတွက် မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးမကျမီကာလအတွင်း အချိန်မီပြီးစီးတည်ဆောက်နိုင်ရေးအတွက် ယခုအခါ အင်တိုက်အားတိုက်ပြုလုပ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဓိကရေဘေးအန္တရာယ်အရေးကြီးသော၊ အထူးစိုးရိမ်ရသော ၂၁/၂၂ လမ်း ကမ်းနားတာအနီးတွင် သံကူကွန်ကရစ်ဘိုးပိုင်များတည်ဆောက်ခြင်း၊ ပေ ၂၅၀ အရှည်ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများ တည်ဆောက်ခြင်း**(ယာပုံ)**နှင့် အခြားရေဘေးအန္တရာယ်ရှိနိုင်သော၊ စိုးရိမ်ရသော ၂၄ လမ်းမှ ၂၇ လမ်းရှိ မြစ်ကမ်းတစ်လျှောက်တွင်လည်း သံကူကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီမြေထိန်းနံရံလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပတ်တာပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေသားထိန်းနံရံများတည်ဆောက်ခြင်း၊ ၁၂ လမ်းကမ်းနားတာအနီး၌ ကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများ တည်ဆောက်ခြင်း၊ ကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအား အကြီးစားဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ယခင်နှစ်မိုးရာသီက မြို့နေပြည်သူများ ရေဘေးအန္တရာယ်မှ ကင်းဝေးခဲ့ရသည်။

မိုးမကျမီ ဧရာဝတီမြစ်ရေမတက်ခင် အမြန်ဆုံးမြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအား အချိန်မီပြီးစီးရေး တည်ဆောက်ရေးလုပ်ငန်းကို ယခုအခါ မိုးရာသီရောက်ရှိတော့မည်ဖြစ်သဖြင့် အမြန်ဆုံးပြီးစီးရေးအတွက် မြို့နေပြည်သူလူထုက အထူးလိုလားလျက်ရှိနေကြသည်။ **ထွန်းကျော်(ညောင်တုန်း)**



# မြောက်ကိုရီးယားအရေး တင်းမာမှုများဖြစ်ပွားနေချိန်တွင် ဂျပန်နှင့် တရုတ်တို့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် သဘောတူ

**ယိုကိုဟားမား မေ ၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး အာရှဒေသကို ဖိအားများပေးနေချိန်တွင် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် သဘောတူခဲ့ကြောင်း ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး တာရိုအေဆိုက မေ ၆ ရက်က ပြောခဲ့သည်။



ဒေသတွင်း အရေးပေါ်အစည်းအဝေးတစ်ခုကြောင့် ဂျပန်-တောင်ကိုရီးယား-တရုတ် သုံးပွင့်ဆိုင်အစည်းအဝေးနှင့် လွဲချော်ခဲ့သော တရုတ်ဘဏ္ဍာရေးဝန်ကြီး လျောင်ဂျီသည် ဂျပန်နိုင်ငံအရှေ့ပိုင်း ယိုကိုဟားမားတွင်ကျင်းပခဲ့သော အာရှစီးပွားရေးဖွံ့ဖြိုးမှုဘဏ် နှစ်ပတ်လည်အစည်းအဝေး၏ သီးခြားအစည်းအဝေးတွင် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး တာရိုအေဆိုနှင့် တွေ့ဆုံခဲ့ပြီး ၎င်းအနေဖြင့် အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်သည့်အပေါ် အမြင်ရှင်းရန် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် နှစ်နိုင်ငံဝန်ကြီးများအနေဖြင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများကို တက်ကြွစွာ အမြင်ချင်းဖလှယ်ခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး တာရိုအေဆိုက တရုတ်ဘဏ္ဍာရေးဝန်ကြီးနှင့်တွေ့ဆုံပြီးနောက် သတင်းထောက်များကို ပြောကြားခဲ့သည်။

နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အခက်အခဲများအကြောင်း အတွေ့အကြုံများ ဖလှယ်နေစဉ်အတွင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပြန်လည်အတည်ပြုရန် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အမည်ဖော်ပြခြင်းမရှိသည့် အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များအပေါ် ပူးတွဲလေ့လာမှုများ ပြုလုပ်သွားရန် သဘောတူခဲ့ပြီး တရုတ်နိုင်ငံတွင် လာမည့် ၂၀၁၈ခုနှစ်တွင်ကျင်းပမည့် အစည်းအဝေး၌ ၎င်းတွေ့ရှိချက်များအား ပြန်လည်တင်ပြသွားရန် သဘောတူခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် ယင်းအစည်းအဝေးတွင် ငွေလဲလှယ်မှုနှင့် မြောက်ကိုရီးယား နျူကလီးယားအရေး ဆွေးနွေးမှုများ မပြုလုပ်ခဲ့ကြောင်း သိရသည်။ (ရိုက်တာ)

# အိမ်ဖြူတော် ဧည့်ကြိုအကြီးအကဲ တာဝန်ထမ်းဆောင်နေသူ ရိတ်ဒ်အား ရာထူးမှ ရပ်ဆိုင်း

**ဝါရှင်တန်ဒီစီ မေ ၆**

ဧည့်ကြိုအကြီးအကဲအဖြစ် အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပထမဆုံး အမျိုးသမီး အိန်ဂျလာ ရိတ်ဒ်ကို ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အိမ်ဖြူတော်ပြောခွင့်ရ ပုဂ္ဂိုလ် ဆာရာ ဟက်ခ်ကဘီ ဆန်ဒါးက ယမန်နေ့က အတည်ပြုပြောကြားခဲ့သည်။

၎င်းအား ထုတ်ပယ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အိမ်ဖြူတော်ပြောခွင့်ရ ပုဂ္ဂိုလ် ဆာရာ ဟက်ခ်ကဘီ ဆန်ဒါးက "အစိုးရသစ်ပြောင်းတိုင်း အခုလို ပြောင်းရွှေ့မှုတွေတော့ ရှိနေမှာပါ။ ဒါဟာ ထူးခြားမှုတစ်ခုတော့မဟုတ်ပါဘူး။ ဒီထက်မပိုပါဘူး။ သူ့နေရာမှာ ဒုတိယ ဧည့်ကြိုအကြီးအကဲက ယာယီတာဝန်ယူသွားမှာပါ" ဟု ပြောကြားခဲ့သည်။

အိန်ဂျလာရိတ်ဒ်သည် အဆိုပါရာထူးအတွက် တာဝန်ယူထားရသော ဒုတိယမြောက် အာဖရိကန်-အမေရိကန်လူမျိုးဖြစ်သည်။

၎င်းသည် လွန်ခဲ့သော ၂၀၁၁ ခုနှစ်ကတည်းမှစကာ အမေရိကန်သမ္မတ ဘားရက်အိုဘားမားလက်ထက်တွင် အိမ်ဖြူတော်၌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အိန်ဂျလာရိတ်ဒ်သည် ယခင်က ပင်တဂွန်မြို့ရှိ ရစ်ဇ်ကာတွန်ဟိုတယ်တွင် အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။ အိမ်ဖြူတော် ဧည့်ကြိုအကြီးအကဲ ရာထူးသည် နိုင်ငံရေးဆိုင်ရာ ရာထူးတစ်ခုမဟုတ်ဘဲ အိမ်ဖြူတော်အတွက် သီးသန့်ခန့်အပ်သည့် ရာထူးတစ်ခုဖြစ်ပြီး အိမ်ဖြူတော်တွင် ပြုလုပ်သည့် အစည်းအဝေးပွဲများအတွက် အဓိကစီစဉ်ပေးရသလို သမ္မတမိသားစုဝင်များနှင့် အနီးကပ်လုပ်ဆောင်ရသည့် ရာထူးမျိုးဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# တောင်ကိုရီးယားသမ္မတဖြစ်လာရန် မွန်ဂျေအင် အခွင့်အလမ်းရှိ

**ဆိုးလ် မေ ၆**

တောင်ကိုရီးယားသမ္မတယှဉ်ပြိုင်ရွေးကောက်ပွဲတွင် သမ္မတလောင်းများ ပြည်သူများ၏ရွေးချယ်မှုကို ငံ့လင့်နေချိန်တွင် အကြီးမားဆုံး အတိုက်အခံအုပ်စုဖြစ်သည့် ကိုရီးယားဒီမိုကရက်တစ်ပါတီမှ မွန်ဂျေအင်သည် ၎င်း၏ပြိုင်ဘက်များဖြစ်သည့် ပြည်သူ့ပါတီမှ အန်ချဲ့ဆိုကိုလည်းကောင်း၊ ကိုရီးယားလွတ်မြောက်ရေးပါတီမှ ဟောင်ဂျွန်ဖြိုကိုလည်းကောင်း မေ ၆ ရက်ရလဒ်များအရ အသာစီးရရှိနေကြောင်း သိရသည်။

ဆိုးလ်မြို့တော်အပြင်ဘက်တွင် မွန်က လူငယ်များအား မိန့်ခွန်းပြောကြားခဲ့ရာတွင် ၎င်းသာ အနိုင်ရရှိခဲ့မည်ဆိုပါက သမ္မတဟောင်း ပတ်ဂွန်ဟေးလက်ထက် နိုင်ငံရေးအရှုပ်တော်များကဲ့သို့သော အရှုပ်တော်ပုံများကို အဆုံးသတ်သွားအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အန်က ဂွမ်ဂျူးမြို့၌ မိန့်ခွန်းပြောကြားရာတွင် မွန်နှင့် ဟောင်တို့သာ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဆိုပါက နိုင်ငံပြိုကွဲမည်ဖြစ်ကြောင်းပြောခဲ့သည်။ ထို့အပြင် အန်က စည်းလုံးညီညွတ်သော ပြည်သူများဖြစ်လာအောင် လုပ်ဆောင်မည်ဟု ကတိပေးခဲ့သည်။

ဟောင်က ကေဆောင်းစက်မှုဇုန်ပြန်လည်ဖွင့်လှစ်မည့် မွန်၏အစီအစဉ်အား ပြစ်တင်ရှုတ်ချလိုက်ပြီး အမေရိကန်နှင့် မဟာမိတ်အင်အား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ထို့အပြင် နျူကလီးယားကင်းစင်ရေးတွင် သံတမန်နည်းအရ ဆွေးနွေးညှိနှိုင်းခြင်းကို သဘောမတူဘဲ အင်အားသုံးဖြေရှင်းမည်ဖြစ်ကြောင်း ပြောခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# တောင်အာရှ ဆက်သွယ်ရေးဂြိုဟ်တု အိန္ဒိယ အောင်မြင်စွာလွှတ်တင်

**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံသည် အကြီးဆုံးအာကာသဆိုင်ရာ အောင်မြင်မှုတစ်ခုအနေဖြင့် တောင်အာရှ ဆက်သွယ်ရေးဂြိုဟ်တုတစ်ခုကို ယမန်နေ့က အန်ဒရာ ပရာဒေ့ရှ် တောင်ပိုင်းပြည်နယ် တစ်ခုဖြစ်သော ဆရီဟာရီကိုတာရှိ ဆာတစ်ဒါဝမ် အာကာသစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။



အိုင်အက်စ်အာရ်အိုအမည်ရ ယင်းဂြိုဟ်တုကို တောင်အာရှနိုင်ငံများ အသင်းအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နရိန္ဒြာ မိုဒီက အဆိုပါဂြိုဟ်တုအား အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည့်အတွက် ချီးကျူးထောမနာပြုခဲ့ကြောင်း သိရသည်။

ထို့အပြင် တောင်အာရှနိုင်ငံများနှင့် ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် စည်ပင်ဝပြောရေးတွင် တစ်စည်းတစ်လုံးတည်း မိသားစုဝင်များအဖြစ် တည်ရှိကြောင်း ၎င်းက ဂြိုဟ်တုလွှတ်တင်ပြီး မကြာမီ အချိန်အတွင်းက တွစ်တာ၌ ဆက်လက်ပြောကြားခဲ့သည်။ (ဆင်ဟွာ)

# ရုရှားဦးဆောင် အပစ်ရပ်စဲရေး သဘောတူညီချက်ကြောင့် ဆီးရီးယားတွင် ဖြစ်ပွားလျက်ရှိသောတိုက်ပွဲများ အားပျော့လျော့နည်းလာ

**ဒမတ်စကတ် မေ ၆**

ရုရှားအစိုးရဦးဆောင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အကျိုးသက်ရောက်မှုရှိလာသောကြောင့် အစိုးရတပ်ဖွဲ့များနှင့် ဆီးရီးယားသူပုန်များကြား ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ မေ ၆ ရက်တွင် အားပျော့လာကြောင်း သိရသည်။ သို့သော်လည်း ဟာမားဒေသအနီး ရှေ့တန်းစစ်မြေပြင်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ဆီးရီးယားသူပုန်ခေါင်းဆောင်နှင့် စစ်ပွဲစောင့်ကြည့်သူများက ပြောခဲ့သည်။

ဆီးရီးယားအနောက်ပိုင်း အဓိက ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် စစ်မက်မဖြစ်ပွားရေးဇုန်တစ်ခုတည်ထောင်ရန် ဆိုသည့် သဘောတူညီချက်သည် စတင်အကျိုးသက်ရောက်မှုရှိလာပြီဖြစ်သည်။ သူပုန်များကို ထောက်ပံ့နေသည့် တူရကီကလည်း ထောက်ခံသည့်အပြင် သမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ အဓိကမဟာမိတ်တစ်ဖြစ်လဲ ရုရှားက အဆိုပြုသော ယင်းသဘောတူညီမှုကို အီရန်ကလည်း သဘောတူခဲ့ကြောင်း သိရသည်။

ယခင်ကပြုလုပ်ခဲ့သော ဆီးရီးယား အပစ်ရပ်စဲရေးသဘောတူညီမှုအပေါ် အာဆတ်နှင့် အီရန်ထောက်ခံတပ်ဖွဲ့များ လေးစားမှုရှိအောင် ရုရှားအနေဖြင့် စွမ်းဆောင်နိုင်ခြင်းမရှိဟုဆိုကာ နိုင်ငံရေးအတိုက်အခံအင်အားစုများနှင့် လက်နက်ကိုင်အတိုက်အခံအင်အားစုများက ယင်းအဆိုပြုချက်ကို ပယ်ချခဲ့သည်။ ဆီးရီးယားအစိုးရက ယင်းသဘောတူညီမှုကို ထောက်ခံခဲ့သော်လည်း နိုင်ငံတစ်ဝန်းရှိ အကြမ်းဖက်အုပ်စုဟုခေါ်သည့် အဖွဲ့များက တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်နိုင်ကြောင်း ပြောခဲ့သည်။

ဆီးရီးယားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင် အကျိုးသက်ရောက်မှုရှိလာသောကြောင့် ဆီးရီးယားနိုင်ငံတစ်ဝန်း တိုက်ပွဲများလျော့နည်းသွားကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သော်လည်း အဆိုပါသဘောတူညီချက် ဘယ်လောက်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိနေမလဲဆိုသည်ကိုမူ ပြောဖို့စောသေးကြောင်း ၎င်းကပြောခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်သွားရမည်ဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ ညွှန်ကြားရေးမှူး ရာမီအဗ္ဗဒူရာဟမ်မက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ (ရိုက်တာ)



# Yangon Water Taxi ပြေးဆွဲရာတွင် ယာဉ်ပိတ်ဆို့မှု လျှော့ချခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာ

**ရန်ကုန် မေ ၆**

ရန်ကုန်ဆိပ်ကမ်းရှိ လမ်းသစ် ဖောတံတားအဆင်း လမ်းဘေးတွင် Yangon Water Taxi လုပ်ငန်းအတွက် ရေယာဉ်နှင့် ဆိပ်ခံဖောတံတားဆိုင်ရာ ဝန်ထမ်းများ ခေါ်ယူလျက်ရှိကြောင်း သိရသည်။

တင့်တင့်မြန်မာကုမ္ပဏီမှ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ပြေးဆွဲမည့် ခရီးသည်တင် ရေယာဉ်များနှင့် ဆိပ်ခံဖောတံတားများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းများ ခေါ်ယူလျက်ရှိရာ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်ကြသည့် အခြေခံလူတန်းစားများနှင့် ၎င်းတို့၏ သားသမီးများကို အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ရရှိစေရေးအတွက် ဦးစားပေးခေါ်ယူနေကြောင်း သိရသည်။

လုပ်ငန်းလိုအပ်ချက်နှင့် သင့်တော်မည့် လိုအပ်ချက်များကို ကုမ္ပဏီက ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုးစားမှုအပေါ် မူတည်၍ အနာဂတ်အလားအလာများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။



အသုံးပြုမည့် ရေယာဉ်နမူနာပုံစံ

Yangon Water Taxi ပြေးဆွဲမည့် အဆိုပါကုမ္ပဏီက မေ ၅ ရက် ညနေပိုင်းတွင် ယင်းခရီးစဉ် ပြေးဆွဲခြင်းနှင့်ပတ်သက်၍ သတင်းမီဒီယာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာ ဇွန်လအတွင်း ဗိုလ်တထောင်မှ လှိုင်သာယာအထိ လှိုင်မြစ်ကြောင်းတစ်လျှောက် စတင်ပြေးဆွဲရန်ရှိကြောင်း၊ ဩစတြေးလျနှင့် ထိုင်းနိုင်ငံတို့မှ ဝယ်ယူထားသော ရေယာဉ်များအပြင် ဆိပ်ကြီးခနောင်တိုရှိ သင်္ဘောကျင်းတစ်ခုတွင်လည်း ရေယာဉ်များ တည်ဆောက်နေကြောင်း၊ လှိုင်သာယာမှ ဗိုလ်တထောင်အထိ ခရီးစဉ်တွင် ဆိပ်ကမ်း ရှစ်ခုရှိပြီး ရေယာဉ် ၁၆ စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ရေယာဉ်အရွယ်အစား သုံးမျိုးရှိပြီး ခရီးသည်လိုက်ပါမှုအပေါ်မူတည်၍ ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ယင်းသတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

လှိုင်သာယာဆိပ်ကမ်းမှ နံနက် ၆ နာရီ စတင်ပြေးဆွဲပြီး ဗိုလ်တထောင်ဆိပ်ကမ်းမှ ညနေ ၆ နာရီခွဲ နောက်ဆုံးထားပြေးဆွဲမည်ဖြစ်သည်။ မိနစ် ၂၀ ခြား ရေယာဉ်ပြေးဆွဲရန် စီစဉ်ထားသည်။ ရန်ကုန်လှိုင်မြစ် ငမိုးရိပ်ချောင်း ပဲခူးမြစ်တစ်ဖက်ကမ်း သန်လျင် ခရီးစဉ်များတွင် ခရီးသည်တင်ရေယာဉ်ပြေးဆွဲရန် စီစဉ်ထားရာ ရေယာဉ်အစီးရေ ၇၀ ဝန်းကျင် လျာထားပြီး ငွေ ၃၇ ဘီလီယံ အကုန်အကျခံသုံးစွဲမည်ဟု မြစ်ကြောင်းပြေးဆွဲခွင့် တင်ဒါအောင်မြင်ခဲ့သော အဆိုပါကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောသည်။

ရေယာဉ်အမျိုးအစားပေါ်မူတည်၍ ရေယာဉ်ဝန်ထမ်း ၅ ဦးမှ ၁၀ ဦးဝန်းကျင် လိုအပ်သည်။ ဆိပ်ခံဖောတံတားများတွင်လည်း လက်မှတ်ရုံစသည့် ရေယာဉ်လုပ်ငန်း လုပ်ကိုင်သူများလိုအပ်၍ ဝန်ထမ်းများခေါ်ယူခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးရန်၊ မြစ်ကြောင်းခရီးသည်တင် ရေယာဉ်များပြေးဆွဲရန် လုပ်ဆောင်ခြင်းနှင့်အတူ ရေယာဉ်ပြေးဆွဲသည့် လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများပါ ပူးတွဲပေါ်ပေါက်လာသည်ကို မြင်တွေ့ရသည်ဟု လမ်းမတော်မြို့နယ် ကမ်းနားလမ်း (၂) ရပ်ကွက်နေ ဘုရင့်နောင်ပွဲရုံ ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကားလမ်းများရှိလာ၍ အချိန်ကြာသော ရေလမ်းခရီးများ ခရီးသည်ရရှိမှုနည်းလာသည်။ ခရီးသည်အပြည့်စီးခဲ့သော ရန်ကုန်-ဘိုကလေး-မော်ကျွန်း ခရီးစဉ် ပြေးဆွဲနေသော ရုပ်ပြေး နှစ်ထပ်ရေယာဉ်ကြီးများတွင် ကားလမ်းရှိသော ဘိုကလေး-မော်ကျွန်း ခရီးသည် နည်းပါးလာသည်။



ရန်ကုန်ဆိပ်ကမ်းရှိ လမ်းသစ်ဖောတံတား

ကားလမ်းမရှိသော မြင်းကကုန်း ကျုံကျိုက်ခရီးသည်များသာ စီးနင်းခြင်းများနေသည်ဟု ရုပ်ပြေး နှစ်ထပ်ရေယာဉ်တစ်စီး၏ တာဝန်ခံ ဦးမြင့်စိန်က ပြောသည်။ ဇွန်လအတွင်း ပြေးဆွဲရန်ရှိသည့် မြစ်ကြောင်းသွား ခရီးစဉ်များတွင် အဘက်ဘက်မှ ပြည့်စုံစွာစီမံထားသည်ကို သိရှိရသည်။ ယင်းလုပ်ငန်းမှ ပေါ်ပေါက်လာသော အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ရေရှည်ခံစားခြင်းနှင့်အတူ ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုလျှော့ချရေးတွင် အထောက်အကူဖြစ်လာရန် ရေကြောင်းသွားခရီးသည်များပြားလာရေး ခရီးစဉ်များတွင် ကြာမြင့်ချိန်လျှော့ချရေးကိုပါ ထည့်သွင်းလုပ်ဆောင်ပေးစေလိုသည်ဟု လှိုင်သာယာမြို့နယ်နေသူတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## ပုံမှန်ကာကွယ်ဆေးတိုက် / ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်

**ခမောက်ကြီး မေ ၆**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ် ချောင်းဝကျေးရွာနှင့် ခမောက်ငယ်ကျေးရွာများရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးများ ရောဂါဘယ ကင်းဝေးစေရန်အတွက် ပုံမှန် ကာကွယ်ဆေးတိုက်/ ဆေးထိုးပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ခမောက်ကြီး ကျန်းမာရေးဌာနဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးဌာနတို့ ပူးပေါင်း၍ မေ ၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ခမောက်ကြီးမြို့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ပြင်းထန်တီဘီရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများကို မွေးစမှ တစ်နှစ်ခွဲအရွယ်အထိ ကလေးငယ်များအား အသက်အလိုက် ထိုးနှံတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကို ဗီတာမင်နှင့် သံဓာတ်အားဆေးများ တိုက်ကျွေးခဲ့ကြသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန့်လေးခင်သိန်းကလည်း ခရမ်းလွန်ရောင်ခြည်အကြောင်းသိကောင်းစရာများ၊ အပူချိန်မြင့်မားလာနေမှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများနှင့် သတိပြုနေထိုင်ရန်နည်းလမ်းများစသည့် ကျန်းမာရေးအသိပညာကို ကျေးရွာပြည်သူများအား ဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရှင်ဗွေယန်မြို့တွင် လေပြင်းတိုက်၊ ပျက်စီးမှုများရှင်းလင်း

**ရှင်ဗွေယန် မေ ၆**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့၌ မေ ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် အမှတ်(၃)နှင့် အမှတ်(၄)ရပ်ကွက်တို့ရှိ လျှပ်စစ်မီးတိုင် ၁၂ တိုင်နှင့် အမှတ် (၄) ရပ်ကွက်ရှိ လူနေအိမ်သုံးလုံး ပျက်စီးဆုံးရှုံးခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း အမိုးသွပ်များလွင့်ပါပျက်စီးကာ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းခြံစည်းရိုး သစ်ပင်ပြိုလဲမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရာ အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်ပွားမှုကို မြို့ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားစွာကျင်းပမည်

**ညောင်တုန်း မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ်ကျင်းပသော (၅၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် စတုဒိသာကျွေးပွဲတော်ကြီးကို ညောင်တုန်းမြို့ အမှတ်(၈)ရပ်ကွက် စိတ္တသုခလူငယ်အသင်းက ဦးဆောင်ပြီး ကဆုန်လပြည့်နေ့တွင် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကဆုန်လပြည့်နေ့တွင် စိတ္တသုခလူငယ်အသင်းက ဦးဆောင်၍ ဥသျှစ်လှစေတီတော်ကြီးရှိ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရေများဖြင့် ကဆုန်ညောင်ရေသွန်းကြမည်ဖြစ်ကာ အမှတ်(၈)ရပ်ကွက် အောင်သုခလမ်းတစ်လျှောက်ရှိ နေအိမ် ၁၀၀ ကျော်မှ အလှူရှင်များကလည်း နိဗ္ဗာန်ဈေးဖွင့်လှစ်၍ စတုဒိသာကျွေးမွေးညှော်ခံသွားကြမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ညောင်တုန်းမြို့ရှိ သွန်းဘုရားကြီး၊ မြို့ဦး မိုးဟုတ်စေတီတော်နှင့် ဥသျှစ်လှစေတီတော်ကြီးတို့ရှိ မဟာဗောဓိညောင်ပင်များတွင်လည်း ကဆုန်ညောင်ရေသွန်းပွဲများကို စည်ကားစွာ ကျင်းပကြမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့များထံမှသိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ကျေးလက်မီးလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ထားဝယ် မေ ၆**

ထားဝယ်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် NPE စီမံကိန်းအရ ဆောင်ရွက်မည့် ကျေးလက်မီးလင်းရေးလုပ်ငန်း (ဆိုလာစနစ်) နှင့်ပတ်သက်၍ ကျေးရွာများသို့ ရှင်းလင်းပွဲကို ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မေ ၅ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ICTS ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးလက်မီးလင်းရေးလုပ်ငန်း (ဆိုလာစနစ်)အကြောင်း ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မီးလင်းရေးကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း NPE စီမံကိန်းအရ ထားဝယ်မြို့နယ်မှ ကျေးရွာ ၁၁ ရွာ၊ လောင်းလုံးမြို့နယ်မှ ကျေးရွာတစ်ရွာနှင့် ရေဖြူမြို့နယ်မှ ကျေးရွာခြောက်ရွာတွင် ဆိုလာယူနစ် ၁၅၄၄ ယူနစ်ကို နိုင်ငံတော်မှ ၆၀ ရာခိုင်နှုန်း၊ အလှူရှင်မှ ၃၀ ရာခိုင်နှုန်းနှင့် အသုံးပြုမည့်ပြည်သူမှ ၁၀ ရာခိုင်နှုန်း အချိုးအစားဖြင့် ထည့်ဝင်၍ မေ ၁၅ ရက်မှစ၍ တပ်ဆင်ပေးမည်ဖြစ်ကာ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများတွင် တစ်ယူနစ်စီနှင့် တစ်ရွာလျှင် လမ်းမီးငါးတိုင်စီကို အပိုဆောင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအကြောင်း အသိပညာပေးဟောပြော

**တွံတေး မေ ၆**

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာမှ ဒေသခံတောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) အပြည့်အဝ ထုတ်ပေးနိုင်ရေးနှင့် တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအား လိုက်နာကျင့်သုံးကြရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနက ကြီးမှူး၍ ကျေးရွာမူလတန်းလွန်ကျောင်း၌ မေ ၅ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဖြိုးဝေကျော်က တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) အပြည့်အဝထုတ်ပေးနိုင်ရေးနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

**ကိုကိုရှုပ**

## နယူးဇီလန်အစိုးရ၏ အထောက်အပံ့ဖြင့် နွားကောင်ရေ ၁၃၀၀၀ ကို ကာကွယ်ဆေးများ ထိုးနှံပေး

**မလှိုင် မေ ၆**

နယူးဇီလန်အစိုးရ၏ အထောက်အပံ့ဖြင့် မလှိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို မလှိုင်မြို့နယ်အတွင်း၌ မေ ၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကာ စုစုပေါင်း နွားကောင်ရေ ၁၃၀၀၀ ကို ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို ရောဂါဖြစ်ပွားနိုင်ခြေများသောဒေသများ (Hotspots)နှင့် ရောဂါပြန့်နှံ့မှုအတွက် အရေးကြီးသောဒေသများတွင် ကွက်ပြည့်ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး မလှိုင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ကျေးရွာပေါင်း ၃၆ ရွာတွင် ရှိသော နွားကောင်ရေ ၁၃၀၀၀ ကို ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ဆေးထိုးပြီးနွားများကို နောက်တစ်ကြိမ် ထပ်မံထိုးပေးနိုင်ရန် နားရွက်အမှတ်အသားများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်းကို မေ ၄ ရက်မှ မေ ၁၈ ရက်အထိ နှစ်ပတ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မေ ၄ ရက်ကစပြီး အိုင်မရိုးစံပြကျေးရွာမှ နွားကောင်ရေ ၁၉၂ ကောင်ကို ဆေးထိုးနှံပေးပြီး နားရွက်အမှတ်အသား တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ခုလို ကာကွယ်ဆေးထိုးပြီး နွားများကို နားရွက်အမှတ်အသား တပ်ဆင်ပေးခြင်းက နောက်တစ်လကြာရင် အားပြည့် ကာကွယ်ဆေးတစ်ကြိမ် ထပ်မံထိုးနှံပေးသွားမှာဖြစ်ပြီး နောက်ထပ် ခြောက်လလျှင် တစ်ကြိမ်နှုန်းနဲ့ ၂၀၂၀ ခုနှစ်အထိ လေးနှစ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မလှိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုက ပြောသည်။

မလှိုင်မြို့နယ်အတွင်း ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ဦးဆောင်၍ ကျေးလက် အခြေခံတိရစ္ဆာန်ကျန်းမာရေး လုပ်သားများ၏ အကူအညီဖြင့်အဖွဲ့ သုံးဖွဲ့ခွဲ၍ မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါ ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မလှိုင်မြို့နယ်အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်အတွင်း၌လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ဒီပဲယင်းမြို့နယ်မှ လေဘေးသင့်ကျေးရွာများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေပေးအပ်



**ဒီပဲယင်း မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ မေ ၅ ရက် ညနေ ၅ ခွဲခန့်က ကျေးရွာ ၁၉ ရွာ လေပြင်းတိုက်ခတ်ခံရပြီး လေပြင်းတိုက်ခတ်ခံရမှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့ အမိုးလန်၊ ပြိုလဲမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ် ၂၉၆ အိမ်၊ စာသင်ကျောင်း ခြောက်ကျောင်း၊ ဘုန်းကြီးကျောင်း ၁၃ ကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တစ်ရုံးတို့ ပျက်စီးထိခိုက်ခဲ့ပြီး လူနှစ်ဦးနှင့် တိရစ္ဆာန်တစ်ကောင် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခံရသော ကျေးရွာများသို့ မေ ၆ ရက် နံနက် ၉ နာရီခန့်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်တို့သည် အေးသာယာကျေးရွာသို့ ရောက်ရှိပြီး ဘုန်းကြီးကျောင်း၌ လေပြင်းတိုက်ခတ်ခံရသော အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဝန်ကြီးချုပ်က ထောက်ပံ့လှူဒါန်းငွေကျပ် ၂၃ သိန်း တစ်သောင်း (ဓါတ်ပုံ)နှင့် လုံချည် ၅၃ ထည်၊ ပုဆိုး ၅၃ ထည်၊ ဆပ်ပြာ ၅၃ တောင့်၊ မျက်နှာသုတ်ပဝါ ၅၃ ထည်၊ စွပ်ကျယ် ၁၀၆ ထည်၊ ပစ္စည်းငါးမျိုး တန်ဖိုးငွေကျပ် ၁၁၀၂၄၀၀ ဖြစ်ပြီး လေဘေးသင့် အိမ်ထောင်စုများကို ငွေသားနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၃၄၁၂၄၀၀ ထောက်ပံ့ပေးခဲ့သည်။

ဒီပဲယင်းမြို့နယ်တွင် မေ ၂ ရက်က ပထမအကြိမ် ကျေးရွာတစ်ရွာလေပြင်းတိုက်ခံရပြီး မေ ၅ ရက် ဒုတိယအကြိမ် တိုက်ခတ်ခံရမှုတွင် ကျေးရွာပေါင်း ၁၉ ရွာ တိုက်ခတ်ခံရကြောင်း သိရသည်။

**အောင်လင်း(မြို့နယ် ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ် လေဘေးသင့်မိသားစုဝင်များအား သွားရောက်တွေ့ဆုံအားပေးပြီး လိုအပ်သည်များဖြည့်ဆည်း

**လွိုင်ကော် မေ ၆**

လွိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စု မိုက်ကန်းကျေးရွာ၌ မေ ၅ ရက် မွန်းလွဲ ၂ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သုံးလုံး ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး သွပ်များလန်ပြီး နေအိမ်တစ်လုံးမှာ သွပ်တစ်ခြမ်းလန်ကျခဲ့သည်။

အဆိုပါ လေဘေးသင့် ပြည်သူများအား လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှီနှင့် တာဝန်ရှိသူများက မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး အိမ်ခေါင်မိုးပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



အလားတူ ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနကလည်း ထောက်ပံ့ပစ္စည်း ခြောက်မျိုးနှင့် ထောက်ပံ့ငွေ ၃၂၅၂၀၀ ကိုလည်း ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မိုးသက်လေပြင်းကျရောက်မှုကြောင့် ပြင်ဦးလွင်မြို့၌ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**ပြင်ဦးလွင် မေ ၆**

ပြင်ဦးလွင်မြို့၌ မေ ၅ ရက် ည ၁၀ နာရီမှစတင်၍ မေ ၆ ရက် နံနက် ၂ နာရီအထိ မိုးရွာခြင်းနှင့်အတူ မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံနှင့် ဈေးဆိုင်များ၊ ရုံးဌာနနှင့် စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ဓာတ်တိုင်များနှင့် တယ်လီဖုန်းတိုင်များ၊ အုတ်တံတိုင်းများ၊ သစ်ပင် လဲပြိုဆုံးရှုံးမှုတို့ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင် ၇၂ တိုင်နှင့် တယ်လီဖုန်းတိုင် ၁၇ တိုင်ကျိုးကျပျက်စီးခြင်း၊ အထက (၁)၊ အထက(၄)၊ အမက(၁)၊ အမက(၁၁)နှင့် မြို့နယ်တွင်းရှိ ကျေးရွာစာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ နေအိမ်များ အမိုးလန်ခြင်း၊ သစ်ပင်ပိခြင်းနှင့် လူစီးယာဉ်တစ်စီး သစ်ပင်ပိခြင်းတို့အပါအဝင် ပျက်စီးဆုံးရှုံးမှုပမာဏတန်ဖိုးငွေကျပ်သိန်း ၅၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းကြောင့် မြို့တွင်းမြို့ပြင်ရှိ သစ်ပင်များစွာ လဲပြိုခဲ့သဖြင့် လမ်းတချို့ ခေတ္တပိတ်သွားခဲ့ရပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၊ မြို့ပေါ်တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ပူးပေါင်း၍ လမ်းပေါ်ရှိသစ်ပင်သစ်ကိုင်း ရှင်းလင်းခြင်း၊ ဓာတ်ကြိုးဓာတ်တိုင်များ ရှင်းလင်းဆောင်ရွက်ခြင်းစသည်တို့ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကော့သောင်းမြို့တွင် မိုးသည်းထန်သဖြင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ကော့သောင်း မေ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် မေ ၅ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသဖြင့် မြို့တွင်းလမ်းများပေါ် ရေကြီး ရေလျှံမှုဖြစ်စဉ် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါနေ့ မွန်းလွဲပိုင်းက လျှပ်စီးများလက်ကာ အဆက်မပြတ် မိုးထစ်ချုန်းခဲ့ပြီး မွန်းလွဲ ၁၂ နာရီခန့်တွင် ပင်လယ်ဒီရေတက်ချိန် မိုးသည်းထန်စွာစတင်ရွာခဲ့ရာ မြို့တွင်းလမ်းများပေါ် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုတွင် မော်တော်ဆိုင်ကယ် တစ်ဝက်ကျော်အထိ နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သဖြင့် လမ်းများပေါ် သွားလာနေကြသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တစ်နာရီနီးပါး ရပ်နားထားရကာ ရပ်ကွက်တချို့၏ မြေနိမ့်ပိုင်းရှိ နေအိမ်မြေညီထပ်များအတွင်းသို့ ရေများဝင်ရောက်ရာ ရွာသွန်းချိန် တစ်နာရီကျော်ခန့်တွင် မိုးစဲသွားသည့်အတွက် ရေမြင့်တက်မှု ရပ်ဆိုင်းသွားသဖြင့် ပျက်စီးဆုံးရှုံးမှုများမရှိကြောင်း သိရသည်။

မြို့ပေါ် ရပ်ကွက်များ၏ လမ်းဘေးရေနုတ်မြောင်းစနစ်များ လာမည့်မိုးရာသီမကျမီ ရေကြီးရေလျှံမှု ဆိုးရွားစွာဖြစ်ပေါ်လေ့ရှိသည့်နေရာများအား အမြန်ဆုံးဦးစားပေး ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း မြို့နေပြည်သူများထံမှ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရွှေကူမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်

**ရွှေကူ မေ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့တွင် မေ ၅ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ၌ မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် တိန်းဟွန်းကျေးရွာတွင် လူတစ်ဦးနှင့် နွားတစ်ကောင်အား မိုးကြိုးပစ်၍သေဆုံးပြီး လိပ်စင်းကျေးရွာတွင် သစ်ပင်ပိကာ လူတစ်ဦး သေဆုံးခဲ့သည်။

ထို့အပြင် ရွှေကူမြို့နယ်အတွင်း နေအိမ်ရှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၁၄ အိမ် အမိုးလန်ခြင်းနှင့် နေအိမ်တစ်အိမ်မှာ ပွင့်ထွက် ပျက်စီးခဲ့သည်။ စာသင်ကျောင်း ငါးကျောင်းနှင့် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး အမိုးလန်ခဲ့သည်။

ကျေးလက် ကျန်းမာရေးဌာနတစ်ခု အမိုးလန်၍ လျှပ်စစ်မီးတိုင်ရှစ်တိုင် ကျိုးကျပျက်စီးပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် ဓမ္မာရုံတစ်ခု အမိုးလန်သွားကြောင်း လတ်တလော အခြေအနေအရ သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန်ပျက်စီး

**ဟသ်ာတ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကညင်ငူအုပ်ကျေးရွာအုပ်စုတွင် မေ ၅ ရက် ညနေ ၄ နာရီခန့်က မိုးရွာပြီး ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန် ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကညင်ငူကျေးရွာအုပ်စု မဲဇလီကွင်းကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး ဝမ်းစာဆန် ၁၀ တင်းခန့် မိုးရေစို ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အုတ်ပုံကျေးရွာ၌ လူနေအိမ် တစ်လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိ သူများက ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ် ပြည်လမ်းပေါ်တွင် ဓားထောက်ခြိမ်းခြောက်လုယက်ခဲ့သောအမှုမှ ကျူးလွန်သူများကို သက်ဆိုင်ရာက အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၆**

မင်္ဂလာဒုံမြို့နယ် ပြည်လမ်းပေါ်တွင်ဖြစ်ပွားခဲ့သည့် ဓားထောက်ခြိမ်းခြောက်လုယက်ခဲ့သောအမှုမှ ကျူးလွန်သူများကို သက်ဆိုင်ရာက အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကိုရီးယားနိုင်ငံသို့ သွားရောက်မည့် သားဖြစ်သူကို မေ ၂ ရက် ည ၉ နာရီက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Honda Vizt (အဖြူရောင်) ယာဉ်ဖြင့် လိုက်လံပို့ဆောင်ခဲ့သော ဦးနေဝင်း (တရားလို)၏ ဇနီးဖြစ်သူနှင့် သား၊ သမီးတို့ ပါဝင်သော မိသားစုဝင်များသည် လေယာဉ်မထွက်ခွာမီ ည ၁၁ နာရီခွဲခန့်တွင် မိသားစုလိုက် လေဆိပ်မှပြန်လည်ထွက်ခွာလာခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပြည်လမ်း ဘီအိုစီမှတ်တိုင် အနီးအရောက်တွင် အပေါ့သွားရန် ယာဉ်အား(ခေတ္တ) ရပ်နားခဲ့ကြောင်း၊ ယာဉ်ရပ်နားနေစဉ်အတွင်း အဖြူရောင် ဗင်အမျိုးအစား (နံပါတ်မသိ) ကားနောက်ဖုံးဖွင့်ထားသည့်ယာဉ်က ရှေ့မှပိတ်ရပ်ကာ ယာဉ်ပေါ်မှ အမျိုးသားလေးဦးဆင်းလာပြီး ၎င်းတို့အနက် သုံးဦး၏ လက်အတွင်း၌ ဓား(အတို၊ အရှည်)များ ကိုင်ဆောင်လာကာ ယာဉ်ပေါ်ပါ မတင်တင်မော်အား ၎င်းတို့ထဲမှတစ်ဦးက လက်တွင် ကိုင်ဆောင်ထားသောဓားဖြင့် လည်ပင်းကိုထောက်ပြီး ရှိတာအကုန်ထုတ်ပေးရန်ပြောဆို ခြိမ်းခြောက်သဖြင့် မတင်တင်မော်က ကြောက်လန့်၍ ငွေသား ၄၅၀၀၀၀ ပါရှိသော စလင်းဘတ် (အနီရောင်)နှင့် စိန်နားကပ်တစ်ရန်(ကာလတန်ဖိုး လေးသိန်းခွဲ)၊ ဖန်စီဆွဲကြိုးတစ်ကုံးနှင့် ကျောက်လက်စွပ် တစ်ကွင်း (ကာတန်ဖိုးတစ်သိန်းခန့်)၊ Mi ဟန်းဖုန်း (ကာလတန်ဖိုး ၂၇၀၀၀၀) ခန့်တို့ကို ထုတ်ပေးခဲ့သည်။

ထို့နောက် ယာဉ်ပေါ်ပါ မမို့ခင်ထံမှ i-Phone 7 တစ်လုံး(ကာလတန်ဖိုး ၁၄၀၀၀၀၀ ခန့်)၊ ပလက်တီနမ် ဆွဲကြိုးတစ်ကုံး (ကာလတန်ဖိုး ရှစ်သိန်း)၊ မမေဖြိုးသက်ထံမှ ဖန်စီဆွဲကြိုးနှင့် ရွှေလက်စွပ်တစ်ကွင်း(ကာလတန်ဖိုး သုံးသိန်း)၊ Samsung ဖုန်းတစ်လုံး (ကာလတန်ဖိုး သုံးသိန်း)၊ ခရမ်းရောင်စလင်းဘတ်တစ်လုံးနှင့် ငွေသား ငါးသောင်းအပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၁၂၀၀၀၀ ခန့်တို့အား ခြိမ်းခြောက်တောင်းယူထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ "ဖြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးရမိဖို့ ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ စုံစမ်းစစ်ဆေးဆဲပဲရှိပါသေးတယ်"ဟု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုအပေါ် ယနေ့ ညနေပိုင်းတွင် ပြန်လည်ဖြေကြားသည်။

ထိုဖြစ်ပွားမှုကြောင့် ကျူးလွန်သူ အမျိုးသားလေးဦးအား မင်္ဂလာဒုံမြို့မရဲစခန်း တွင် ရာဇသတ်ကြီး ပုဒ်မ-၃၉၂/ ၁၁၄ တို့ဖြင့် အမှုဖွင့်လှစ်ထားပြီး ၎င်းတို့အား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး**

# မီးခံသေတ္တာတစ်လုံး တွေ့ရှိသိမ်းဆည်းရမိသဖြင့် ရဲတပ်ဖွဲ့က စုံစမ်းဆောင်ရွက်ခဲ့ရာ ခိုးယူခဲ့သူ နှစ်ဦးကို ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့မရဲစခန်းမှ လှည့်ကင်းမီးတန်းယာဉ် တာဝန်ကျ တပ်ဖွဲ့ဝင်များသည် မေ ၂ ရက် နံနက် ၅ နာရီခန့်က လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် သမ္မတရုပ်ရှင်ရုံ ခုံးကျော်တံတားအနီး၌ မီးခံသေတ္တာ တစ်လုံးကို လူငယ်နှစ်ဦးက ရိုက်ဖျက် နေကြောင်းသတင်းရရှိ၍ အတည်ပြု စုံစမ်းခဲ့ရာ မီးခံသေတ္တာကို ရိုက်ဖျက် နေသူများအားမတွေ့ရဘဲ LEECO အမျိုးအစား မီးခံသေတ္တာတစ်လုံးကို သာတွေ့ရှိပြီး ဖွင့်ဖောက်စစ်ဆေးရာ အတွင်း၌ ငွေစက္ကူရောရော ၆၂၀၀၀၀၊ လိပ်စာကတ် နှစ်ခု၊ လိုင်စင်ဓာတ်ပုံတစ်ပုံ၊ ပိုက်ဆံအိတ်တစ်လုံးနှင့် ဝင်ငွေ/ ထွက်ငွေစာရင်းစာအုပ် တစ်အုပ်တို့ အားတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ပိုင်ရှင်ဖြစ်သူနှင့် ခိုးယူသူများကို စုံစမ်း ဆောင်ရွက်ခဲ့သည်။

မီးခံသေတ္တာကို မသင်္ကာသူ လူငယ်နှစ်ဦးက မင်္ဂလာတောင်ညွန့် မြို့နယ်ဘက်ခြမ်းမှ သယ်ဆောင် လာပြီး သမ္မတရုပ်ရှင်ရုံ ခုံးတံတား အနီး၌ မီးခံသေတ္တာကို ရဲဒင်းဖြင့် ရိုက်ဖျက်သည့် သတင်းအား ရရှိခဲ့ သည်။ ရရှိသည့်သတင်းအား အခြေပြု ၍ မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထား ရပ်ကွက်အတွင်း စုံစမ်းခဲ့ရာ ဗိုလ်ချုပ် အောင်ဆန်းလမ်းရှိ လက်ဖက်ရည် ဆိုင်မှ ပျောက်ဆုံးသွားသော မီးခံ သေတ္တာဖြစ်ကြောင်း အတည်ပြုစုံစမ်း သိရှိရသဖြင့် ခိုးယူသူများကို ဖမ်းဆီး ရမိရေး ဆောင်ရွက်ခဲ့ရာ ဖိုးခက်နှင့် ကျော်စိုးလင်းတို့ဖြစ်ကြောင်း သိရ၍ မေ ၃ ရက် နံနက် ၁ နာရီခန့်က ၎င်းတို့နှစ်ဦးအား မင်္ဂလာတောင်ညွန့် မြို့နယ် အောင်ဆန်းကွင်းပတ်လမ်းမှ ဖမ်းဆီးရမိခဲ့သည်။ **(အပေါ်ယာပုံ)**

ပြစ်မှုကျူးလွန်သူများကို အသေး



စိတ်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် မေ ၂ ရက် နံနက် ၂ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထား ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ လက်ဖက်ရည်ဆိုင်အတွင်းသို့ဝင်၍ မီးခံသေတ္တာနှင့် ရဲဒင်းတစ်လက်တို့ကို ခိုးယူခဲ့ပြီး သမ္မတရုပ်ရှင်ရုံ ခုံးတံတား အနီး၌ ရိုက်ဖျက်နေစဉ် ပတ်ဝန်းကျင်နေ ပြည်သူများက မသင်္ကာသဖြင့် ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့ရာ ၎င်း တို့က မီးခံသေတ္တာကို ထားခဲ့ပြီး ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရကာ ၎င်းတို့နှစ်ဦးအား အခြားပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် ကျောက်စိမ်း အရိုင်းတုံးများဖမ်းမိ

**မိုးညှင်း မေ ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်း၌ တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများကို စစ်ဆေးတွေ့ရှိရ သဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မေ ၅ ရက် နံနက် ၁၀ နာရီခွဲက မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ် ဆေးရေးဂိတ်စခန်း၌ ရဲအုပ်ညွန့်လှိုင် တာဝန်မှူး ဆောင်ရွက်နေစဉ် ပူးပေါင်း စစ်ဆေးရေးအဖွဲ့များနှင့်အတူ ယာဉ်မောင်းမြင့်အောင်၊ ယာဉ်နောက်လိုက် ဖြိုးဝေ အောင်နှင့် ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်းတို့သည် ယာဉ်အမှတ် MDY 4K/--- ISUZU ခြောက်ဘီးယာဉ်အား ရှာဖွေစစ်ဆေးရာ ပဲပုပ်စေ့အိတ် ၆၈ အိတ် အောက်တွင် မိုးကာဖြင့်ဖုံးအုပ်လျက် သယ်ဆောင်လာသောကျောက်စိမ်းအရိုင်း တုံး ၄၈ အိတ်တို့အား ရှာဖွေတွေ့ရှိခဲ့သဖြင့် မိုးညှင်းမြို့မရဲစခန်းသို့ ခေါ်ဆောင်ဖွင့် ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအရိုင်းတုံး ၁၀၉၅ တုံး အလေးချိန် ၂၃၇၉ ကီလို ဂရမ်အား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ကိုယ်စားလှယ် တို့အား မိုးညှင်းရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။ **နီတိုး**

# မြစ်ကြီးနားမြို့၌ နေအိမ်တစ်လုံးမီးလောင်

**မြစ်ကြီးနား မေ ၆**

မြစ်ကြီးနားမြို့ တပ်ကုန်းစံပြရပ်ကွက် နန်ရဖုန်လမ်းရှိ အိမ်အမှတ် (9/A) အိမ်ရှင် ဒေါ်အင်ဂျုံးခေါင်၏ နေအိမ်သည် ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုအား မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ရေးယာဉ်များဖြင့် ငြိမ်းသတ်ခဲ့ရာ ၅ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ရာ ဖြစ်စဉ်ကို သက်ဆိုင်ရာမှ စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပက်(စ်)မြန်မာ ချေးငွေလုပ်ငန်းလုပ်ကိုင်သူများထံမှ သိန်း ၁၆၀ ကျော် ရိုက်နှက်လုယက်ခဲ့သူများအား ဖမ်းမိ



**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ငွေးချို(န)ကျေးရွာအနီး၌ မေ ၅ ရက် နံနက်က ပက်(စ်)မြန်မာချေးငွေလုပ်ငန်းလုပ်ကိုင်သူများထံမှ ငွေကျပ် သိန်း ၁၆၀ ကျော်ကို ရိုက်နှက်လုယက်မှုဖြစ်ပွားခဲ့ပြီး လုယက်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ဝါးကြီးအိုင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၅ ရက် နံနက် ၁၁ နာရီခွဲက ဝါးကြီးအိုင် ကျေးရွာရှိ ပက်(စ်) မြန်မာချေးငွေလုပ်ငန်းမှ ချေးငွေအရာရှိ ဦးဝင်းဘိုနှင့် စာရင်းစစ် မဟေမာလွင် တောင်တွင်းကြီးမြို့နယ်နေသူတို့နှစ်ဦးသည် ငွေးချိုကျေးရွာအုပ်စုအတွင်း စိုက်ပျိုး စရိတ်များချေးရန်အတွက် ရုံးပိုင်ငွေ ၁၆၂ သိန်း၊ ဦးဝင်းဘို ကိုယ်ပိုင်ငွေကျပ် ရှစ်သောင်း၊ မဟေမာလွင်ကိုယ်ပိုင်ငွေကျပ်တစ်သိန်း၊ ဖုန်းနှစ်လုံး၊ ဘဏ်စာအုပ်နှစ်အုပ်၊ ATM ငွေထုတ်ကတ်တစ်ခုတို့ကို ကျောပိုးအိတ်အတွင်းထည့်ကာ ဦးဝင်းဘိုနှင့် မဟေမာလွင်က KENBO-125 ဆိုင်ကယ်ဖြင့် ကျေးရွာပက်(စ်)မြန်မာရုံးမှ ဦးသောင်းကြိုင်က ဆိုင်ကယ်တစ်စီး၊ မျိုးကိုကိုဦးနှင့် မစုမြတ်နွယ်တို့က ဆိုင်ကယ် တစ်စီး စုစုပေါင်းဆိုင်ကယ်သုံးစီးဖြင့် ဝါးကြီးအိုင်ကျေးရွာမှ ငွေးချိုကျေးရွာသို့ ထွက်လာစဉ် ငွေးချို(န)ကျေးရွာအနီး နတ်ရွာကျေးရွာလမ်းခွဲအရောက်၌ လမ်းဘေးချုံပုတ်အတွင်းမှ ဝင်းကြိုင်(၃၇နှစ်) ငွေးချို(န)ရွာ မြို့သစ်မြို့နယ်နေ သူနှင့် တစ်ရွာတည်းနေ သန်းဌေး(ခ)သန်းဌေးဦး(၁၇နှစ်)၊ ဘိုဌေး(၄၄ နှစ်)တို့ ထွက်လာကာ ဦးဝင်းဘို၏ဆိုင်ကယ်ကို တားဆီးကာ အသင့်ပါလာသော သစ်သား တုတ်များဖြင့်ရိုက်ခဲ့၍ ဦးဝင်းဘိုတွင် (မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ပြီး ငွေများထည့်ထား သည့်အိတ်အား လုယူထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းကြိုင်ပါသုံးဦးအား အရေးယူပေးရန် ဦးဝင်းဘိုက မြို့သစ်မြို့နယ် ဝါးကြီးအိုင်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားရှိပြီး ပြစ်မှုဖြစ်ပွားပြီးနောက် ဝါးကြီးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းဇော်ကြီးနှင့်အဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာ ဝင်းကြိုင်အား ယင်းနေ့ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် နေပြည်တော်-မြို့သစ်-ကံပြားကားလမ်း လေးတိုင်စင်ကျေးရွာအနီးတွင် ဟွန်ဒါဖစ်-၁၂၅ ဆိုင်ကယ်နှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေကျပ်သိန်း ၆၀ ကို လည်းကောင်း၊ ထွက်ပြေးလွတ်မြောက်နေသူနှစ်ဦးအား မကွေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေခဲ့ကြရာ သန်းဌေး(ခ) သန်းဌေးဦးနှင့် ဘိုဌေးတို့နှစ်ဦးအား ညနေ ၆ နာရီတွင် မြို့သစ်မြို့နယ် လေးတိုင် စင်ကျေးရွာအနီးရှိ ယာခင်းအတွင်းမှ ဖမ်းဆီးရမိခဲ့ကာ သန်းဌေး(ခ)သန်းဌေးဦး လွယ်ထားသည့် လွယ်အိတ်အတွင်းမှ ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ဘိုဌေး လွယ်ထားသည့် အိတ်အတွင်းမှ ငွေကျပ် ၅၂ သိန်း၊ ဓားမြှောင်နှစ်ချောင်းနှင့် ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**


## ရွှေတိဂုံစေတီတော် (၃၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၄)ကြိမ်မြောက် မဟာဗောဓိကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၁၀-၅-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှစတင်၍ စေတီတော်ရင်ပြင် အင်္ဂါထောင့် မဟာဗောဓိညောင်ပင်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများက ရင်ပြင်တော် ထောင့်လေးထောင့်ရှိ မဟာဗောဓိ ညောင်ပင်များ၌ လွယ်ကူစွာညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဘာသာရေးအသင်းအဖွဲ့ များနှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးရန် စီစဉ်ထားရှိမည်ဖြစ်ပါ၍ ရဟန်းရှင် လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၇)မှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း၏ အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ရန် အတွက် မြေကြီးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **တမံမြေကြီးလုပ်ငန်း (တူးခြင်း/ဖို့ခြင်း)** - တူး/တင်/သယ်/ဖြန့်/ကြိတ်

**တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** - ၆-၅-၂၀၁၇ရက်

**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၆-၆-၂၀၁၇ရက် ၁၆း၃၀နာရီ

**တင်ဒါပေးပို့ရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရပ်စောက်မြို့

**တင်ဒါဖွင့်မည့်ရက်** - ၁၆-၆-၂၀၁၇ရက် နံနက် ၁၀နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၇)၊ ရပ်စောက်မြို့၊ ဖုန်းနံပါတ် -၀၈၁-၂၀၄၅၉၅၊ ၀၈၁-၂၀၄၅၉၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

**တည်ဆောက်ရေး(၇)၊ ရပ်စောက်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | ကျေးလက်ကွန်ကရစ်လမ်း | ၃/၂ဒသမ၆၉ မိုင် |
| (ခ) | ကျေးလက်ကျောက်လမ်း | ၁/၅ဒသမ၇၉ မိုင် |
| (ဂ) | ကျေးလက်ကွန်ကရစ်တံတား(ဘိုးပိုင်) | ၁၃ စင်း |
| (ဃ) | ရေကျော် | ၂ စင်း |
| (င) | ရေပြွန် | ၅ စင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းလမ်း၊ အမှတ်(၂၄၅)၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂-၆-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဦးစီးဌာန ဖုန်း ၀၁-၉၀၁၀၆၅၀၊ ၀၁-၂၀၃၄၁၇၊ ၀၁-၉၀၁၀၈၉၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင် ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ အမှတ်(၃)စက်မှုဇုန်၊ (၆၄) ရပ်ကွက်၊ အခန်း(၁) နေဦးအောင်လွင်၏ သမီး မဂျူးဂျူးနိုင်(ဒုတိယတန်းအောင်) အား မထက်အိန္ဒြာမြတ်ဟု ပြောင်းလဲခေါ် ပါရန်။ **မထက်အိန္ဒြာမြတ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၅၁၉/ခ)ရှိ (၂၀×၆၀)ပေ မြေကွက်အား လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဦးနေထွန်း(၁၂/ဥကတ(နိုင်)၀၄၀၈၄၀) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ရဲမင်း (၆/လလန(နိုင်)၁၁၈၆၅၇)မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ တစ်စုံတစ်ရာ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုစာတမ်း အထောက်အထားများဖြင့် ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးစီးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်တင်နီလာထွန်း (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၃၈၈၃၀) အမှတ်(၈၁၃)၊ (၈)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးအောင်ကိုသန်း (LL.B, D.B.L, AGTI, Civil) အထက်တန်းရှေ့နေ (စဉ်- ၂၉၈၈၄) (၁)ရပ်ကွက်တပ်ရွာ၊ တပ်သစ်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၉ ၄၃၀ ၆၄၅၆၃၊ ၀၉ ၃၉ ၅၅၀ ၈၅၂၅

## အမည်ပြောင်း

ဦးသက်မျိုးဦး ၇/ပမန(နိုင်)၁၁၅၁၄၀ ၏သမီး ပြည်မြို့၊ ကြယ်စင်သစ်ကိုယ်ပိုင် အထက်တန်းကျောင်း နဝမတန်းမှ မဂျူးဂျူး စံလင်းအား မခြူးကေခိုင်ဟု ပြောင်းလဲခေါ်ဆိုပါ။ **မခြူးကေခိုင်**

## မြေညီတိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ စာတိုက် လမ်း၊ ဗန္ဓုလတံတားအဆင်း ၂လမ်း မြောက်၊ ပေ(၁၂×၅၀)အရှေ့လှည့်ကြွေ ပြားခင်းပြင်ဆင်ပြီး သိန်း ၃၀၀။

**ဖုန်း-၀၉-၄၂၂၄၉၉၁၂၇**

## ရေကျော်လမ်း မြေညီထပ်ငှားမည်

ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ ပေါ် 19'×65' Hall ကြွေပြား ခင်း၊ နံရံကြွေပြားကပ်၊ ကိုယ်ပိုင်ရေ+မီတာ သီးသန့်၊ စီးပွားရေးလုပ်ငန်း သင့်တော်သည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၄၈၀၀၉၀၉၉၊ ၀၉-၇၉၂၆၆၁၄၉၉**

## အမည်ပြောင်း

မြန်အောင်မြို့၊ အမက (တာကြီးတန်း) စတုတ္ထတန်းအောင်မှ ဦးသန်းထွန်း- ဒေါ်အိအိသွင်တို့၏သမီး မနှောင်းရတီ အား မသွန်းရတီဇင်ဟု ပြောင်းလဲခေါ် ပါရန်။ **မသွန်းရတီဇင်**

## ပျောက်ဆုံးကြောင်း

မငွန်လျှန်ဗိန်း ၄/ဖလန(နိုင်)၀၃၆၇၂၀၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၄၇၆၉၄၂**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်)တွင် နိုင်နိုင်လင်း ဗိုလ်စွဲ

**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Mottama Holdings Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်) စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ရေပြာတပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲနောက်ဆုံးနေ့အပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ




ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ပြိုင်ပွဲကို ပံ့ပိုးကူညီသည့် Mottama Holdings Ltd အား အမှတ်တရလက်ဆောင်ပေးအပ်ရာ Mottama Holdings Ltd ဒါရိုက်တာ ဦးခင်မောင်တင့်က လက်ခံရယူသည်။ ယင်းနောက် ပြိုင်ပွဲလက်ခံကျင်းပပေးသော ရေပြာတပ်မတော်ဂေါက်ကွင်းအား အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေ ကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကျော်ကျော်မြင့်က ပေးအပ်ရာ ရေပြာဂေါက်ကွင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဗိုလ်မှူးကျော်မိုးသွင်က လက်ခံယူသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲ ပထမဆုရ မေဦးခိုင်၊ ဒုတိယဆုရ ကေရီဝင်းထွန်းတို့အား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် အထက်မြန်မာပြည်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကိုက ဆုများချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲ ပထမဆုရ မောင်မဲ၊ ဒုတိယဆုရ လင်းသဲတို့အား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ဆုချီးမြှင့်သည်။ ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် ပထမဆုရရှိခဲ့သည့် နိုင်နိုင်လင်း (Taylormade) အား ဆုချီးမြှင့်သည်။

ဆက်လက်၍ ပထမဆုရရှိခဲ့သည့် နိုင်နိုင်လင်း (Taylormade) အား Mottama Holdings Ltd ဒါရိုက်တာ ဦးခင်မောင်တင့်က ဆုကြေးငွေချက်လက်မှတ် ပေးအပ်ချီးမြှင့်သည်။ (ဓာတ်ပုံ)

**သတင်း- ညီညီစိုးညွန့်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မန်စီးတီးတို့ ပဲလေ့စ်ကို ဂိုးပြတ်သွင်းအနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၆) ပွဲစဉ်များကို မေ ၆ ရက်က ယှဉ်ပြိုင်ကစားရာ မန်စီးတီးက ပဲလေ့စ်ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မန်စီးတီးတို့က ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာသေချာရေးအတွက် ယခုပွဲအနိုင်ရရန် ကြိုးစားမှုကြောင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ မန်စီးတီးအတွက် ဂိုးများကို ပွဲအစ နှစ်မိနစ်တွင် ဆေးလ်ဗား၊ ၄၉ မိနစ်တွင် ကွန်ပနီ၊ ၅၉ မိနစ်တွင် ဒီဘရိုင်း၊ ၈၂ မိနစ်တွင် စတာလင်း **(အောက်ပုံ)** နှင့် မိနစ် ၉၀ တွင် အော့တာမန်ဒီတို့က သွင်းယူပေးခဲ့သည်။ ယခုပွဲအပြီး မန်စီးတီးတို့က ၆၉ မှတ်ရရှိထားသည်။

အခြားပွဲစဉ်များတွင် လက်စတာက ဝက်ဖို့ဒ်ကို သုံးဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက အဝေးကွင်း၌ ဟားလ်စီးတီးကိုနှစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက စပါးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဘုန်းမောက်နှင့် စတုတ်တို့က နှစ်ဂိုးစီသရေ၊ ဘန်လေနှင့် ဝက်စ်ဘရွန်းက နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။

**သီဟ**



# ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ရှုံးကြေးပြန်ဆပ်

**ရန်ကုန် မေ ၆**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၂) ပထမနေ့ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားတစ်ဦးသာ ပါဝင်နိုင်ခဲ့သော်လည်း ပြည်တွင်းကစားသမားများ၏ သွင်းဂိုးများဖြင့် ပထမအကျော့ရှုံးကြေး ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ပထမအကျော့အပြီးတွင် နည်းပြချုပ် အပါအဝင် ကစားသမားများ အပြောင်းအလဲလုပ်ထားသော်လည်း အဖွင့်ပွဲတွင် ရလဒ်ကောင်း ရယူနိုင်ခြင်း မရှိခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲနိုင်ပွဲကြောင့် ပွဲကျပ်ကစားရမည့် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် ရန်နိုင်ဦး၊ ၃၅ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ၁၂ ပွဲကစား ၂၈ မှတ်ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် GFA အသင်းနှင့် Southern အသင်းတို့ပွဲတွင် Southern အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး အသစ်ခေါ်ထားသည့် ရှမ်းယူနိုက်တက်ကစားသမားဟောင်း ဘရာဇီးလ်ကွင်းလယ်လူ ဂူစတာဗို၏ ခြေစွမ်းပြမှုနှင့်အတူ ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၆ မိနစ်နှင့် ၆၆ မိနစ်တွင် ဂူစတာဗို၊ ၄၉ မိနစ်တွင် ဝင်းဒွေးကျော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၂) ဒုတိယနေ့ကို မေ ၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ရောဝတီနှင့် ရန်ကုန်၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် ရခိုင်၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂) အနိုင်အရှုံး

| | |
|---|---|
| ဘိုင်ယန်မြူးနစ် | ၁ - ၀ ဒမ်စတက် |
| ဒေါ့မွန် | ၂ - ၁ ဟော့ဖန်ဟိမ်း |
| ဂလာဘတ် | ၁ - ၁ အော့စ်ဘတ် |
| အင်ဂိုစတက် | ၁ - ၁ လေဗာကူဆင် |
| ဖရန့်ဖတ် | ၀ - ၂ ဝုဖ်ဘတ် |

**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် လုပ်သက်စာအုပ်အမှတ် ရန် ၇၃၈၀/၁၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးအောင်အောင် ဖုန်း-၀၉-၇၈၆၆၈၈၈၅၃**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် လုပ်သက်စာအုပ်အမှတ် ရန် ၈၁၉/၂၀၀၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးအေးကိုကိုအောင် ဖုန်း-၀၉-၂၅၉၉၀၉၉၃၄**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/9028 Suzuki Swift ZC 72s H/g (၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၂/မရက(နိုင်)၀၆၆၂၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ကမ္ဘာ့အေးစွန်းလွန်းဆရာတော် ဦးဝရ မွေးနေ့ကံထပ်ပွဲ**

ကမ္ဘာ့အေးစွန်းလွန်းဆရာတော် ဦးဝရ၏ (၇၁) နှစ်ပြည့် မွေးနေ့ဖြစ်သော ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၁၀-၅-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀ နာရီတွင် ဆရာတော်အား ယောဂီများစုပေါင်း၍ သိက္ခာကံထပ်ပါမည်။

**ကမ္ဘာ့အေးစွန်းလွန်း ပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

**မွေးနေ့ဆုတောင်း ၇-၅-၂၀၁၇**

ဦးအေးထွန်း အမှတ် ၁၃၊ ၂ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ အသက်(၅၀)ပြည့်မှ သက်ဆုံးတိုင်အထိ သတိတရားပညာတို့ဖြင့် အများအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ပါစေ၊ ဆန္ဒနှင့် ဘဝတစ်ထပ်တည်းကျပါစေ။

**အစားထိုးမရသောအမေ ဒေါ်လှလှထွန်း အလပြ(ငြိမ်း)**

**မီကို မှအထည်များ ဝယ်ယူအားပေးကြပါသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများသိစေရန်**

အရည်အသွေးမြင့်မားသော မီကို အမည်ကို အသုံးပြု၍ မြန်မာနိုင်ငံအနှံ့အပြားတွင် အထည်များဖြန့်ဖြူးနေသည်ကိုသိရှိရသည့်အတွက် နှစ်ပေါင်း(၂၀)တိုင်တိုင်အားပေးလျက်ရှိသော ကျေးဇူးရှင်မိတ်ဆွေများ နစ်နာနေသည်ကိုသိရှိရပါသည်။

မီကိုသည် အထည်မှာယူသူ ကျေးဇူးရှင်များအား အစဉ်တစိုက် လုပ်ငန်းအာမခံမှုအပြည့်ဖြင့် မှန်ကန်သော စေတနာထားကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထင်ယောင်ထင်မှားဖြစ်အောင် မသမာသော လုပ်ဆောင်ချက်များကြောင့် လုပ်ငန်းဂုဏ်သိက္ခာကျဆင်းရသည်ထက် မိတ်ဆွေများ၏ နစ်နာမှုကို များစွာစိတ်ထိခိုက်မိပါသည်။

မြန်မာပြည်အရပ်ရပ်သို့ အရောင်းတာဝန်ပေးအပ်ထားသော အောက်ပါတာဝန်ခံများသည်သာလျှင် ရန်ကုန် နှင့် မန္တလေး မှ မီကိုဝန်ထမ်းများအစစ်အမှန်ဖြစ်ပါကြောင်းအထူးသတိပြုစေလိုပါသည်။

| | | | |
|---|---|---|---|
| ဒေါ်ထက်ထက်လှိုင် | - 09 788817862 | မဆုမြတ်မွန် | - 09 965044077 |
| မခင်မျိုးအေး | - 09 5141086 | မစုစုရီ | - 09 403719334 |
| မဇင်မာချင်း | - 09 770417147 | မအေးချမ်းမေ | - 09 402676762 |
| နှင်းနွယ်ခိုင် | - 09 960626083 | မောင်အောင်ထွန်းပိုင် | - 09 402628500 |
| မစုစန္ဒီဝေ | - 09 448940901 | မောင်မျိုးမင်းဒွေး | -09 964078983 |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)**
**ရန်ကုန်တက္ကသိုလ်**

**ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း**

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါအထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြန်မာစာ | (ဋ) | ရှေးဟောင်းသုတေသနပညာ |
| (ခ) | အင်္ဂလိပ်စာ | (ဌ) | စာကြည့်တိုက်နှင့်သုတပညာ |
| (ဂ) | ပထဝီဝင် | (ဍ) | ဓာတုဗေဒ |
| (ဃ) | သမိုင်း | (ဎ) | ရူပဗေဒ |
| (င) | ဒဿနိကဗေဒ | (ဏ) | သင်္ချာ |
| (စ) | စိတ်ပညာ | (တ) | သတ္တဗေဒ |
| (ဆ) | ဥပဒေပညာ | (ထ) | ရုက္ခဗေဒ |
| (ဇ) | အရှေ့တိုင်းပညာ | (ဒ) | ဘူမိဗေဒ |
| (ဈ) | နိုင်ငံတကာဆက်ဆံရေးပညာ | (ဓ) | ကုန်ထုတ်ဓာတုဗေဒ |
| (ည) | မနုဿဗေဒ | (န) | ကွန်ပျူတာသိပ္ပံပညာ |
| | | (ပ) | အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၇ခုနှစ် ဇွန် ၁ရက်တွင် အသက် ၃၀နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီကရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ်အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီကရီကောလိပ်များမှ ဆရာ၊ ဆရာမများ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂) နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှအချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသောသုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ(၃)မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၂-၅-၂၀၁၇ ရက် (သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၅-၅-၂၀၁၇ ရက် (တနင်္လာနေ့) ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၁၆-၅-၂၀၁၇ ရက် (အင်္ဂါနေ့) ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရှိထားသူများကို ၂၃-၅-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး) များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း ဖုန်း-၅၃၄၀၉၈၊ ၅၃၄၃၉၀ ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်တက္ကသိုလ်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6K/9735 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/2776 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း

*(ယမန်နေ့မှအဆက်)*

၂၉။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို သာမန်အားဖြင့် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးကိစ္စအနေဖြင့် မှတ်ပုံတင်လိုသည့် ပုဂ္ဂိုလ်နေထိုင်ရာအိမ်သို့ သွားရောက်၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို လက်ခံဆောင်ရွက်ခွင့်ရှိသည်။

## အခန်း(၆)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိသူများ

၃၀။ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၈၂ တို့ပါ အချက်မှတစ်ပါး ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အောက်ပါပုဂ္ဂိုလ်တို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ခွင့်ရှိသည်-

(က) စာချုပ်ချုပ်ဆိုကြသည့်ပုဂ္ဂိုလ်များ၊ တရားရုံးဒီကရီ သို့မဟုတ် အမိန့်ဖြစ်လျှင် ယင်းဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်များ၊

(ခ) ပုဒ်မ၃၊ ပုဒ်မခွဲ(ဇ)ပါပုဂ္ဂိုလ်များ၊

(ဂ) ပုဒ်မခွဲ(က)ပါပုဂ္ဂိုလ်များက ကိုယ်စားလှယ်အဖြစ် တရားဝင်ဆောင်ရွက်ပေးရန် လက်မှတ်ရေးထိုးလွှဲအပ်ထားသည့် အောက်ပါကိုယ်စားလှယ်လွှဲစာ ရရှိထားသူများ-

(၁) ကိုယ်စားလှယ်လွှဲအပ်သူသည် မြန်မာနိုင်ငံအတွင်းနေထိုင်ပါကလွှဲအပ်သည့်အချိန်တွင်နေထိုင်သည့် ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါ စာချုပ် စာတမ်းမှတ်ပုံတင်အရာရှိရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းသက်သေခံလက်မှတ် ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ ရရှိထားသူ။

(၂) ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန် ပေးအပ်ထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

၃၁။ (က) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည်အားလုံးတစ်ပြိုင်တည်းဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က) အရ တင်ပြလာသောစာချုပ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(၁) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် စာချုပ်စာတမ်းကို နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုခြင်း ဟုတ်မဟုတ်၊

(၂) စာချုပ်စာတမ်းချုပ်ဆိုသူများသည် ကိုယ်တိုင်လာရောက် မှတ်ပုံတင်ခြင်း ဟုတ်မဟုတ်၊

(၃) စာချုပ်စာတမ်းမှတ်ပုံတင်သူသည် စာချုပ်စာတမ်းချုပ်ဆိုသူများ၏ ကိုယ်စား သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ်မဟုတ်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် ဒီကရီလက်ခံ၊ အမိန့်လက်ခံများနှင့် မသက်ဆိုင်စေရ။

၃၂။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့်ညီညွတ်ပါက စာချုပ်စာတမ်းကိုလက်ခံ၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်-

(က) စာချုပ်စာတမ်းမှတ်ပုံတင်သူတို့ကို ကိုယ်တိုင်သိရှိခြင်း သို့မဟုတ် စာချုပ်စာတမ်းချုပ်ဆိုသူများမှာ အမှန်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့် သိရှိခြင်း၊

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်သူ၏ ကိုယ်စားဆောင်ရွက်သူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

(ဂ) စာချုပ်စာတမ်းချုပ်ဆိုသူကွယ်လွန်၍ ယင်းစာချုပ်စာတမ်းကို တရားရုံး၏ အမိန့်၊ ဒီကရီအရ မှတ်ပုံတင်သွင်းလာခြင်း၊

(ဃ) မည်သည့်စာချုပ်စာတမ်းကို မဆိုမှတ်ပုံတင်သည့်အခါ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တို့အရ သတ်မှတ်ထားသည့် အခွန် တံဆိပ်ခေါင်းကို လုံလောက်စွာကပ်ထားပြီးဖြစ်ခြင်း၊

(င) မိမိရှေ့သို့ရောက်ရှိလာသူတို့သည် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများ မှန်ကန်ခြင်း။

၃၃။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်သွင်းသော စာချုပ်တွင်ရေးသားဖော်ပြချက်များမှာ ချုပ်ဆိုသူတို့က မှန်ကန်စွာရေးသားချုပ်ဆိုကြောင်းကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးမေးမြန်းရမည်။

(ခ) စာချုပ်စာတမ်း မှတ်ပုံတင်သွင်းသူတို့က စာချုပ်ချုပ်ဆိုကြောင်း ဝန်ခံခြင်း ရှိမရှိကိုသာ စစ်ဆေးမေးမြန်းရမည်ဖြစ်ပြီး မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းအရ လွှဲပြောင်းသောပစ္စည်း၏ ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်းမပြုရ။

၃၄။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ရန်ငြင်းပယ်ရမည်-

(က) စာချုပ်စာတမ်းချုပ်ဆိုသူတို့အနက် တစ်ဦးဦးက ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုခြင်းမဟုတ်ကြောင်း ငြင်းဆိုခြင်း သို့မဟုတ် ဝန်မခံခြင်း၊

(ခ) စာချုပ်ချုပ်ဆိုသူသည် အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူ သို့မဟုတ် သတိပုံမှန်မရှိသူဟု ထင်မြင်ယူဆခြင်း၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများတွင် ပစ္စည်းစာရင်းအထောက်အထားများကို တိကျရှင်းလင်းစွာ ဖော်ပြမထားခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာတွင် ပုဒ်မ ၂၀ ပါ သက်သေခံမြေပုံ ပူးတွဲပါဝင်ခြင်းမရှိသော စာချုပ်များကို မှတ်ပုံတင်သွင်းလာခြင်း။

## အခန်း (၇)
## စာချုပ်စာတမ်းချုပ်ဆိုသူတို့နှင့်သက်သေတို့ကို ကင်းလွတ်ခွင့်ပြုခြင်း

၃၅။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများ သို့မဟုတ် ကိုယ်စားလှယ်များကို စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းရေးအတွက် ရုံးသို့လာရောက်စေရန် ဆင့်ဆိုနိုင်သည်။

၃၆။ (က) အောက်ပါပုဂ္ဂိုလ်များသည် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသည်-

(၁) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေးချို့တဲ့နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊

(၂) အကျဉ်းချထားခြင်း ခံနေရသူများ၊

(၃) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့် ပုဂ္ဂိုလ်များ။

(ခ) ပုဒ်မခွဲ(က)ပါပုဂ္ဂိုလ်များက စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါက အဆိုပါပုဂ္ဂိုလ်များနေထိုင်ရာ နေအိမ်သို့ဖြစ်စေ၊ ဆေးရုံသို့ဖြစ်စေ၊ အကျဉ်းထောင်သို့ဖြစ်စေ ပုဒ်မ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုယ်တိုင် သွားရောက်ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးကို ကော်မရှင်ခန့်စာထုတ်ဆင့်၍ ကိုယ်စားသွားရောက်ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

## အခန်း(၈)
## သေတမ်းစာများ အပ်နှံခြင်း

၃၇။ သေတမ်းစာများကို မည်သည့်အချိန်ကာလတွင်မဆို အပ်နှံခွင့် သို့မဟုတ် မှတ်ပုံတင်သွင်းခွင့်ရှိသည်။

၃၈။ သေတမ်းစာရေးသူသည် သေတမ်းစာကို စာအိတ်တွင်ထည့်သွင်းချိတ်ပိတ်၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတွင် အပ်နှံနိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာထည့်သွင်းချိတ်ပိတ်သည့် စာအိတ်တွင် အောက်ပါတို့ကို ရေးသားဖော်ပြရမည်-

(က) သေတမ်းစာရေးသားသူ၏ အမည် သို့မဟုတ် ကိုယ်စားလှယ်၏အမည်၊

(ခ) သေတမ်းစာအမျိုးအစား၊

(ဂ) သေတမ်းစာမှတ်ပုံတင်ရန်တင်ပြသည့် ရက်စွဲ၊

(ဃ) သေတမ်းစာပါ သက်သေတို့၏ အမည်များ။

၄၀။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာကို စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရပါက အောက်ပါအချက်များကို မှတ်ပုံတင်စာအုပ် အမှတ်၅ တွင် မှတ်တမ်းတင်ထားရှိပြီး ယင်းသေတမ်းစာကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးရှိဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရမည်။

(က) သေတမ်းစာအပ်နှံသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်၊

(ခ) သေတမ်းစာရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ အမည်၊

(ဂ) သေတမ်းစာပါသက်သေတို့၏ အမည်များ၊

(ဃ) ချိတ်ပိတ်ထားသော သေတမ်းစာအိတ်ပါ ဖော်ပြချက်များ။

၄၁။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက်လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံအပ်နှံသည့် သေတမ်းစာရေးသားသူကိုယ်တိုင် သို့မဟုတ် တရားဝင်ကိုယ်စားလှယ် ဟုတ်မဟုတ်စိစစ်ပြီး မှန်ကန်ကြောင်း တွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၂။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ၃၈ အရ အပ်နှံထားသော သေတမ်းစာကို ရေးသားသူ ကွယ်လွန်သဖြင့် ချိတ်ပိတ်သေတမ်းစာကို ဖွင့်ပေးရန် လျှောက်ထားလျှင် သေတမ်းစာရေးသားသူ အမှန်တကယ်ကွယ်လွန်ခြင်းရှိ မရှိစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက လျှောက်ထားသူ၏ကုန်ကျစရိတ်ဖြင့် သေတမ်းစာပါချိတ်ကို လျှောက်ထားသူ၏ ရှေ့မှောက်တွင် ဖွင့်၍ သေတမ်းစာပါအကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် ၃ တွင် ရေးကူးမှတ်တမ်းတင်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်စာအုပ်၌ ရေးကူးပြီးလျှင် မူရင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာတွင် ပြန်လည်သိမ်းဆည်းထားရမည်။

(ဂ) သေတမ်းစာများကို တရားရုံးက တင်ပြရန် အကြောင်းကြားလျှင် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသို့တင်ပြချိန်တွင် သေတမ်းစာ၏ ချိတ်ကို မဖွင့်ရသေးလျှင် ပုဒ်မခွဲ (က)ပါအတိုင်း ဆောင်ရွက်၍ တရားရုံးသို့တင်ပြ ပြီးကြောင်း လက်ခံမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်။

## အခန်း(၉)
## သေတမ်းစာနှင့် ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်မှတ်ပုံတင်ခြင်း

၄၃။ သေတမ်းစာကို မှတ်ပုံတင်ရေးအတွက် သေတမ်းစာရေးသူကသော်လည်းကောင်း၊ သေတမ်းစာရေးသူ ကွယ်လွန်ပြီးဖြစ်လျှင် ယင်းသေတမ်းစာအရ အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာအရ တစ်နည်းနည်းသက်ဆိုင်သူကသော်လည်းကောင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

၄၄။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ၄၃ နှင့်အညီ မှတ်ပုံတင်ရန်တင်ပြသောသေတမ်းစာကို အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ခွင့်ပြုရမည်။

၄၅။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းသောသေတမ်းစာများကို အောက်ပါအချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည် -

(က) သေတမ်းစာရေးသူကိုယ်တိုင် အမှန်တကယ်ရေးသား၍တင်သွင်းလာခြင်း၊

(ခ) သေတမ်းစာရေးသူမှာကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာရေးသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူကအထောက်အထားခိုင်လုံစွာ တင်ပြ၍တင်သွင်းလာခြင်း။

၄၆။ ကိတ္တိမမွေးစားခြင်းစာချုပ်ကို ၁၉၃၉ ခုနှစ်၊ ကိတ္တိမမွေးစားခြင်း အက်ဥပဒေနှင့်အညီ သားသမီးမွေးစားသူ သို့မဟုတ် မွေးစားခံရသူက မှတ်ပုံတင်ရန်တင်ပြလာပါက အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ရမည်။

## အခန်း(၁၀)
## စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု

၄၇။ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော စာချုပ်စာတမ်းသည်-

(က) စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) ရွှေ့ပြောင်းနိုင်သည့် သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် သက်ဆိုင်လျှင် ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကို လွှမ်းမိုး၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ အကျိုးသက်ရောက်မှုရှိသော်လည်း စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့်ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြား ကြေညာချက်အရ လက်ရောက်ပေးအပ်ပြီးဖြစ်သော ပစ္စည်းနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၄၈။ ပုဒ်မ ၁၆ အရ သတ်မှတ်သော မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်း မပြုလျှင်-

(က) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့သည် အကျိုးသက်ရောက်မှုမရှိစေရ။

(ခ) ကိတ္တိမသားသမီး မွေးစားခြင်းအတွက် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

(ဂ) စာချုပ်စာတမ်းပါပစ္စည်းနှင့် သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

၄၉။ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)၊(ဃ)၊(င)နှင့်(ဇ)တို့ပါ စာချုပ်စာတမ်းများနှင့် ပုဒ်မ-၁၇ (က)၊(ခ)နှင့်(ဂ)တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါ ပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

## အခန်း (၁၁)
## မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၀။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) စာချုပ်စာတမ်းများကိုမှတ်ပုံတင်ရန် တင်ပြပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မှတ်ပုံတင်ရန်တင်ပြသည့် နေ့ရက်၊ အချိန်၊နာရီနှင့် နေရပ်တို့ကို ယင်းစာချုပ်စာတမ်းတွင် ရေးမှတ်၍ မှတ်ပုံတင်ရန် တင်ပြသူ၏လက်မှတ်ကို ရေးထိုးစေခြင်း၊

(၂) စာချုပ်စာတမ်းလက်ခံရရှိကြောင်း ပြေစာလက်မှတ်ကို မှတ်ပုံတင်ရန် တင်ပြသူအားထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုသည့် စာချုပ်စာတမ်းကို သက်ဆိုင်သည့် မှတ်ပုံတင်စာအုပ်၌ ကြန့်ကြာခြင်းမရှိစေဘဲ အစဉ်အတိုင်း မှတ်တမ်းတင်ခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်စာအုပ်ကို မှတ်ပုံတင်ရန် တင်ပြသည့်စာချုပ်စာတမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး လက်မှတ်ရေးထိုးရမည်။

၅၁။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) တရားရုံးဒီကရီ သို့မဟုတ် အမိန့်မိတ္တူကို ဖြစ်စေ၊ ပုဒ်မ ၈၄ ပုဒ်မခွဲ(က) နှင့်(ခ)တို့အရ ပေးပို့သော မိတ္တူများမှတစ်ပါး ကျန်စာချုပ်များကိုဖြစ်စေ မှတ်ပုံတင်ရန် လက်ခံသည့်အခါ စာချုပ်စာတမ်းများတွင် အောက်ပါထပ်ဆင့်ရေးမှတ်ချက်များကို ရေးမှတ်ရမည်-

(၁) စာချုပ်ချုပ်ဆိုကြောင်းဝန်ခံသည့် စာချုပ်စာတမ်းချုပ်ဆိုသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်၏ လက်မှတ်နှင့် ဆက်လက်ရေးသားသော အချက်များ၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ စစ်ဆေးခံရသူတို့၏ လက်မှတ်နှင့် ဆက်လက်ရေးသားသော အချက်များ၊

(၃) စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ငွေဖြစ်စေ၊ ကုန်စည်ဖြစ်စေ ပေးအပ်ခြင်းနှင့် သက်ဆိုင်သော အဖိုးစားနားအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းလက်ခံရရှိကြောင်း မိမိရှေ့မှောက်တွင် ဝန်ခံချက်များ။

(ခ) စာချုပ်စာတမ်း ချုပ်ဆိုသူက ပုဒ်မခွဲ(က) ပါ ဝန်ခံချက်များကို စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်မပြုလိုကြောင်း ငြင်းဆိုလျှင် ယင်းသို့ ငြင်းဆိုချက်ကို စာချုပ်စာတမ်းမှတ်ပုံတင်ပြီးချိန်တွင် မှတ်တမ်းတင်ထားရမည်။

၅၂။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ တစ်နေ့တည်း၌ ဆောင်ရွက်သော ပုဒ်မ၅၀ နှင့် ၅၁ တို့အရ ဆောင်ရွက်ချက်များကို ယင်းစာချုပ်စာတမ်းတွင် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၅၃။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ခွင့်ပြုရန် တင်ပြသည့်စာချုပ်စာတမ်းများကိုမှတ်ပုံတင်ပြီးသည့်အခါ ယင်းစာချုပ်စာတမ်းများ မှတ်ပုံတင်ထားသည့် မှတ်ပုံတင်စာအုပ်အမှတ်နှင့် စာမျက်နှာအမှတ်များကို စာချုပ်စာတမ်းတွင်ရေးသား၍ မှတ်ပုံတင်ပြီးကြောင်း ထပ်ဆင့်ရေးမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထပ်ဆင့်ရေးမှတ်ချက်များကို ရုံးတံဆိပ်ရိုက်နှိပ်ခြင်း၊ ရက်စွဲနှင့်အတူ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီးလျှင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း ပြီးမြောက်သည်။

၅၄။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကိုစစ်ဆေးရာ၌ လိုအပ်ပါက တရားရုံး၏ ကျမ်းကျိန်လွှာကို တင်ပြစေနိုင်သည်။

(ခ) လိုအပ်လျှင် စစ်ဆေးမေးမြန်းခံရသူ တစ်ဦးချင်းအလိုက် ထွက်ဆိုချက်များကို ရေးမှတ်၍ မှတ်တမ်းတင်ထားနိုင်သည်။

(ဂ) စစ်ဆေးမေးမြန်းခံရသူတို့၏ ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြပြီး ထွက်ဆိုသူက ဟုတ်မှန်ကြောင်း ဝန်ခံလျှင် ယင်းထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။

(ဃ) မိမိလက်မှတ်ရေးထိုးထားသောထွက်ဆိုချက်ပါ အချက်အလက်များကို ထင်ရှားပြီးသောအကြောင်းအရာများအဖြစ် သတ်မှတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*















# မြန်မာသဒ္ဒါသင်ကြားရေး (၄)

မောင်ခင်မင်(ဓနုဖြူ)

**သဒ္ဒါကို ကျောင်းသားနားလည်နိုင်အောင် ရှင်းရှင်းလင်းလင်းရေးဖို့၊ သင်ကြားဖို့လိုတာပေါ့။ သဒ္ဒါမှန်အောင်ဘယ်လို ဝါကျဖွဲ့ရမယ်။ ဘယ်အသုံးတွေက သဒ္ဒါမှားနေတယ်ဆိုတဲ့ဆီကို ရောက်အောင်မသွားဘဲ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုပဲ အလွတ်ကျက်မှတ်နေရမယ်ဆိုရင် သဒ္ဒါနည်းကျအောင် မှန်မှန်ကန်ကန်ရေးတဲ့ ဆီတော်တော်နဲ့ မရောက်တော့ဘူးပေါ့ကွယ်။ အဲဒီလိုဆိုရင် သဒ္ဒါသင်ရတာ မထိရောက်ဘူးပေါ့**

"နိုင်ငံခြားသား ပညာရှင်တွေပြုစုတဲ့ မြန်မာသဒ္ဒါတွေထဲမှာ အစောပိုင်းပေါ်ပေါက်တဲ့စာအုပ်သုံးအုပ်က တော်တော်ထင်ရှားတယ်"

"စာအုပ်နာမည်တွေ ပြောပြပါလားဆရာ"

"အေး...စာအုပ်နာမည်ရော၊ ရေးတဲ့သူရော မှတ်ထားဖို့ကောင်းတာပေါ့။ တိကျအောင်ဆရာ့မှတ်စုကိုကြည့်ပြီး ပြောမယ်။ အင်း...အင်္ဂလိပ်လူမျိုးဖဲလစ်ကယ်ရေး Felix Carey က ၁၈၁၄ ခုနှစ်မှာ A Grammar of The Burman Language ဆိုတဲ့မြန်မာသဒ္ဒါစာအုပ်ကို ပြုစုတယ်။ ဒီပုဂ္ဂိုလ်က ခရစ်ယာန်သာသနာပြုပဲ"

"ဟုတ်ကဲ့၊ မှတ်ထားပြီးပါပြီ"

"နောက်တစ်ယောက်က မင်းတို့၊ ဆရာတို့သိထားတဲ့ ဆရာယုဒသန်ပဲ။ အမေရိကန်လူမျိုးခရစ်ယာန်သာသနာပြု Dr. Judson ပေါ့။ ၁၈၁၆ ခုနှစ်မှာ ဆရာယုဒသန်က A Grammar of The Buman Language ဆိုတဲ့နာမည်နဲ့ပဲ မြန်မာသဒ္ဒါကျမ်းပြုစုတယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ယောက်ကတော့ ပညာရေးဝန်ထမ်းပဲ။ မစ္စတာလောင်းစဒေးတဲ့။ A.W. Lonsdale ပေါ့။ သူက ၁၈၉၉ ခုနှစ်မှာ Burmese Grammar and Grammatical Analysis ဆိုတဲ့ စာအုပ်ပြုစုတယ်။ ၁၉၀၀ ပြည့်မတိုင်ခင်က ပေါ်ပေါက်တဲ့စာအုပ်တွေပဲ"

"ဟုတ်ကဲ့"

"အဲဒီစာအုပ် သုံးအုပ်မှာ လောင်းစဒေးရဲ့သဒ္ဒါက ဝါစင်္ရှစ်ပါးအပြည့်အစုံပါတယ်။ ဖဲလစ်ကယ်ရေးရဲ့ သဒ္ဒါမှာတော့ နာမဝိသေသနမပါဘူး။ ယုဒသန်ရဲ့သဒ္ဒါမှာ ဝိဘတ်နဲ့သမ္ဗန္ဓမပါဘူး။ အခြေခံပုံစံကတော့ အားလုံးဝါစင်္လိုပုံစံပဲ"

"ဟုတ်ကဲ့ပါ"

"ဒီနေရာမှာ ဆရာကြီးမင်းသုဝဏ်ရဲ့ အဆိုအမိန့်ကို မှတ်ထားဖို့ကောင်းတယ်။ ဆရာကြီးက ဖဲလစ်ကယ်ရေးရဲ့ သဒ္ဒါကို သုံးသပ်ရာမှာ 'မြန်မာစကားကို အရိယာသဒ္ဒါမျက်စိဖြင့် ကြည့်ကာ အရိယာသဒ္ဒါပုံသွင်းထားသောကျမ်းဖြစ်သည်'လို့ မှတ်ချက်ချထားတယ်။ အရိယာဆိုတာ အာရိယန် Aryan လူမျိုးကိုဆိုလိုတာပါ။ အင်္ဂလိပ်သဒ္ဒါနဲ့ သဘောသဘာဝချင်းတူတဲ့ သဘောပါပဲ။ ဆရာယုဒသန်ရဲ့သဒ္ဒါနဲ့ပတ်သက်လို့လည်း ဆရာယုဒသန်ဟာ ဂရိဘာသာကျွမ်းကျင်သူဖြစ်တယ်။ ဂရိလက်တင်တို့ရဲ့ ဩဇာမက်တဲ့အင်္ဂလိပ်သဒ္ဒါတတ်သူလည်း ဖြစ်တယ်။ ဒါကြောင့် မြန်မာဘာသာကို လေ့လာရာမှာ အဲဒီသဒ္ဒါတွေရဲ့ အမြင်အတိုင်းမြင်မှာ ဖြစ်တယ်။ အဲဒီအမြင်နဲ့ ပြုစုထားတဲ့ ယုဒသန်ရဲ့သဒ္ဒါဟာ အင်ဒိုယူရိုပီယန် Indo European သဒ္ဒါပုံစံအတိုင်း ဖြစ်တယ်လို့ဆိုကြတယ်ဆိုတဲ့ အမေရိကန်ဘာသာဗေဒ ပညာရှင်ကော်နင် William Corhyn ရဲ့အဆိုကို ကိုးကားပြီးဆရာကြီးမင်းသုဝဏ်က မိန့်ဆိုထားတယ်ကွဲ့"

"ဟုတ်ကဲ့ပါ။ မှတ်သားစရာပါပဲ။ ဒါဆိုရင်အဲဒီသဒ္ဒါတွေဟာ မြန်မာစကားကို အင်္ဂလိပ်သဒ္ဒါပုံစံနဲ့ ပြုစုထားတဲ့ သဒ္ဒါတွေပေါ့နော်ဆရာ"

"အဲဒီလို ပြောရမှာပေါ့။ မြန်မာပညာရှင်တွေကလည်း သဒ္ဒါတွေ ပြုစုကြပါတယ်။ ၁၈၇၅ ခုနှစ်မှာ မော်လမြိုင်ဦးရွှေပွင့်ရဲ့ သဒ္ဒါကျမ်း၊ ၁၈၈၅ ခုနှစ်မှာ ဦးဘိုးလှုရဲ့ သဒ္ဒါသင်္ခေပကျမ်း၊ ၁၈၉၇ ခုနှစ်မှာ ဦးသာထိုရဲ့မြန်မာသဒ္ဒါသစ်ဆိုတဲ့ စာအုပ်တွေ ပေါ်ပေါက်တယ်။ ၁၈၉၉ ခုနှစ်မှာစောချင်တင်၊ ဘီအေရဲ့ အောက်တန်းမြန်မာသဒ္ဒါဆိုတဲ့ စာအုပ်လည်း ပေါ်ထွက်ကြောင်း တွေ့ရတယ်"

"အဲဒီသဒ္ဒါတွေကရော ဝါစင်္ရှစ်ပါးပုံစံပဲလား ဆရာ"

"ဒါပေါ့။ ဦးသာထိုရဲ့ မြန်မာသဒ္ဒါသစ်မှာဆိုရင် လောင်းမင်း Longman အင်္ဂလိပ်သဒ္ဒါနည်းအတိုင်း ဤမြန်မာသဒ္ဒါသစ်ကို စီရင်ထားပါသည်လို့တောင် ဖော်ပြထားသေးတယ်"

"ဟုတ်ကဲ့ပါ"

"ဒါက စာအုပ်နာမည်တချို့ကို နမူနာပြတာပါ။ အများကြီးရှိပါသေးတယ်။ အဲဒီသဒ္ဒါတွေဟာ ကျောင်းသုံးသဒ္ဒါတွေပဲ။ ကျောင်းမှာသင်ဖို့ ပညာရေးဌာန ကျောင်းသုံးစာအုပ်ကော်မတီကထောက်ခံတဲ့ စာအုပ်တွေပေါ့။ အဲဒီသဒ္ဒါစာအုပ်တွေ သင်ကြားတာနဲ့ ပတ်သက်ပြီး အသင်ခံခဲ့ရတဲ့ ဆရာကြီးတစ်ယောက်က အတွေ့အကြုံကိုရေးပြဖူးတယ်ကွဲ့"

"ဘယ်ဆရာကြီးပါလဲ ဆရာ"

"တခြားမဟုတ်ဘူး။ ဆရာကြီးဦးဖေမောင်တင်ပဲ။ 'မြန်မာကျမ်းများဖော်ထုတ်ပုံနှိပ်ခြင်း'ဆိုတဲ့ ဆောင်းပါးမှာရေးထားတာ"

"ဩော်"

"ဆရာကြီးရဲ့ အတွေ့အကြုံကို ပြောပြရာမှာ ဆရာကြီးဟာ ၁၈၉၆ ခုနှစ်ကနေ ၁၉၀၅ ခုနှစ်အထိပထမတန်းကနေ ကိုးတန်းအောင်တဲ့အထိ ရန်ကုန်အစိုးရတန်းမြင့်ကျောင်းမှာကိုးနှစ်ကျောင်းတက်ခဲ့တယ်။ ကျောင်းသားဘဝမှာ မြန်မာသဒ္ဒါကို ဂရုတစိုက်သင်ရတာကို သတိရနေပါတယ်တဲ့။ ဆရာကြီးသင်ရတဲ့ သဒ္ဒါကတော့ ခုနပြောတဲ့ လောင်းစဒေးရဲ့ သဒ္ဒါပဲ။ ဆရာကြီးက အဲဒီစာအုပ်မှာ ပါဠိလိုရေးထားတဲ့ သဒ္ဒါဆိုင်ရာဝေါဟာရတွေလည်း အဓိပ္ပာယ်ကို ကောင်းကောင်းနားမလည်တဲ့အကြောင်း ရေးပြထားတယ်။ ကျောင်းသားတွေဟာ အဲဒီဝေါဟာရတွေကို အလွတ်ကျက်ရတယ်တဲ့။ နမူနာပြရရင် A Transitive Verb of Incomplete Predication ကို ဝါစင်္မစုံ ကတ္တုကမ္မကြိယာလို့ အဓိပ္ပာယ်ပေးထားတာ 'မစုံ' ကလွဲရင် ကျန်တာတွေက ရှည်လျားတဲ့ ပါဠိစကားစုဖြစ်နေလို့ အခက်တွေ့တယ်တဲ့။ အဲဒီလိုပဲ Complex Suhordinate Clause ကို မိဿကနိဿိတဝါကျကဏ္ဍလို့ အဓိပ္ပာယ်ပေးထားတယ်တဲ့"

"ဩော်... ခက်တာပေါ့နော်"

"အဲဒီလိုပါဠိဝေါဟာရတွေ ၊အင်္ဂလိပ်ဝေါဟာရတွေကို အလွတ်ကျက်အာဂုံဆောင်ပြီးမှ မြန်မာသဒ္ဒါဆိုတာ ဒီလိုပါလားလို့ ရိုးတိုးရိပ်တိပ်မြင်လာတယ်တဲ့"

"ဟုတ်တာပေါ့နော်"

"ဆရာကြီး ဦးဖေမောင်တင်က ဘယ်လိုရေးထားသလဲဆိုရင် မစ္စတာလောင်းစဒေးကိုယ်တိုင် သူရေးတဲ့ မြန်မာသဒ္ဒါကို သင်ပြခွင့်ရရင်တောင် သင်ဖို့ တော်တော်ခဲယဉ်းတယ်ဆိုတာ တွေ့မှာပဲလို့ ရေးထားတယ်"

"ဩော်"

"ပြီးတော့ဝါကျတွေကို ခွဲခြမ်းစိတ်ဖြာတဲ့ Grammatical Analysis လည်း လက်တွေ့လုပ်ရတယ်။ အဲဒီလို ခွဲခြမ်းစိတ်ဖြာတာကို 'သမ္ဗာရပရိစ္ဆေဒ'လို့ ပါဠိလိုသုံးထားတယ်။ အဲဒီတုန်းက 'မြန်မာသဒ္ဒါနှင့် သမ္ဗာရပရိစ္ဆေဒလုပ်နည်း'ဆိုတဲ့ စာအုပ်တွေတွေ့ရတယ်"

"ဟုတ်ကဲ့"

"စဉ်းစားကြည့်လေ။ မြန်မာသဒ္ဒါရဲ့ သွင်ပြင်လက္ခဏာတွေကို မြန်မာစကား ရိုးရိုးနဲ့မရေးဘဲ အင်မတန်ခက်တဲ့ ပါဠိဝေါဟာရတွေနဲ့ရေးထားပြီး အဲဒါတွေကို အလွတ်ကျက်နေရတော့ ကြက်တူရွေးစကားသင်သလို ဖြစ်နေပြီး သဘောတရားကိုတော့ မည်မည်ရရ နားမလည်ဘဲ ဖြစ်နေတာပေါ့"

"ဟုတ်တာပေါ့နော်"

"ဆရာကြီးရေးထားတဲ့ အတိုင်းဖတ်ပြမယ်။ 'ဤအကြောင်းလေးတို့ကြောင့် ကျွန်တော်တို့သည် သဒ္ဒါကိုရွံရှာ၍ စာဖတ်ရန် မနှစ်သက်ကြချေ။ ဤကဲ့သို့ သဒ္ဒါအားဖြင့် နှိပ်စက်ကလူလုပ်ခြင်းကိုခံလာခဲ့ကြရာ ၁၉၂၀ ခုနှစ်လောက်ကျသောအခါ အချို့သောကျောင်းသားဟောင်းတို့သည် ဩဇာကြီးမားလာကြသဖြင့် ထိုနှိပ်စက်မှုမရှိရလေအောင် မြန်မာသဒ္ဒါ မည်သည်မရှိဟု ပညာရေးဌာနအား ပြောဆိုဖော်ပြကြ၏။ ပညာရေးဌာနကလည်း သဘောတူ၍ ကျောင်းသားများတွင် မြန်မာသဒ္ဒါသင်ကြားပြသမှုကို ရုပ်သိမ်းလိုက်လေသည်' ...တဲ့"

"ဟာ... ဒီအခြေအနေအထိတောင် ဖြစ်သွားတာကိုး"

"ဒါမြန်မာသဒ္ဒါသင်ကြားရေးမှာ အစောပိုင်းက ဖြစ်ခဲ့တာတွေပဲ။ မြန်မာသဒ္ဒါနာမည်တပ်ထားပေမယ့် သင်တော့ မြန်မာသဒ္ဒါဆီမရောက်ဘဲ ခက်ခဲရှည်လျားတဲ့ ပါဠိဝေါဟာရတွေနဲ့ပဲ နပန်းလုံးနေရတော့ ကျောင်းသားတွေ စိတ်ညစ်ပြီး မြန်မာသဒ္ဒါဆိုတာ မရှိဘူးဆိုတဲ့ အခြေအနေအထိ ဖြစ်ကုန်တာပေါ့"

"အဲဒီအကြောင်းကိုခု ဆရာပြောပြမှ ကျွန်မတို့သိရပါတယ်"

"သင်ခန်းစာယူစရာပေါ့ကွယ်။ မြန်မာသဒ္ဒါမရှိဘူးဆိုတာကတော့ အရင်ပြောခဲ့သလိုပဲ လက်ခံနိုင်တဲ့ စကားမဟုတ်ပါဘူး။ ဘယ်ဘာသာစကားမဆို သဒ္ဒါရှိတာချည်းပဲလေ။ မြန်မာစကားမှာလည်း သဒ္ဒါရှိတာပါပဲ။ အဲဒီသဒ္ဒါကို ကျောင်းသားနားလည်နိုင်အောင် ရှင်းရှင်းလင်းလင်းရေးဖို့ ၊သင်ကြားဖို့လိုတာပေါ့။ သဒ္ဒါမှန်အောင်ဘယ်လို ဝါကျဖွဲ့ရမယ်။ ဘယ်အသုံးတွေက သဒ္ဒါမှားနေတယ်ဆိုတဲ့ဆီကို ရောက်အောင် မသွားဘဲ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုပဲ အလွတ်ကျက်မှတ်နေရမယ်ဆိုရင် သဒ္ဒါနည်းကျအောင် မှန်မှန်ကန်ကန်ရေးတဲ့ဆီတော်တော်နဲ့ မရောက်တော့ဘူးပေါ့ကွယ်။ အဲဒီလိုဆိုရင် သဒ္ဒါသင်ရတာ မထိရောက်ဘူးပေါ့"

"ဆရာကြီး ဦးဖေမောင်တင်ကိုယ်တိုင်လည်း မြန်မာသဒ္ဒါတွေ ပြုစုခဲ့တယ်နော်"

"ဟုတ်တယ်။ ဆရာကြီးဟာ သူကျောင်းသားဘဝတုန်းက 'ရွံရှာ'လို့တောင် သုံးခဲ့တဲ့ မြန်မာသဒ္ဒါကို ပညာရှင်ဖြစ်လာတဲ့အခါမှာ ရှင်းလင်းထိရောက်အောင် သဒ္ဒါစာအုပ်တွေရေးသားပြုစုခဲ့တာ အထင်အရှားပဲလေ။ ဝါစင်္ရှစ်ပါး သဒ္ဒါတွေ လွှမ်းမိုးနေတဲ့ကာလမှာ အဲဒီလမ်းကြောင်း အတိုင်းမလိုက်ဘဲ မြန်မာဘာသာစကားရဲ့ သွင်ပြင်လက္ခဏာတွေကို ကြိုးစားဖော်ထုတ်တဲ့သဒ္ဒါတွေလည်း နောက်ပိုင်းမှာပေါ်လာပါတယ်။ ကဲ... နားကြဦးစို့။ ။

# အိုသွေးအမျိုးအစားမဟုတ်သည့်သွေးပိုင်ရှင်များနှလုံးရောဂါပိုမိုဖြစ်ပွားနိုင်ကြောင်းတွေ့ရှိ

ကလျာမိုးမြင့်

အိုသွေးမဟုတ်တဲ့ သွေးပိုင်ရှင်တွေဟာ နှလုံးရောဂါဖြစ်ပွားမှုနဲ့ လေသင်တုန်းဖြတ်ခြင်းကို အိုသွေးပိုင်ရှင်တွေထက် ပိုပြီးခံစားရနိုင်တဲ့အလားအလာအနည်းငယ်ပိုများတယ်လို့ ဆေးပညာရှင်တစ်စုက အကြံပြုထားပါတယ်။

ဒီလိုဖြစ်ရတဲ့အကြောင်းက အေသွေး၊ဘီသွေးနဲ့ အေဘီသွေးအမျိုးအစားရှိတဲ့သူတွေမှာ သွေးခဲစေတဲ့ ပရိုတင်းပမာဏမြင့်မားစွာ ပါဝင်နေမှုကြောင့်ဖြစ်တယ်လို့ငင်းတို့က ဖြေကြားထားပါတယ်။ ဒီတွေ့ရှိမှုက ဘယ်သူတွေက နှလုံးရောဂါပိုမိုဖြစ်ပွားလာနိုင်မယ့် အန္တရာယ်ရှိနိုင်လဲဆိုတာနဲ့ပတ်သက်ပြီး ဆရာဝန်တွေကို ကောင်းကောင်းနားလည်သဘောပေါက်လာစေခဲ့ပါတယ်။

ဒါပေမယ့် နှလုံးရောဂါဖြစ်ပွားမှုဆိုင်ရာ ပရဟိတအဖွဲ့ကတော့ နှလုံးရောဂါဖြစ်ပွားနိုင်မှုကို လျှော့ချပစ်ဖို့ဆိုရင်တော့ လူတွေဟာ ဆေးလိပ်သောက်တာကို လုံးဝမလုပ်ဘဲ ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်နိုင်ရေးကိုသာ အလေးထားဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။

လူပေါင်း ၁ ဒသမ ၃သန်းပါဝင်ခဲ့တဲ့ လေ့လာမှုတွေကို ခွဲခြမ်းစိတ်ဖြာတဲ့ သုတေသနတစ်ခုကို နှလုံးရောဂါကုထုံးဆိုင်ရာ ဥရောပကွန်ဂရက်အဖွဲ့က လုပ်ဆောင်ခဲ့ပါတယ်။ သုတေသနဖြစ်ရပ်အတွင်းမှာ အိုသွေးမဟုတ်တဲ့ သွေးအုပ်စုပိုင်ရှင်အယောက် ၁၀၀၀ မှာ ၁၅ ယောက်ဟာ နှလုံးရောဂါဖြစ်ပွားမှုရှိပြီး အိုသွေးအုပ်စုပိုင်ရှင်တွေရဲ့ နှလုံးရောဂါဖြစ်ပွားမှုထက် အနည်းငယ်ပိုများနေတယ်လို့ တွေ့ရပါတယ်။

ကွာခြားမှုရလဒ်အားဖြင့်သေးငယ်ပေမယ့် လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ချိလိုက်ရင် အရေအတွက်ကအရေးကြီးသွားပါပြီ။

ယခုတွေ့ရှိမှုမတိုင်မီကပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ခုမှာ ရှားပါးသွေးအုပ်စုအမျိုးအစားဖြစ်တဲ့ အေဘီသွေးပိုင်ရှင်တွေဟာ ခံနိုင်ရည်မရှိဆုံးသွေးအမျိုးအစားလို့ဆိုရမှာဖြစ်ပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေ ၂၃ ရာခိုင်နှုန်းလောက် ပိုများတယ်လို့ ရလဒ်ထွက်ပေါ်ခဲ့ပါတယ်။

ဗြိတိန်မှာဆိုရင် အိုသွေးဟာ အတွေ့ရအများဆုံး သွေးအမျိုးအစားဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ၄၄ ရာခိုင်နှုန်းဟာ အိုသွေးပိုင်ရှင်တွေပါ။

ဆေးလိပ်သောက်ခြင်း၊ အဝလွန်ခြင်း၊ ကျန်းမာရေးနဲ့ မလျော်ညီတဲ့ ပြုမူနေထိုင်ခြင်း စသည်ဖြင့် နှလုံးရောဂါကို ဖြစ်ပွားစေတဲ့အကြောင်းတွေကတော့ အများအပြား ရှိနေပါတယ်။ ကိုယ်လက်လှုပ်ရှားမှုနည်းနေသေးသရွေ့ကတော့ နှလုံးရောဂါဖြစ်ပွားနိုင်ခြေ ရှိနေဦးမှာပါပဲ။

လေ့လာမှုကို စာတမ်းရေးသားခဲ့တဲ့ နယ်သာလန်နိုင်ငံက ဂရိုနင်ဂန် ဆေးတက္ကသိုလ်က တယ်ဆာကိုလီက နောင်အနာဂတ်ကာလမှာ နှလုံးသွေးကြောနဲ့ဆိုင်တဲ့ ရောဂါဖြစ်ပွားမှုအန္တရာယ်ကိုကာကွယ်တားဆီးရာမှာ ကိုလက်စထရောပါဝင်မှု၊ အသက်အရွယ်၊ လိင်အမျိုးအစားနဲ့ သွေးဖိအားအပါအဝင်



သွေးအုပ်စုအမျိုးအစားကိုပါ ထည့်သွင်းတွက်ချက်စဉ်းစားရလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ ဘာကြောင့်အိုသွေး မဟုတ်သူတွေက နှလုံးရောဂါပိုဖြစ်နိုင်တာလဲဆိုတာနဲ့ ပတ်သက်ပြီးဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လေ့လာရဦးမှာဖြစ်တယ်လို့ တယ်ဆာက မှတ်ချက်ချခဲ့ပါတယ်။

(Health News)

ခ ရီး သွား ဆောင်း ပါး

# လွမ်းမောရသည် သံတောင်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်



တောင်ငူမြို့မှအထွက် မိုးခြိမ်းသံကြားလိုက်ရသည်။ မိုးအုံ့နေပြီး လေတိုက်နှုန်းမြင့်လာသဖြင့် မိုးများရွာလေမလားဟု တောင့်တနေမိသည်။ အပူရှိန်ပြင်းထန်နေသဖြင့် နေ့ပိုင်းတွင် အပူဒဏ်ကို သိသိသာသာ ခံစားရသည်။ တစ်နိုင်ငံလုံး အပူချိန်မြင့်တက်နေရာ ဘယ်နေရာသွားသွား အပူဒဏ်က လွတ်ကင်းသည်မရှိ။ ထစ်ချုန်းမိုး နေရာကွက်ကြားရွာနိုင်ကြောင်း သတင်းထုတ်ပြန်ထားရာ ကားဖြင့်ခရီးသွားရင်း မိုးကို တမ်းတနေမိသည်။ ရွာပါတော့မိုး...

ရန်ကုန်မှ နံနက် ၅ နာရီခန့်က ကားဖြင့်ထွက်ခွာလာသော ကျွန်တော်တို့ တောင်ငူမြို့ရောက်ချိန်တွင် နံနက် ၈ နာရီ ထိုးတော့မည်ဖြစ်သည်။ တောင်ငူမြို့တွင် ခေတ္တနားပြီးနောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စားသောက်ကာ ဆက်လက်ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့မော်တော်ယာဉ်က တောင်ငူမြို့ အရှေ့ဘက်သို့ မော်တော်ကားလမ်းအတိုင်း ထွက်လာခဲ့ရာ ခရီးစဉ်ဦးတည်ချက်က သံတောင်ကြီးဆီသို့။

ကားလမ်းအတိုင်း ခပ်မှန်မှန်မောင်းနှင်လာသော ကျွန်တော်တို့ကားအရှိန်ကြောင့် ပတ်ဝန်းကျင်မြင်ကွင်းကို ကောင်းကောင်းလေ့လာ၍ရသည်ဖြစ်ရာ အဆင်ပြေလေသည်။ တောင်ငူမြို့မှ သံတောင်ကြီးသို့ ၂၈ မိုင်ခန့်ဝေးပြီး ရန်ကုန်မြို့မှဆိုလျှင် မိုင် ၂၀၀ ခန့်ရှိကြောင်း သိရသည်။ တောင်ငူမြို့သို့ ကျွန်တော် အကြိမ်ကြိမ် ရောက်ဖူးသော်လည်း သံတောင်ကြီးသို့ တစ်ကြိမ်မျှ မရောက်ဖူးခဲ့။ ယခင်က နယ်မြေတည်ငြိမ်မှုမရှိသဖြင့် မသွားမရောက်ခဲ့သော်လည်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အချိန်တွင်လည်း တာဝန်များမအားလပ်၍ ခြေဦးမလှည့်နိုင်ခဲ့ခြင်းဖြစ်သည်။

အခု ရန်ကုန်မြို့မှ နံနက်စောစော ထွက်လာခဲ့ခြင်းမှာ နေ့ချင်းပြန်ခရီးဖြစ်၍ ရောက်ရှိလာခဲ့ခြင်းလည်းဖြစ်သည်။ ကားလမ်းခရီးက အဆင်ပြေသည်ဖြစ်ရာ သံတောင်ကြီးသည် ခရီးမဝေးတော့။ အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ယခုအကြိမ်တွင် အထမြောက်စွာဖြင့် သံတောင်ကြီးသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

ကားလမ်းဘေးတွင်ဝဲယာတွင် ကျေးရွာများကို တွေ့မြင်ရသဖြင့် မေးကြည့်ရာ မြန်မာရွာနှင့် ကရင်ရွာများဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သူများကြောင်း သိရသည်။ အေးအေးချမ်းချမ်းတည်ရှိနေသော ကျေးရွာများကို မြင်တွေ့ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှသည်။ ခပ်ဝေးဝေးမှ တောင်တန်းများအလှကြောင့် လွမ်းမောစရာလည်း ကောင်းသလို ရှုခင်းလည်း လှပလျက်ရှိနေသည်မှာ မြန်မာ့အလှ၊ မြန်မာ့သဘာဝကို ဖော်ကျူးနေသကဲ့သို့ ရှိနေသည်။

တကယ်တော့ ဤနေရာဒေသသည် ရှေးယခင်က တောင်ငူဘုရင် လက်အောက်ခံနယ်မြေများဖြစ်ပြီး တိုက်နယ်ခုနစ်နယ် သတ်မှတ်ထားခဲ့သည့်နေရာလည်းဖြစ်သည်။ တောင်ငူဘုရင်လက်ထက်တွင် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းနယ်မြေ၌ ကေခိုတိုက်နယ်၊ တပ်ပြေးတိုက်နယ်၊ မဲပလဲတိုက်နယ်များအဖြစ် သတ်မှတ်ကာ နယ်စားများခန့်အပ်တာဝန်ပေး အုပ်ချုပ်စေခဲ့ခြင်းဖြစ်သည်။

ကိုလိုနီခေတ်က အင်္ဂလိပ်အရာရှိများ အပန်းဖြေအနားယူရန်အတွက် သံတောင်ကြီးကို တောင်ပေါ်စခန်းမြို့ငယ်အဖြစ် ၁၈၅၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ကရင်ပြည်နယ် ပေါ်ပေါက်လာပြီး တောင်ငူခရိုင်အတွင်းမှ သံတောင်မြို့ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာခဲ့ဖူးသည်။ ၁၉၅၉ ခုနှစ်တွင် သပြေညွန့်၊ ဘောဂလိကြီး၊ လိပ်သို၊ ယာဒိုနှင့် သံတောင်မြို့သစ်တို့ကို စုပေါင်းထည့်သွင်းကာ သံတောင်ကြီးမြို့နယ်အဖြစ် ၂၀၀၆ ခုနှစ် မတ် ၃၀ ရက်က သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာခဲ့သည်များကို ပြန်တွေးနေမိသည်။

"သံတောင်ကြီးမြို့နယ်အတွင်းမှာ ငှက်ပျော၊ လက်ဖက်နဲ့ ကော်ဖီစိုက်ခင်းတွေရှိသလို ထွက်နှုန်းကောင်းပြီး အရည်အသွေးလည်းမြင့်တာမို့ ပြည်ပကို တင်ပို့ရောင်းချတာတွေလည်းရှိတယ်"ဟု တောင်ငူမြို့သား ကိုတင့်ဆွေက ပြောပြသည်။ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းသဖြင့် တောင်ငူငှက်ပျောသည် အရသာမှာ ချိုမွှေးနေရာ မြန်မာနိုင်ငံတစ်ဝန်း၌ နာမည်ကျော်လေသည်။ တကယ်တော့ တောင်ငူငှက်ပျောမှာ သံတောင်ဘက်မှ အများဆုံးထွက်သော ငှက်ပျောဖြစ်ရာ အချို့က သံတောင်ငှက်ပျောဟု ခေါ်ကြသလို အချို့က သံတောင်ရွှေငှက်ပျောဟုလည်း ခေါ်ကြသည်။



တောင်ငူမှ ပသီချောင်းရွာသို့ ရောက်လာသည်။ ပသီချောင်းရွာဝန်းကျင်တွင် တောင်ယာလုပ်ငန်း၊ လှေကားထစ်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ဝါးဖြင့်လုပ်သောတောင်းများပြုလုပ်ခြင်းတို့ကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြကြောင်း သိရသည်။ တောတောင်ရေမြေရှုခင်းက စိမ်းစိုလှပပြီး ဒေသခံပြည်သူများ လုပ်ငန်းခွင်ဝင်နေကြသည်ကို လှမ်းမြင်ရသည်။

ကျွန်တော်တို့ကားက သံတောင်မြို့သစ်သို့ ရောက်လာသည်။ သံတောင်မြို့သစ်သည် တောင်ငူမြို့မှ ၂၁ ကီလိုမီတာအကွာတွင် တည်ရှိပြီး သံတောင်ကြီးအမည်နှင့်လိုက်ဖက်စွာ သံတောင်လေးဟုလည်း ခေါ်တွင်ကြောင်း သိရသည်။ သံတောင်လေးကို ၁၉၅၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း ကိုတင့်ဆွေက ပြောပြသည်။ သံတောင်မြို့သစ်ကား အိုးအိမ်ကောင်းများဖြင့် မြို့ပြအသွင်ကို ဆောင်နေပြီဖြစ်သည်။

သံတောင်မြို့သစ်တွင် မရပ်တော့ဘဲ ကားကို ဆက်တိုက်မောင်းနှင်လာခဲ့ရာ မကြာမီအချိန်အတွင်း သံတောင်ကြီးမြို့သို့ ရောက်လာခဲ့ကြသည်။ သံတောင်ကြီးသည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၄၀၅၀ တွင်တည်ရှိပြီး မြို့တွင်း၌ ရှေးခေတ်ဗိသုကာလက်ရာ အဆောက်အအုံအချို့ကို တွေ့ရသည်။ သံတောင်ကို စတင်တည်ထောင်ခဲ့စဉ်က မြို့ရုံးစိုက်ရာဖြစ်ခဲ့သော်လည်း ၁၉၁၅ ခုနှစ်၌ လိပ်သိုမြို့သို့ မြို့နယ်ရုံးများ ပြောင်းရွှေ့ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် လိပ်သိုမှ သံတောင်ကြီးသို့ ပြန်လည်ပြောင်းရွှေ့ရုံးစိုက်ခဲ့ကြောင်း သိရသည်။

သံတောင်ကြီးသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ခရီးသွားများအတွက် ခရီးစဉ်ဒေသတစ်ခု ဖြစ်ခဲ့ပြီး အသွားအလာ များခဲ့သည်ဖြစ်ရာ ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ကြောင်း သိရသည်။ ယခင်က သွားလာမှုနည်းပါးခဲ့သော်လည်း ယခုအခါ အပန်းဖြေခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိလာပြီး ရန်ကုန်မြို့နှင့်လည်း နေ့ချင်းပြန်ခရီးအဖြစ် သွားလာ၍ရသည်ဖြစ်ရာ အဆင်ပြေလျက်ရှိသည်။

အနီးတစ်ဝိုက် ခရီးစဉ်များမှ ခြေကျင်ခရီးသွားလာနိုင်သော နေရာများသို့သွားရန် စီစဉ်လေသည်။ သံတောင်ကြီးမှ ခြေကျင်ခရီးသွားနိုင်သည့် နေရာများစွာရှိသော်လည်း အဆင်အပြေဆုံးလမ်းမှာ San Su Si B & B မှ ရေတံခွန်အထိ လမ်းလျှောက်လေ့လာခြင်းဖြစ်သည်။ ကျွန်တော်တို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ တောတောင်အတွင်း လမ်းလျှောက်သွားရခြင်းမှာ လေကောင်းလေသန့်ရရှိပြီး စိတ်ခံစားမှုအသစ်ဖြစ်ပေါ်စေသည်။ ကျေးငှက်သာရကာတို့၏ အသံများ၊ သစ်ပင်၊ ပန်းမန်များ၊ သစ်ရွက်စိမ်းအနံ့များက ကျန်းမာရေးအတွက်ကောင်းပြီး ကာဗွန်ကင်းစင်သည်ဖြစ်ရာ လေရှူရှိုက်ရသည်မှာ ထူးခြားကောင်းမွန်လှသည်။ မြို့ပြ၏ ကာဗွန်လွှမ်းနေသောလေထု၊ မိုးပျံ တိုက်တာအဆောက်အအုံများ၊ လူများ၊ ကားများကြောင့် လှောင်ပိတ်မွန်းကျပ်မှုများနှင့် ကင်းလွတ်ရာနေရာဖြစ်၍ အေးချမ်းသန့်စင်မှုအတိဖြစ်နေသည်။ သံတောင်မြို့ခံတစ်ဦးက လိုက်လံပို့ဆောင်ပေးသည်ဖြစ်ရာ အဆင်ပြေသွားသည်။ ရေတံခွန်လေးတစ်ခုသို့ ရောက်ရှိခဲ့ပြီး ခေတ္တအမောဖြေကာ နောက်ထပ်ရေတံခွန်တစ်ခုကို တစ်နာရီခန့်ထပ်သွားလျှင် ရောက်ရှိနိုင်သော်လည်း မသွားခဲ့ဘဲ ပြန်လှည့်လာခဲ့ကြသည်။ သဘာဝအလှတရား၊ ရှုခင်းများက သာယာရှုမောဖွယ်ရာကောင်းလေသည်။

**သံတောင်ကြီးသို့ လာရောက်ကြသူတိုင်း နော်ဘူဘောတောင်သို့ ရောက်အောင်သွားကြသည်။ လွမ်းဆွတ်ဖွယ်ရာ၊ ရင်နင့်ဖွယ်ရာ သမိုင်းကြောင်းနှင့် နော်ဘူဘောတောင်က အမြင့်ပေ ၄၈၂၄ ပေမြင့်ပြီး ခရီးသွားများ ဆုတောင်းဝတ်ပြုရာတောင်လည်း ဖြစ်သည်။ လှေကားထစ်ပေါင်း ၃၇၄ ထစ်ရှိရာ ကျွန်တော်တို့ တောင်ပေါ်သို့ ဖြည်းဖြည်းချင်း တက်ရောက်ခဲ့ကြသည်။ လှေကားထစ်များကို အဆင်ပြေစွာပြုလုပ်ထားသဖြင့် နင်းတက်ရသည်မှာ ခက်ခဲမှုမရှိ၊ လှေကားအကျယ် ခြောက်ပေ၊ လှေကားထစ်အရှည် ပေပေါင်း ၅၆၀ ရှိသော်လည်း တက်ရောက်ရသည်မှာ မောပန်းမှုမဖြစ်။**

သံတောင်ကြီးမြို့တွင်း လိုက်လံလေ့လာပြီးနောက် ကျွန်တော်တို့ နော်ဘူဘောတောင်သို့ သွားရောက်ခဲ့သည်။ သံတောင်ကြီးသို့ လာရောက်ကြသူတိုင်း နော်ဘူဘောတောင်သို့ ရောက်အောင်သွားကြသည်။ လွမ်းဆွတ်ဖွယ်ရာ၊ ရင်နင့်ဖွယ်ရာ သမိုင်းကြောင်းနှင့် နော်ဘူဘောတောင်က အမြင့်ပေ ၄၈၂၄ ပေမြင့်ပြီး ခရီးသွားများ ဆုတောင်းဝတ်ပြုရာတောင်လည်း ဖြစ်သည်။ လှေကားထစ်ပေါင်း ၃၇၄ ထစ်ရှိရာ ကျွန်တော်တို့ တောင်ပေါ်သို့ ဖြည်းဖြည်းချင်း တက်ရောက်ခဲ့ကြသည်။ လှေကားထစ်များကို အဆင်ပြေစွာပြုလုပ်ထားသဖြင့် နင်းတက်ရသည်မှာ ခက်ခဲမှုမရှိ၊ လှေကားအကျယ် ခြောက်ပေ၊ လှေကားထစ်အရှည် ပေပေါင်း ၅၆၀ ရှိသော်လည်း တက်ရောက်ရသည်မှာ မောပန်းမှုမဖြစ်။

ကြီးမားသော လက်ဝါးကပ်တိုင်ကြီးတစ်ခု တည်ဆောက်ထားသည်ကို ကျွန်တော်တို့ တွေ့ရသည်။ ၁၉၉၅ ခုနှစ် ဧပြီလက တည်ဆောက်ခဲ့သော လက်ဝါးကပ်တိုင်ကြီးမှာ အဝေးကပင် လှမ်းမြင်ရအောင် ကြီးမားခိုင်ခံ့စွာ ပြုလုပ်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့ နော်ဘူဘောတောင်ထိပ်သို့ ရောက်ရှိခဲ့ကြသည်။ တောင်ပေါ်တွင် သင်္ဘောပုံသဏ္ဌာန် အဆောက်အအုံတစ်ခုကို တွေ့ရပြီး ခရီးသွားဧည့်သည်များ ဝတ်ပြုဆုတောင်းနိုင်သည့် ခန်းမတစ်ခုလည်းရှိသည်ဖြစ်ရာ စိတ်အေးချမ်းစွာ ဆုတောင်းနိုင်လေသည်။

နော်ဘူဘောတောင်ပေါ်မှ ပတ်ဝန်းကျင်တစ်ခွင်ကို လှမ်းမျှော်ကြည့်လျှင် ဝေမှိုင်းစိမ်းစိုနေသော တောင်များ၊ တောင်တန်းများ၊ ကျေးရွာများ၊ စိုက်ခင်းများကို မှုန်ပျပျတွေ့မြင်ရသည်။ ဤမြင်ကွင်းက ရှမ်းပြည်နယ်ရှိ တောင်ကြီး၊ ကလော၊ လားရှိုး၊ သီပေါမြို့များအနီး ဝန်းကျင်အတိုင်း ဖြစ်နေသလို ချင်းပြည်နယ်ရှိ ဟားခါး၊ တီးတိန်မြို့များကဲ့သို့လည်း ဖြစ်နေရာ လွမ်းမောဖွယ်ရာ၊ စိတ်ချမ်းမြေ့ဖွယ်ရာ အတိပင်။ ခရီးသွားဧည့်သည်အချို့ကိုလည်း တွေ့မြင်ရပြီး ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောနစ်မျောကြသူများရှိသလို အမှတ်တရ ဓာတ်ပုံရိုက်နေသူများလည်း ရှိနေသည်။

နော်ဘူဘောတောင်ပေါ်တွင် အတန်ကြာလေ့လာကြည့်ရှုပြီးနောက် တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်။ သဘာဝတောတောင်ရေမြေက လှပလွန်း၊ ဆွဲဆောင်မှုအားကြီးလွန်းသဖြင့် စိတ်အတွေးနှင့် စိတ်ဝင်စားမှုကိုဖြတ်ပြီး ဆင်းလာခဲ့ရခြင်းဖြစ်သည်။ တောင်အောက်ရောက်ပြီးနောက် နော်ဘူဘောတောင်နှင့် ကပ်လျက်တည်ရှိသော ကရင်နှစ်သစ်ကူးတောင်ပေါ်သို့ တက်ရောက်ခဲ့ကြပြန်သည်။ ၁၀မိနစ်ခန့် တက်ရောက်ပြီးနောက် တောင်ထိပ်သို့ ရောက်ရှိခဲ့သည်။ တောင်ထိပ်တွင် ကရင်နှစ်သစ်ကူးနှင့်ဆိုင်သော ရိုးရာအထိမ်းအမှတ် အရာဝတ္ထုများကို တွေ့မြင်လေ့လာခဲ့ရသည်။ တောင်ထိပ်ပေါ်မှမြင်ကွင်းက နော်ဘူဘောတောင်ပေါ်မှ မြင်ကွင်းအတိုင်း ဖြစ်သော်လည်း အချို့မြင်ကွင်းများက ရှုထောင့်ပြောင်းသွားသည်ကို သတိပြုမိသည်။

ကျွန်တော်တို့ ကရင်နှစ်သစ်ကူးတောင်မှ ပြန်ဆင်းလာခဲ့ပြီးနောက် သံတောင်ကြီးမြို့တွင်းမှ လက်ဖက်ခင်းများဆီသို့သွားသည့် လမ်းကြောင်းအတိုင်း လမ်းလျှောက်ခဲ့ကြပြန်သည်။ လမ်းက ကျောက်ခင်းလမ်းဖြစ်ရာ လမ်းလျှောက်ရသည်မှာ ကောင်းမွန်သည်။ သံတောင်ကြီး၏ အထင်ကရနေရာများကို ဖြတ်သန်းလမ်းလျှောက်ခဲ့ရာ တဖြည်းဖြည်းနှင့် လက်ဖက်စိုက်ခင်းများဆီသို့ ရောက်ရှိခဲ့ကြသည်။ အတန်းလိုက် အစီအရီရှိပြီး အနိမ့်အမြင့်ညီညာစွာ စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများက ပန်းချီကားတစ်ချပ် ချခင်းထားသကဲ့သို့ ဖြစ်နေသည်။ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းများမှ လက်ဖက်ခြောက်များက ပြည်ပပို့ကုန်အဖြစ် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။ ကျွန်တော်တို့လက်ဖက်ခင်းများကို ဖြတ်သန်းခဲ့ရာ လေအဝေ့ဝယ် လက်ဖက်ရွက်ရနံ့သင်းသင်းများကို ရှူရှိုက်ရသည်မှာ အမောပြေစေသည်။ မကြာမီ လိပ်ပြာကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။ လိပ်ပြာကျေးရွာက လှပသောရွာလေးတစ်ရွာဖြစ်ရာ ပတ်ဝန်းကျင်တွင် စိုက်ခင်းများရှိနေသည်။ စိုက်ပျိုးရေးကို အဓိကအားထားသောရွာလေးဖြစ်ရာ လှပပြီး ကြည်မွေ့ဖွယ်ကောင်းသည့် ရွာလေးပင်ဖြစ်သည်။

ကျွန်တော်တို့နှင့်အတူ လိပ်ပြာရွာအထိ လမ်းပြအဖြစ် လိုက်ပါပေးခဲ့သော ကိုထွန်းဇံ၏ မိတ်ဆွေအိမ်၌ ခေတ္တနားကြသည်။ ဒေသထွက်လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းရနံ့သင်းသင်း၊ ငါးရံ့ခြောက်နှင့် ကောက်ညှင်းပေါင်းတို့ဖြင့် ဧည့်ခံရာ ဆာဆာနှင့် များများစားဖြစ်ခဲ့၍ အိမ်ရှင်တို့က တပြုံးပြုံးဖြင့် ကျေနပ်လျက်ရှိပြီး ထပ်ခါထပ်ခါ ထည့်ပေးနေသဖြင့် အားနာစိတ်ပင်ဖြစ်ခဲ့ရသည်။ အတန်ကြာအမောဖြေပြီးနောက် လိပ်ပြာရွာမှ ပြန်ထွက်လာခဲ့ကြသည်။

ညနေ ၃နာရီခန့်ရှိပြီဖြစ်ရာ ကျွန်တော်တို့ သံတောင်ကြီးမှ ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ အေးချမ်းသာယာလှသော သံတောင်ကြီးပတ်ဝန်းကျင် ရှုခင်းများက ကြည်နူးစိတ်အေးချမ်းဖွယ်ရာ ကောင်းသည်ဖြစ်ရာ စိတ်ထဲ တသသဖြစ်စရာပင်။ လွမ်းမောဖွယ်ရာသမိုင်းဖြစ်ရပ်များဖြင့် နော်ဘူဘောတောင်၊ ကြည်နူးဖွယ်ရာ လမ်းလျှောက်ခရီးစဉ်များကလည်း အခါခါ သွားရောက်လိုစိတ်များ ဖြစ်ပေါ်ရသည်။ အခုတော့... နေရစ်တော့ သံတောင်၊ လွမ်းမောဖွယ်ရာ သံတောင်ဟု စိတ်ထဲအတွေးထဲ ပုံရိပ်ထင်ကာ မှန်းဆရင်း...။ ။

# ဆောင်ရွက်ခဲ့ တစ်နှစ်တာ စားသုံးသူများအတွက်ပါ

**သတင်းဆောင်းပါး - နိုင်ဦး၊ မြင့်မြင့်ချို**

**ဓာတ်ပုံ- စားသုံးသူရေးရာ**

မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် အတည်ပြုပြဋ္ဌာန်းထားခဲ့ပြီးဖြစ်သည်။ ထိုဥပဒေအရ စားသုံးသူ/သုံးစွဲသူကို အကာအကွယ်ပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်က ဌာနခွဲခြောက်ခုဖြင့် သီးခြားဦးစီးဌာနတစ်ခုအဖြစ် ဖွင့်လှစ်တာဝန်ပေးအပ်ခဲ့သည်။

လုပ်ငန်းကော်မတီနှစ်ရပ်မှ အစည်းအဝေး ၆၄ ကြိမ် ပြုလုပ်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအဖြစ် စားသုံးသူပြည်သူများက တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်ခြင်း ၂၃ ကြိမ်၊ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း ၁၇ ကြိမ်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် အသိပညာပေးဟောပြောခြင်း ၁၁၂၅၃ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၅၆၆၉ ကြိမ်၊ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲ ၁၅ ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၅၀၉ ကြိမ်၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း ၈၁ ကြိမ်တို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။



**စားသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးများအတွင်း ရောင်းချသည့် အစားအသောက်များကို ကွင်းဆင်းစစ်ဆေးနေသော ဝန်ထမ်းများ**

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင်လည်း တိုင်းဒေသကြီး ဦးစီးမှူးရုံးများ၊ ပြည်နယ်ဦးစီးမှူးရုံးများ၊ ခရိုင်ရုံးများကို စနစ်တကျဖွဲ့စည်းကာ ဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် ရည်မှန်းချက်များဖြစ်သည့် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် စသည့်အချက်များ ချမှတ်၍ စားသုံးသူအကာကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စားသုံးသူပြည်သူများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးအတွက် အစိုးရသစ်လက်ထက်တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသစ်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဆွေးနွေးပွဲများကျင်းပကာ အကြံပြုချက်များရယူ၍ ရေးဆွဲခဲ့သည်။ ရေးဆွဲခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသစ်(မူကြမ်း)ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံထားပြီးဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရ၏ ၂၀၁၆ နိုဝင်ဘာ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁၂/၂၀၁၆)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကာ တည်ဆဲဥပဒေနှင့်အညီ တိုင်ကြားလာမှုများနှင့် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအပေါ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရသစ် တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များမှ အစည်းအဝေး ၇၂ ကြိမ်နှင့်

စားသုံးသူရေးရာဦးစီးဌာနသည် မတ် ၁၅ ရက် 'ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့' တွင် စားသုံးသူများ အခွင့်အရေး အပြည့်အဝရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်၊ ဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်ရေးနှင့် စားသုံးသူအခွင့်အရေးများကို သိရှိစေရန်အတွက်အခမ်းအနား(WCRD)ကို ကျင်းပပြုလုပ်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် USAID နှင့် EU- GIZ စသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍လည်း ပြည်သူများ စားသုံးသူအခွင့်အရေးများကို ပိုမိုသိရှိစေရေး၊ ဥပဒေများ ခိုင်မာစေရေးနှင့် ဆောင်ရွက်မည့်လုပ်ငန်းများ ပိုမိုထိရောက်စေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီ(ACCP)နှင့်လည်း ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူအခွင့်အရေးများကို အပြည့်အဝ ရရှိစေရေးနှင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်သည်။ စားသုံးသူများအနေဖြင့် မိမိတို့၏ နစ်နာမှုများကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ပါ ပြဋ္ဌာန်းချက်များအရ လွတ်လပ်ပွင့်လင်းမြင်သာစွာ အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက်လည်းကောင်း၊ မြန်ဆန်သွက်လက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်များတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (Consumer Information and Complaint Center-CICC) ရုံးများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ကားအသက်ကယ်လေအိတ်မပွင့်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ Hand Phone၊ TV ဝယ်ယူသုံးစွဲရာတွင် အာမခံကာလအတွင်း ပျက်စီး၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ သုံးစွဲရန်မသင့်သော ခြင်ဆေး၊ စားသုံးရန်မသင့်သော အအေးခဲအသားများ၊ ကြက်ဥ၊ ငရုတ်သီးမှုန့်များ စသည့် အစားအသောက်များအပြင် ငပိရည်ကျို၊ မှျင်ငါးပိများတွင် ဓာတ်မြေသြဇာများ၊ ခွင့်မပြုဓာတုဆိုးဆေးများ အသုံးမပြုရေးအတွက် ပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာ ဆက်စပ်အဖွဲ့များနှင့် ပူးပေါင်း၍လည်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ကွင်းဆင်းစစ်ဆေးချက်များအရ သံသယဖြစ်ဖွယ် တွေ့ရှိလျှင်သော်လည်းကောင်း၊ တိုင်တန်းလာပါကလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပေးလျက်ရှိသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးအပြည့်အဝ ရရှိစေရန်နှင့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ စားသုံးသူများအနေဖြင့် မိမိတို့၏ပြဿနာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ဖော်ပြပါ တယ်လီဖုန်း၊ Fax များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ် | Fax နံပါတ် |
|---|---|---|---|
| ၁ | ရန်ကုန် | ၀၁-၂၄၅၀၈၆<br>၀၁-၃၇၅၀၅၈ | |
| ၂ | ပဲခူး | ၀၅၂-၂၂၂၁၁၀၈ | ၀၅၂-၂၂၂၁၈၄၄ |
| ၃ | ဧရာဝတီ | ၀၄၂-၂၄၅၂၃ | ၀၄၂-၂၄၅၂၀ |
| ၄ | မန္တလေး | ၀၂-၃၆၃၄၀ | ၀၂-၃၆၃၄၀ |
| ၅ | ရခိုင် | ၀၄၃-၂၃၄၂၆ | ၀၄၃-၂၁၁၁၇ |
| ၆ | မကွေး | ၀၆၃-၂၃၁၉၆ | ၀၆၃-၂၃၁၉၉ |
| ၇ | ရှမ်း(တောင်ပိုင်း) | ၀၈၁-၂၁၂၁၆၁၅ | ၀၈၁-၂၁၂၁၆၂၇ |
| ၈ | ရှမ်း(အရှေ့) | ၀၈၄-၂၁၀၃၄ | ၀၈၄-၂၁၀၃၄ |
| ၉ | ရှမ်း(မြောက်) | ၀၈၂-၂၂၀၃၄၉၃ | ၀၈၂-၂၂၀၃၀၃၉ |
| ၁၀ | ကရင် | ၀၅၈-၂၁၀၄၁ | |
| ၁၁ | တနင်္သာရီ | ၀၅၉-၂၁၀၅၆<br>၀၅၉-၂၂၆၀၅ | ၀၅၉-၂၁၀၆၉ |
| ၁၂ | ကချင် | ၀၇၄-၂၂၄၁၇<br>၀၇၄-၂၂၄၅၉ | ၀၇၄-၂၂၃၃၅ |
| ၁၃ | ကယား | ၀၈၃-၂၁၄၉၇ | ၀၈၃-၂၁၀၀၅ |
| ၁၄ | မွန် | ၀၅၇-၂၄၈၀၉ | ၀၅၇-၂၄၃၁၈ |
| ၁၅ | စစ်ကိုင်း | ၀၇၁-၂၁၀၂၀ | ၀၇၁-၂၁၁၅၉ |

သို့ဖြစ်ရာ စားသုံးသူရေးရာဦးစီးဌာနသည် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ပညာပေးဟောပြောဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားများ ကျင်းပပြုလုပ်ပေးခဲ့ခြင်းတို့အပြင် စားသုံးသူများ၏ အခွင့်အရေးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် အကျိုးစီးပွားနစ်နာမှုများကို ကာကွယ်ပေးနိုင်ရေးတို့အတွက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍လည်း နစ်နာမှုများကို ဖွင့်လှစ်ထားသော CICC များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်ရုံးများသို့ တိုင်ကြားပေးကြပါရန် နွေးထွေးပျူငှာစွာ ဖိတ်ခေါ်အပ်ပါသည်။ ။

**စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများ၏ အခွင့်အရေးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် အကျိုးစီးပွားနစ်နာမှုများကို ကာကွယ်ပေးနိုင်ရေးတို့အတွက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍လည်း နစ်နာမှုများကို ဖွင့်လှစ်ထားသော CICC များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများသို့ တိုင်ကြားပေးကြပါရန် နွေးထွေးပျူငှာစွာ ဖိတ်ခေါ်အပ်ပါသည်**



# အထက်အညာမြေမှ အနောက်ဖျားဆီသို့ စီးဆင်းလာသော လက်ခတ်သံများ

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ - မင်းထက်**

အဆောက်အအုံပရိဝုဏ်အတွင်း စတင်ခြေချလိုက်သည်နှင့် ဂျောက်ဂျက်-ဂျောက်ဂျက်-ဂျောက်ဂျက်ဟူသော လက်ခတ်သံများ စုံညီသံပြိုင်ထွက်ပေါ်လာသည်ကို ကြားရသည်။ ချည်မျှင်အရောင်မျိုးစုံကို တက်ညီလက်ညီရက်လုပ်နေသည့် အမျိုးသား၊ အမျိုးသမီးငယ်တို့၏ လှုပ်ရှားမှုမှ ပေါ်ထွက်လာသော စည်းချက်ညီ ရက်ကန်းစင်များမှ လက်ခတ်သံများပင်။ ထိုလက်ခတ်သံများမှာ စစ်တွေမြို့နှင့် ကိုးမိုင်ခန့်ဝေးကွာသော ရန်ကုန်-စစ်တွေ လမ်းမကြီးဘေးရှိ စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာ ရွှေကျား ရခိုင်ရက်ကန်းထည် အသေးစားလုပ်ငန်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ရွှေကျား ရခိုင်ရက်ကန်းထည် အသေးစားလုပ်ငန်းသည် ပြီးခဲ့သော ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းတစ်ခုအဖြစ်မှ စတင်ခဲ့ခြင်းဖြစ်သည်။ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ တစ်ဆင့်လှမ်းကာ အသေးစားလုပ်ငန်းအဖြစ်သို့ တက်လှမ်းနိုင်ခဲ့သည်က တစ်နှစ်အတွင်းမှာပင်။ ယခုအခါ အသေးစားလုပ်ငန်းအဖြစ်မှ အလတ်စားလုပ်ငန်းတစ်ခုအဖြစ်သို့လည်း ပြောင်းလဲနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော်နေသော နိုင်ငံတော်အနေဖြင့် ရွှေကျား ရခိုင်ရက်ကန်းထည် အသေးစားလုပ်ငန်းကို ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည့် အလတ်စားလုပ်ငန်းတစ်ခုအဖြစ် မေ ၇ ရက်တွင် တိုးချဲ့ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။ ထို့သို့ ပြောင်းလဲနိုင်ခြင်းမှာ ပိုင်ရှင်ကိုယ်တိုင်ကပင် စိတ်အားထက်သန် ကြိုးစားမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုတို့ကို တစိုက်မတ်မတ် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့၏ ဝိုင်းဝန်းကူညီထောက်ပံ့ပေးမှုတို့ကြောင့်ပင် ဖြစ်သည်။



ရခိုင်ရိုးရာရက်ကန်း ရက်လုပ်နေစဉ်

"ရခိုင်ချည်တွေက အရင် တော်တော်လေး နေရာရခဲ့တယ်။ အရည်အသွေးကောင်း၊ ချည်ကောင်း၊ လက်ရာကောင်းခဲ့တယ်။ အဲဒီလိုကနေ တရုတ်ချည်ထည်တွေ ရောနှောလာတဲ့နောက်ပိုင်းမှာ နာမည်မရှိတော့ဘူး။ ရခိုင်ထည်ဆိုတာ တကယ့် ရိုးရာနာမည်လေးပဲ ကျန်တော့တယ်။ ဒါကို ကျွန်မ သဘောပေါက်လာတယ်။ ရိုးရာ ရခိုင်ချည်ထည်တွေကို ပြန်အကောင်အထည်ဖော်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုကို ဖြေလျှော့နိုင်ဖို့ စိတ်အားထက်သန်လာတာကြောင့် ရှိတဲ့အရင်းနှီးလေးနဲ့ ဒီတစ်ပိုင်တစ်နိုင် ရက်ကန်းလုပ်ငန်းလေးကို စခဲ့တာပါ"ဟု မိသားစု တစ်ပိုင်တစ်နိုင် ရက်ကန်းလုပ်ငန်းလေးကို စတင် အကောင်အထည်ဖော်ခဲ့သော ရွှေကျား ရခိုင်ရက်ကန်းထည် လုပ်ငန်းပိုင်ရှင် ဒေါ်မအေးက ပြောသည်။

ရခိုင်ရိုးရာ ရက်ကန်းလုပ်ငန်းသည် တစ်ခေတ်တစ်ခါက ရိုးရာလက်မှုလုပ်ငန်းများအကြား အောင်မြင်ကျော်ကြားသော မိသားစုလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ နောက်ပိုင်း ခေတ်ရေစီးကြောင်းအရလည်းကောင်း၊ အကြောင်းအမျိုးမျိုးတို့ကြောင့်လည်းကောင်း ရခိုင်ရိုးရာ လက်မှုလုပ်ငန်းတစ်ခုဖြစ်သော ရက်ကန်းလုပ်ငန်းမှာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ခဲ့ရသည်။ ယခုအခါ ရွှေကျား ရခိုင်ရက်ကန်းထည် လုပ်ငန်းမှ ပြန်လည်အသက်သွင်း လုပ်ကိုင်နေခြင်းဖြစ်သည်။ ရွှေကျား ရခိုင်ရက်ကန်း ထည်လုပ်ငန်းမှ ဒေါ်မအေးသည် မူလတန်းကျောင်းအုပ်တစ်ဦးဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုကို ဒေသခံပြည်သူတစ်ဦးပီပီ စိတ်အားထက်သန်သူဖြစ်သည်။ ဝန်ထမ်းဘဝ မိမိလုပ်ငန်းကိုလည်း ထိခိုက်မှုမရှိစေဘဲ မိသားစု တစ်ပိုင်တစ်နိုင် ရခိုင်ချည်ထည်လုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ခဲ့သူ ဖြစ်သည်။ ဒေသဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကို အထိုက်အလျောက် အကျိုးပြုနိုင်ခဲ့သည်က ဘယ်လိုမှမငြင်းသာ။

"ကျွန်မတို့ဒေသက အလုပ်အကိုင်အခွင့်အလမ်း တော်တော်လေး ရှားပါးတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုက အောက်ဆုံးအဆင့်နားမှာပါ။ ကျွန်မက မူလတန်းကျောင်းအုပ်တစ်ယောက် လုပ်ပေးနိုင်တာတစ်ခုအနေနဲ့ ဒီအထည်လေးတွေ ဈေးကွက်ရလာခဲ့ရင် ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းလေးတွေ ပေါ်များလာမလား။ အဲဒီလိုရည်ရွယ်ချက်နဲ့ ချည်သားစစ်စစ် နှစ် ၈၀/ နှစ် ၁၀၀ ချည် အပေါ်မှာ ရခိုင်ဒီဇိုင်းကို ရက်လုပ်နိုင်ရင် ကောင်းမှာပဲဆိုပြီး ခတ်ကြည့်ခဲ့တယ်။ ဒါပေမယ့် အသားကောင်းကောင်း ထွက်မလာဘူး။ အရည်အသွေးမကောင်းတော့ ဈေးကွက်မဝင်ခဲ့ဘူး။ ဒီတော့ လိုအပ်ချက်တစ်ခုခုတော့ ရှိနေပြီဆိုတာကို တွေးမိတယ်။ ဝန်ထမ်းဆိုတော့ အချိန်မရွေးလည်း သွားလို့မရဘူး။ ဒီလိုနဲ့ ကျောင်းပိတ်ရက်ရှည်တွေမှာ အင်းလေး၊ အမရပူရ၊ ရွှေဘို(ဆိတ်ခွန်)၊ ဝမ်းတွင်း အဲဒီဒေသတွေကို သွားကြည့်တဲ့အခါမှာ ဒီလိုလုပ်လို့ ဒီလိုအသားမျိုး ရတယ်ဆိုတာ ရွှေဘို(ဆိတ်ခွန်)မှာ အဖြေရှာတွေ့ခဲ့တယ်။ အဲဒါနဲ့ ရွှေဘို(ဆိတ်ခွန်)က ဆရာနှစ်ဦးငှားပြီး ရက်ကန်းစင် သုံးစင်နဲ့ အစပြုခဲ့တာပါ"ဟု ဒေါ်မအေးက ဆိုသည်။

ရက်ကန်းစင်သုံးစင်နှင့် မိသားစုတစ်ပိုင်တစ်နိုင် အစပြုခဲ့သော ရွှေကျား ရခိုင်ထည် လုပ်ငန်းသည် လတ်တလောတွင် ရက်ကန်းစင် ၂၆ စင်၊ ဒေသခံလုပ်သား ၃၀ ကျော်ဖြင့် လုပ်ငန်းများကို လည်ပတ်လျက်ရှိသည်။ ဒေသခံအလုပ်သမားများကို ခေါ်ယူကာ စရိတ်ငြိမ်း ပညာသင်ပေးခဲ့ပြီး တတ်မြောက်လာသော ဝန်ထမ်းများကိုလည်း အထိုက်အလျောက်ဝင်ငွေနှင့်အတူ အလုပ်အကိုင်အခွင့်လမ်းများကို ဒေသခံများအတွက် ဖန်တီးပေးနိုင်ခဲ့သည်။

ယင်းသို့လည်ပတ်လုပ်ကိုင်ရင်း အခွင့်အခါသင့်သောတစ်နေ့တွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရက ရခိုင်ပြည်နယ်အတွင်း အထည်ချုပ်စက်ရုံတစ်ရုံ တည်ပေးမည့် အစီအစဉ်နှင့်အတူ လက်ရက်ကန်းစင် ၁၀၀ ပါ တစ်ပြိုင်တည်း ထောက်ပံ့ပေးမည်ဟူသော အခွင့်အလမ်းကောင်းက ဒေါ်မအေးထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ယင်းသို့ဖြင့် လတ်တလော ဒေသခံ ၃၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်း ပေးထားနိုင်သော ရွှေကျားရခိုင်ထည်လုပ်ငန်းအား ဒေသဖွံ့ဖြိုးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန် ပြည်ထောင်စုအစိုးရက ရက်ကန်းစင် ၁၀၀ အတွက် ငွေကျပ် သိန်း ၆၀၀၊ ပြည်နယ်အစိုးရက ယင်းရက်ကန်းစင် ၁၀၀ ထားရှိရန် အဆောက်အအုံအတွက် ငွေကျပ် သိန်း ၈၃၀၊ စုစုပေါင်း ငွေကျပ် ၁၄၃၀ တို့ကို ကူညီထောက်ပံ့ခဲ့သည်။ နိုင်ငံတော်က ကူညီထောက်ပံ့ထားသော အဆိုပါ ငွေများကို လုပ်ငန်းရှင်အနေဖြင့် အတိုးမဲ့ အရစ်ကျ ပြန်လည်ပေးသွင်းရမည်ဖြစ်သည်။ ယခုအခါ ရွှေကျား ရခိုင်ရက်ကန်းထည်လုပ်ငန်းသည် မိသားစုတစ်ပိုင်တစ်နိုင်မှ ဒေသဖွံ့ဖြိုးမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်း ၁၀၀ ကျော် ဖန်တီးပေးနိုင်မည့် အလတ်စားလုပ်ငန်းအဆင့်သို့ တက်လှမ်းနိုင်တော့မည်ဖြစ်သည်။



ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းပိုင်ရှင် ဒေါ်မအေး




ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းတွင် ရက်လုပ်နေစဉ်

လတ်တလော ရွှေကျား ရခိုင်ရက်ကန်းထည်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသော ဒေသခံ မချိုမာဝင်းက "ကျွန်မက ပုဏ္ဏားကျွန်းမြို့နယ် ကံဘူးကျေးရွာဇာတိပါ။ ဒီမှာ အလုပ်ဝင်တာ သိပ်မကြာသေးပါဘူး။ အလုပ်ဝင်စ ၁၅ ရက်လောက်ပဲ ဒီရက်ကန်းရက်လုပ်တဲ့ပညာကို သင်လိုက်ရတယ်။ အခုတော့ ကောင်းကောင်းရက်လုပ်နိုင်ပါပြီ။ ဒီမှာနေရတာ၊ လုပ်ရတာ၊ အစားအသောက်ကအစ အဆင်ပြေပါတယ်။ အရင် ဒီအလုပ်မဝင်ခင်က ရှမ်းပြည်နယ်နယ်စပ် တာချီလိတ်မှာသွားပြီး ဈေးရောင်းတဲ့အလုပ် လုပ်ခဲ့ပါတယ်။ အရင်က ရက်ကန်းဆိုတာ ကြားပဲကြားဖူးခဲ့တာ၊ မြင်တောင်မမြင်ဖူးခဲ့ဘူး။ အခုဆိုရင် စက်ရုံလည်းဖွင့်တော့မယ်ဆိုတော့ ကျွန်မလိုပဲ ဒီဒေသခံတွေ အလုပ်ရကြတော့မှာပါ။ ကျွန်မကတော့ တခြားနယ်တွေမှာ သွားလုပ်တာနဲ့စာရင် ကိုယ့်ဒေသမှာ အခုလို အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာတာ ဝမ်းသာပါတယ်"ဟု ပြောသည်။

ရွှေကျား ရခိုင်ရက်ကန်းထည်လုပ်ငန်းသည် အလတ်စားလုပ်ငန်း ရက်ကန်းစက်ရုံအဖြစ် မေ ၇ ရက်တွင် ဖွင့်လှစ်ကာ စတင် လည်ပတ်လုပ်ကိုင်ပြီဖြစ်သည်။ ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်း ၁၀၀ ကျော် အလုပ်ပေးနိုင်မည်ဖြစ်ပြီး စတင်အလုပ်ဝင်စတွင် သင်တန်းသား၊ သင်တန်းသူများအား နေထိုင်မှုမှအစ စရိတ်ငြိမ်း စီစဉ်ပေးသွားမည်ဖြစ်ကာ တတ်ကျွမ်းအဆင့်ဖြစ်လာပါက အခကြေးငွေ/လစာဖြင့် ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်များ ဖန်တီးပေးမည့် ပထမဆုံး ရက်ကန်းစက်ရုံကြီးကား ပေါ်ထွက်လာလေပြီ။ အလုပ်အကိုင် အခွင့်အလမ်းများနှင့်အတူ လက်ခတ်သံများ မြိုင်ဆိုင်စွာ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ သို့ဖြစ်၍ တစ်ခေတ်တစ်ခါက ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ဖူးသော ရခိုင်ရိုးရာ လက်ရက်ကန်းခတ်သံများ နေရာတွင် အထက်အညာမြေဆီမှ ရက်ကန်းစင် လက်ခတ်သံများက မြန်မာနိုင်ငံ အနောက်ဖျားဆီသို့ အမှန်တကယ် စီးဆင်းလာတော့မည်ဖြစ်ပါကြောင်း။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ဆောက်လုပ်ရေးလုပ်သားတို့အနာဂတ် ပြီးပြည့်စုံနိုင်ပြီ

**သတင်းဆောင်းပါး-ခင်ရတနာ၊**
**ဓာတ်ပုံ-မေဉီးမိုး**



မတ်လအတွင်းက ဖွင့်လှစ်သည့် ဆောက်လုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်ရေးမှူးလုပ်ငန်းအတွက် သင်ကြားပို့ချပေးနေစဉ်

ဆူညံလှသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အရွယ်စုံ၊ အသက်စုံ အမျိုးသား၊ အမျိုးသမီးများ လုပ်ငန်းခွင်ဝင်ရောက်နေကြသည်။ သက်မွေးဝမ်းကျောင်းအတွက် ဒေသစုံ၊ နယ်စုံမှ ရောက်ရှိလာကြသူများဖြစ်ကြပြီး ကျွမ်းကျင်မှုအနေဖြင့် လက်ဆင့်ကမ်းသင်ယူမှုများဖြင့်သာ လုပ်ကိုင်ကြခြင်းဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အတတ်ပညာများ၊ ဆင့်ပွားသင်ယူတတ်မြောက်ခြင်း (Advance) အထိ အတတ်ပညာများကိုမူ ထပ်မံသင်ယူရန် အခွင့်အလမ်းနည်းပါးလှသည်။

နိုင်ငံတကာတွင် အုတ်စီခြင်း(ပန်းရန်) အတတ်ပညာကိုပင် စနစ်တကျ သင်ယူလေ့ကျင့်မှုဖြင့် ဗိသုကာမြောက်သည့် ပန်းရန်အတတ်ပညာ (အုတ်စီခြင်း)ကို သင်တန်းကျောင်းများက သင်ကြားပေးလေ့ရှိသည်။ ထိုသူများသည် အကြံဉာဏ်ကောင်းများ၊ နည်းပညာကောင်းများ၏ အကူအညီဖြင့် မြောက်မြားစွာသော ဗိသုကာအဆင့်အတန်းမြင့် ဆောက်လုပ်ရေးလုပ်သားများဖြစ်လာကြပြီး သက်မွေးပညာရှင်များအဖြစ် ရောက်ရှိလာသဖြင့် လစာနှင့် ဘဝရပ်တည်မှုသည်လည်း အလွန်မြင့်မားလာကြသည်။

ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပြည်တွင်းဆောက်လုပ်ရေး လုပ်သားများ ဈေးကွက်သည် နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက အလွန်ပင်နည်းပါးနေကြရသေးသည်။ မြင့်မားသည့် အဆောက်အအုံများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမှု ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဆောက်လုပ်ရေးလုပ်သား ဈေးကွက်အချို့တွင် ပြည်ပမှ ဆောက်လုပ်ရေးလုပ်သားများကို ခေါ်ယူအသုံးပြုသည်ကိုလည်း မြင်တွေ့ရသည်။ ပြည်တွင်းလုပ်သားများကို ခေါ်ယူသော်လည်း အများစုကို အရည်အသွေးမပြည့်မီဟု ထင်မြင်ချက်ပေးကြပြီး လုပ်ခနှင့်လစာမှာ အလွန်ပင်ကွာခြားကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်မှလည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ကျွမ်းကျင်လုပ်သားအဖြစ် တာဝန်ယူဆောင်ရွက်နိုင်သူများ ဖြစ်လာကြစေရေးနှင့် အရည်အသွေးနှင့် စွမ်းအားပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်ကို ဖန်တီးဖော်ဆောင်နိုင်သည့် လုပ်သားများ ဖြစ်လာစေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် ပူးပေါင်းကာ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကို ပို့ချပေးရန် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်း၍ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း) တွင် ဒုတိယအကြိမ်အဖြစ် ဆောက်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို မေ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားတို့၏ အရည်အသွေးကို မြှင့်တင်ပေးရန် ကြိုးပမ်းလျက်ရှိသည်။

**သင်တန်းကာလပြီးဆုံးပြီး လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် အလုပ်အကိုင်ရရှိစေရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းမှ ပူးပေါင်းကူညီပေးသွားမည် ဖြစ်ခြင်းကြောင့် လူငယ်များအတွက် အလွန်ပင်အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်**

အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၊ JICA Myanmar Office နှင့် KND Corporation တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ၊ Institute of Technologist မှ သင်တန်းဆရာများ၊ သင်တန်းတက်ရောက်မည့် သင်တန်းသားများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Mr.Yuichiro Funai, First Secretary နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ပိုင်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး မျိုးဆက်သစ်ဆောက်လုပ်ရေးလုပ်သားများအတွက် အခွင့်အလမ်းများကို ဖန်တီးပေးဖြစ်ခဲ့ပုံများကို ပြောကြားခဲ့သည်။

"မိမိတို့ ဝန်ကြီးဌာနအနေနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ကို နိုင်ငံတော်ရဲ့ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ပေးနိုင်ရေးဟာလည်း အထူးလိုအပ်လာပါတယ်။ ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းတွေအတွက် ကူညီဆောင်ရွက်ပေးနိုင်ဖို့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ JICA အဖွဲ့အစည်းဘက်ကနေလည်း ကူညီဆောင်ရွက်ပေးသွားဖို့ သဘောတူညီခဲ့တဲ့အတွက် အခုလို ဆောက်လုပ်ရေးဆိုင်ရာ သင်တန်းတွေကို ဖွင့်လှစ်သွားဖို့ စီစဉ်ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးက အဆိုပါ အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

မေ ၅ ရက်တွင် ဖွင့်လှစ်သည့် ဆောက်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများအဖြစ် လက်သမားသင်တန်း၊ ပန်းရန်အချောကိုင်သင်တန်းနှင့် သံချည်သံကွေးသင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတစ်မျိုးလျှင် သင်တန်းသား ၄၀ ကို သင်ကြားပေးသွားမည်ဖြစ်ကာ စုစုပေါင်း သင်တန်းသား ၁၂၀ ကို မေ ၅ရက်မှ စတင်ပြီး ဩဂုတ် ၃၁ရက်အထိ လေးလနီးပါး သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ကျွမ်းကျင်လုပ်သားအဖြစ် တာဝန်ယူလုပ်ဆောင်နိုင်သောသူများ ဖြစ်လာကြပြီး အရည်အသွေးပြည့်ဝသည့် ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်သောလုပ်သားများဖြစ်လာစေရန် ရည်ရွယ်ထားကြောင်း၊ နောင်အနာဂတ်တွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ကြီးကြပ်သူများအဖြစ် လုပ်ကိုင်နိုင်ရန် မျှော်မှန်းကြောင်း သင်တန်းဖွင့်ပွဲတွင် ဒေါ်ခင်နွေဦးက သင်တန်းသားများကို ပြောကြားခဲ့သည်။

"ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲနဲ့ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာလုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ မြန်မာလုပ်သားထုတစ်ရပ်လုံးအတွက် အကောင်အထည်ဖော်တဲ့ အပိုင်းတွေမှာတော့ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာတွေနဲ့ ငွေကြေးအထောက်အပံ့တွေစတဲ့ ကဏ္ဍတွေမှာ အကန့်အသတ်တွေရှိနေဆဲဖြစ်တာကြောင့် အခုလို ဖွံ့ဖြိုးရေးမိတ်ဖက်များရဲ့ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုတွေက အများကြီးလိုအပ်နေပါတယ်။ အရေးပါနေပါတယ်"ဟု ဒေါ်ခင်နွေဦးက ပြောသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်အစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် သင်တန်းများကို အကောင်အထည် ဖော်ပေးသည့် KND Corporation မှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပြီး အဆိုပါ သင်တန်းတွင် ဂျပန်နိုင်ငံ Institute of Technologist မှ ကျွမ်းကျင်သည့် နည်းပြဆရာများက ပါဝင်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ယခုသင်တန်းသည် အခမဲ့သင်တန်းဖြစ်ပြီး သင်တန်းသားများအနေဖြင့် သင်တန်းပျက်ရက်မရှိ တက်ရောက်စေရန်၊ သင်ကြားသည့်ဘာသာရပ်များကို စိတ်ပါဝင်စားစွာအာရုံစူးစိုက်လေ့လာကြစေရန်၊ သင်တန်းတွင် ဘာသာပြန်ပါရှိသဖြင့် မသိသည်များကို မေးမြန်းနိုင်ကြပြီး သင်တန်းသားများအနေဖြင့် သင်တန်းကို အောင်မြင်စွာတက်ရောက်နိုင်မှသာ မြန်မာနိုင်ငံတော်အစိုးရနဲ့ ဂျပန်နိုင်ငံတို့၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရည်ရွယ်ချက်များ ပိုမိုအောင်မြင်စေမည်ဖြစ်သည်။

"အခု JICA နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်းကနေ စုစုပေါင်းသင်တန်းသား ၄၈၀ ကို မွေးထုတ်ပေးသွားဖို့ ရည်မှန်းထားပါတယ်။ အခုသင်တန်းတွေဟာ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးဖွင့်လှစ်တဲ့ ဆောက်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်သင်တန်းတွေဖြစ်လာမှာပါ။ ဒါကလည်း ကိုယ့်နိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်း ကဏ္ဍတစ်ခုလုံးအတွက်ရော၊ အလုပ်သမားတွေရဲ့ လုပ်ခလစာအတွက်ရော၊ ကျွမ်းကျင်လုပ်သားလိုအပ်ချက်အတွက်ပါ အတိုင်းအတာတစ်ခုအထိဖြည့်ဆည်းပေးသွားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ဒေါ်ခင်နွေဦးက ဆောက်လုပ်ရေးလုပ်သားများအတွက် အနာဂတ်ရည်မှန်းချက်ကိုပြောပြသည်။

ထို့ပြင် ပြီးခဲ့သည့် မတ်လကလည်း ဆောက်လုပ်ရေးကုမ္ပဏီများတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် အင်ဂျင်နီယာများနှင့် ကြီးကြပ်သူများအတွက် လုပ်ငန်းခွင်ကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေရေးအတွက် ဆောက်လုပ်ရေးဆိုင်ရာ ကြီးကြပ်ရေးမှူး သင်တန်းကို ဇန်နဝါရီ ၁၉ ရက်မှ မတ် ၁၀ ရက်အထိ သင်တန်းသား ၃၆ ဦးကို လေ့ကျင့်သင်ကြားပို့ချပေးနိုင်ခဲ့သည်။

သင်တန်းများပြီးဆုံးသွားပါက MONOTSUKURI Institute of Technologists နှင့် ဂျပန်နိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် KND Corporation တို့မှ အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးမည်ဖြစ်ပြီး မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ် အသီးသီးတွင် ကျွမ်းကျင်သက်မွေးပညာရပ်များဖြင့် အသီးသီး လုပ်ငန်းခွင် ဝင်ရောက်နိုင်တော့မည်ဖြစ်သည်။

သင်တန်းကာလပြီးဆုံးပြီး လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် အလုပ်အကိုင်ရရှိစေရေးအတွက် ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ပူးပေါင်းကူညီပေးသွားမည်ဖြစ်ခြင်းကြောင့် လူငယ်များအတွက် အလွန်ပင်အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပြီး ထပ်မံဖွင့်လှစ်မည့်သင်တန်းများကို တက်ရောက်လိုပါကလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနလက်အောက်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ ကျွမ်းကျင်မှုစံနှုန်းဖြင့် တိုင်းတာကာ လုပ်ခလစာ သတ်မှတ်ခြင်း၊ နေရာသတ်မှတ်ခြင်းများ ရှိကြသည်။ ယခုကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ကျွမ်းကျင်သူများ ဖြစ်ပေါ်လာခြင်းဖြင့် အာဆီယံအသိအမှတ်အပြု မြန်မာ့ဆောက်လုပ်ရေး ကျွမ်းကျင်လုပ်သားများ ပိုမိုထွက်ပေါ်ကာ အလုပ်သမားတို့၏ အနာဂတ် လှပလာစေရန်အတွက် နိုင်ငံတော်မှ ဖွင့်လှစ်သည့် အခမဲ့သင်တန်းများသို့ တက်ရောက်ခွင့်ရရန် ကြိုးပမ်းကြခြင်းဖြင့် ကျွမ်းကျင်ပညာရှင်များ ဖြစ်လာနိုင်ရန် ဆန္ဒပြုလိုက်ရပါသည်။ ။

## စလင်းမြို့တွင် ညောင်ရေသွန်းပွဲကျင်းပမည်

**စလင်း မေ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မေလ ၁၀ ရက်(ကဆုန်လပြည့်နေ့)၌ ညောင်ရေသွန်းပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စလင်းမြို့ ကုသိနာရုံရွှေပြည်အေးဘုရားပွဲတော်ကို မေ ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကာ နှစ်စဉ်အစဉ်အလာမပျက်ပြုလုပ်မြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကိုလည်း ရပ်ကွက်ခြောက်ခုမှ ဖိတ်ကြားထားသူများနှင့် ဓမ္မစကူးအဖွဲ့များ ပူးပေါင်းပါဝင်၍ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းနေ့ ညနေ ၄ နာရီတွင် မြို့လယ် လေးတိုင်စင်တွင်စုဖွဲ့ပြီး အိုးစည်ဒိုးပတ်၊ အကများဖြင့် လှည့်လည်ကြမည်ဖြစ်ကြောင်း၊ မြို့နေမိန်းမပျိုလေးများကလည်း ညောင်ရေသွန်းလောင်းမည့် အိုးငယ်လေးများကို ရွက်၍ စီတန်းလှည့်လည်ကာ ရွှေပြည်အေးဘုရားကြီးရှိ ဗောဓိညောင်ပင်ကို သွန်းလောင်းကြမည်ဖြစ်ကြောင်း၊ ယင်းနေ့တွင်ပင်ဝက်သည်းကန် ရွှေမုဋ္ဌောဘုရားတွင်လည်း ညောင်ရေသွန်းပွဲကိုကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## နယ်လှည့်တီဘီရှာဖွေကုသရေးအဖွဲ့မှ အခမဲ့ ဆေးဝါးကုသပေး

**ဟားခါး မေ ၆**

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းမှ ပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီးမှ တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာညိမ်းညိမ်းအေး ဦးဆောင်ပြီး အဖွဲ့ဝင်ကိုးဦးပါဝင်သည့် နယ်လှည့်တီဘီရောဂါ ရှာဖွေကုသရေးအဖွဲ့က တီဘီရောဂါ ရှာဖွေကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ မေ ၄ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆေးကုသပေးခဲ့ခြင်းဖြစ်ပြီး ဟားခါးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ မေ ၄ ရက်တွင် ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါး ကုသပေးခဲ့ကာ အဆိုပါ နယ်လှည့်တီဘီရောဂါရှာဖွေကုသရေးအဖွဲ့အနေ ဖြင့် မေ ၃ ရက်မှ ၇ ရက်အတွင်း ဟားခါးမြို့ မြို့သစ်ရပ်ကွက်၊ ဈေးသစ်ရပ်ကွက်နှင့် ဟားခါးမြို့နယ်အတွင်းရှိ ဆတ္တားကျေးရွာနှင့် ဆူရ်ခွါးကျေးရွာများတွင် ကွင်းဆင်းဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်းဆိုင်ရာများသုံးသပ်ဆွေးနွေး

**ဟင်္သာတ မေ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို ဧပြီလနောက်ဆုံးပတ်က ဟင်္သာတမြို့ သာသနဗိမာန်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဟင်္သာတမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရောဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်စိုး၊ မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်တို့က အမှာစကားပြောကြားပြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသန်းဇော်လွင်က မြစိမ်းရောင် စီမံကိန်းဆိုင်ရာဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနာယကများ၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးလက်ဦးစီးဌာန မြစိမ်းရောင်စီမံကိန်း ကျေးရွာတာဝန်ခံဝန်ထမ်းများက စီမံကိန်းဆိုင်ရာအားနည်းချက်၊ အားသာချက်၊ အခက်အခဲများကို အကြံပြုဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆွေးနွေးကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း သစ်တောပြုန်းတီးမှုများ လျော့နည်းစေရန် အုတ်ဖုတ်လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်သွားမည်

**မန္တလေး မေ ၆**



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းဒေသ သစ်တောပြုန်းတီးမှုများကို လျော့နည်းကျဆင်းစေရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနယ်မြေအတွင်းရှိ အုတ်ဖုတ်လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်နိုင်ရန် အဆိုပါလုပ်ငန်းလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်အရေအတွက်နှင့် အုတ်ထုတ်လုပ်သည့် ပမာဏကို စစ်တမ်းများကောက်ယူထားရှိပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ယင်းနယ်မြေအတွင်း အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြေပြင်အခြေအနေအား ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အုတ်ထုတ်လုပ်မှုအခြေအနေများ စုဆောင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလာခဲ့ကြောင်း သိရသည်။

"အခုကောက်ယူထားတဲ့ စာရင်းတွေအရ ပထမအဆင့် ဆောက်လုပ်ရေးဝန်ကြီးနဲ့ တိုင်ပင်ဆွေးနွေးမယ်။ ပြီးရင် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ဘိလပ်မြေသုံး နေလှန်းအုတ်များထုတ်လုပ်ခြင်း၊ စပါးခွံ၊ ဆီးခွဲခြမ်းများကို အစားထိုးသုံးစွဲခြင်းဖြင့် သဘာဝပေါက်ရောက်နေတဲ့ အပင်တွေ ဆုံးရှုံးမှုသက်သာစေမယ့် အသိပညာပေးမှုတွေလုပ်မယ်။ ဒါတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးရမှာပါ" ဟု ၎င်းကပြောသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်တွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ ၂၂၉ ဦးရှိပြီး တစ်နှစ်လျှင် အုတ်ချပ်ရေ ၇၂၇၅၀၀၀ ခန့်ထုတ်လုပ်လျက်ရှိကာ အုတ်ဖုတ်ရာတွင် အဓိကအားဖြင့် ထင်းကိုသာလောင်စာအဖြစ် သုံးစွဲကြပြီး ကျောက်မီးသွေး၊ ထန်းသား၊ ဆီးခွဲခြမ်းများနှင့်လည်း တွဲဖက်သုံးစွဲကြကြောင်းနှင့် ပျမ်းမျှအားဖြင့် အုတ်တစ်သောင်းချပ်ထုတ်လုပ်နိုင်သည့် အုတ်ဖိုတစ်ဖိုလျှင် ထင်းလှည်းစီးရေ ၃၀ ခန့် ကုန်ကျ၍ တိုင်းဒေသကြီးအတွင်း အုတ်ဖုတ်လုပ်ငန်းအတွက်နှစ်စဉ် ထင်းတန် ၆၅၀၀၀ခန့်သုံးစွဲနေရကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက်အုတ်ဖုတ်လုပ်ငန်း ဆောင်ရွက်နေသူများစာရင်းအနေဖြင့် ကျောက်ဆည်ခရိုင်တွင် လုပ်ငန်းရှင် ၁၃ ဦး မှ အုတ်ချပ် ၅၅၀၀၀၀ ကိုလည်း ကောင်း၊ မြင်းခြံခရိုင်တွင် လုပ်ငန်းရှင် ၈၉ ဦးမှ အုပ်ချပ် ၁၆၉၅၀၀၀ကို လည်းကောင်း၊ ရမည်းသင်းခရိုင်တွင် လုပ်ငန်းရှင် ၃၂ဦးမှ အုတ်ချပ် ၄၈၀၀၀၀၀ ကိုလည်းကောင်း၊ ညောင်ဦးခရိုင်တွင် လုပ်ငန်းရှင် ၂၉ ဦးမှ အုပ်ချပ် ၈၀၀၀၀ ကိုလည်းကောင်း၊ မိတ္ထီလာခရိုင်တွင် လုပ်ငန်းရှင် ၆၆ ဦးမှ အုပ်ချပ် ၁၄၂၀၀၀၀ ကို လည်းကောင်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မုံရွာသင်္ကြန်အလှခါတ်ပုံပြိုင်ပွဲဆုရသူစာရင်းအတည်ပြုထုတ်ပြန်

**မုံရွာ မေ ၆**

မုံရွာခါတ်ပုံအသင်း၏ ပထမအကြိမ် ခါတ်ပုံပြိုင်ပွဲကို သင်္ကြန်အလှမယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယအကြိမ် လူသစ်တန်းလပတ်(၂/၂၀၁၇) အတွက်ပျော်ရွှင်မြူးကြွ သင်္ကြန်အလှ (ရှုချင်စဖွယ်ရောင်စုံခါတ် ပုံပြိုင်ပွဲဆုရစာရင်းများကို မေ ၄ ရက် တွင် ပြိုင်ပွဲကျင်းပရေးကော်မတီက ကြေညာခဲ့ကြောင်း သိရသည်။

"သင်္ကြန်အလှမယ်ပြိုင်ပွဲမှာ ပထမဆုအောင်ကိုကိုချစ်၊ ဒုတိယဆု ဦးဟိန်းမင်းစိုး၊ တတိယဆု ဝင်းထွန်းထွန်းသိန်း၊ နှစ်သိမ့်ဆု ၁-ကိုမျိုးအောင် (ချမ်းသာ) နှင့် နှစ်သိမ့်ဆု ၂- မျိုးမင်းသူ၊ နှစ်သိမ့်ဆု ၃- ဇော်မျိုးလွင်တို့က ရရှိပါတယ်။ ပျော်ရွှင်မြူးကြွသင်္ကြန်အလှ ပြိုင်ပွဲမှာ ပထမဆုကို မျိုးအောင် (ချမ်းသာ)၊ ဒုတိယဆု စိန်လင်းကျော်၊ တတိယဆု ဦးဟိန်းမင်းစိုး၊ နှစ်သိမ့်ဆု ၁- ကိုမျိုးအောင်(ချမ်းသာ)၊ နှစ်သိမ့်ဆု ၂ စိန်လင်းကျော်၊ နှစ်သိမ့်ဆု ၃- ဦးကျော်ဆင့်တို့က ရရှိပါတယ်။ သင်္ကြန်အလှမယ်ကို ပထမဆု ငွေကျပ် ၇၀၀၀၀၊ ဒုတိယဆုငွေကျပ်၃၀၀၀၀၊ တတိယဆုငွေကျပ်၂၀၀၀၀၊ နှစ်သိမ့်ဆုသုံးဆုကိုငွေကျပ် ၁၀၀၀၀ စီချီးမြှင့်ဖို့ စီစဉ်ထားပါတယ်။

ပျော်ရွှင်မြူးကြွ သင်္ကြန်အလှအတွက် ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ၅၀၀၀၀၊ တတိယဆုငွေကျပ် ၃၀၀၀၀ နဲ့ နှစ်သိမ့်ဆု သုံးဆုအတွက်ငွေကျပ် ၁၅၀၀၀ စီချီးမြှင့်သွားမှာ ဖြစ်ပါတယ်"ဟု မုံရွာခါတ်ပုံအသင်းအတွင်းရေးမှူး ကိုသန်းထွန်းအောင်က ပြောသည်။

ပျော်ရွှင်မြူးကြွသင်္ကြန် အလှပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ခုနစ်ဦးက ခါတ်ပုံ ၂၀ ပြိုင်ပွဲဝင်ခဲ့ပြီး သင်္ကြန်အလှမယ်ပြိုင်ပွဲ ကို ပြိုင်ပွဲဝင် ၁၅ ဦးကခါတ်ပုံ ၇၀ ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အကဲဖြတ်ဒိုင်များက ဧပြီ ၂၉ ရက် ကပဏာမရွေးချယ်ပေးခဲ့ပြီး မေ ၄ ရက် ညနေပိုင်းတွင် ပြိုင်ပွဲကျင်းပရေး ကော်မတီက အတည်ပြုရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**







**ရောင်းမည်။** လုံးချင်း/မြေ (2 in 1 Style စီးပွားဖြစ်လူနေ)

စီးပွားရေး/နေရာကောင်းက အလွန်ရခဲတယ်။

၂ ၁/၂ RC ပေ (၂၀x၆၀)၊ နှစ် (၆၀)ဂရန်၊ ရေ၊ မီတာ (၂)လုံး၊ ကြိုးဖုန်း၊ မီးစက်၊ C.C.T.V (၁၀)

အပေါ်ထပ် (၁)ထပ် အသင့်နေထိုင်နိုင်သည်။

3BR၊ 1 Living Room၊ 1 Bath၊ 1 Kitchen၊ 2 AC၊ လေညှင်းခံဒါကို၊ ကျွန်းပါကေးခင်း။

ကျွန်းအခန်းဖွဲ့

မြေညီ+ထပ်ခိုး ၁၁/၂ ထပ် လက်ရှိလုပ်ငန်းကောင်းဆဲ၊ စီးပွားဖြစ်ဆဲနေ့စဉ်ဝင်ငွေကောင်းဆဲ လူစည်ကားဆုံး၊ စီးပွားရေးလုပ်ငန်းမျိုးစုံလုပ်ရန်အကောင်းဆုံး၊ ဈေးကျောင်း၊ ကားမှတ်တိုင်နီး ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်အလယ်လမ်းမကြီးဖြစ်သောသုမင်္ဂလာလမ်းမကြီးပေါ်၊ နန္ဒဝန်ဈေးရှေ့၊ ပတ္တမြားဈေးအနီး။ ဖုန်း -09 972131444, 09-43176339


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်း မြို့နယ် ၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း၊ တိုက်အမှတ်(၃၀၈) မြေညီထပ် (ခြေရင်းဘက်ခန်း)၊ အကျယ်အဝန်း(၁၁.၅ပေ × ၄၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးစိုးဝင်း (၁၃/မတန (နိုင်) ၀၀၁၆၉၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**အောင်ပါခေ**

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက

၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊ ၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)

Ph: 09 253266665, 09 250554793, 09 256263264

**San brotherhood** စန်း ညီအစ်ကို

"စစ်ဆေး၊စမ်းသပ် (အခမဲ့)"

**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။




(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း

1HP 265000Ks

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421

ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810

သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475

ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800

Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842

ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241

သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535

ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068

Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035

တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

**New Arrival**

GRAND i10 2017

HYUNDAI Official Partner

CONFEDERATIONS CUP RUSSIA 2017

THE SURPRISINGLY DISTINCT

- Kappa 1.25 Gasoline Engine
- 4-Speed A / T
- 16.1 km/L (Combined)

Save $ 2,000

or Only Pay 20%



Hyundai Showroom ကို လာရောက်လည်ပတ်ရင်း...

Hyundai 2017 Calendar (or) Hyundai Keychain များကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM Co.,Ltd. Take this chance now ! Visit Hyundai Showroom or call us...

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.

Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724

Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.

Showroom : 09 2531 51970, 09 4539 55560 Service Center : 09 4500 60009 (Mandalay Star)

www.hyundaimotor.com.mm | info@hyundaimotor.com.mm | www.facebook.com/hyundaimm

3 YEARS WARRANTY 100,000 KM

All information and illustrations are based on data avilable at the time of publication and subject to change without notice.

## အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ ရှမ်းခိုလောင်း၊ အိမ်နံပါတ် ၁၆/၁၃၃ တွင် နေထိုင်သော ဦးစိုင်းစံညွန့်-ဒေါ်နန်းချောကလျာတို့၏သမီး နန်းတင်တင်ဝင်း(ခ)မြဦး၏အမည်မှန်မှာ နန်းဝင်းမိုးမိုးအောင်ဖြစ်ပါသည်။ **နန်းဝင်းမိုးမိုးအောင်**

## အမည်ပြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)၊ တတိယတန်းမှ (ဘ)ဦးဆန်းလင်း၏သမီး မသဇင်ဦး၏ အမည်မှန်မှာ မသဇင်ဖြစ်ပါကြောင်း။ **မသဇင်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၉)၊ ကျောင်းဝင်အမှတ် ၂၃၇၊ သတ္တမတန်း အောင်မြင်ခဲ့သော မောင်သန့်ဇင်လှိုင်၏ဖခင် ဦးရန်ရီကျော်၏ အမည်မှန်မှာ SHAUK SHWIN ၁၃/လရန(နိုင်)၀၀၀၅၈၉ ဖြစ်ပါသည်။

## အမည်မှန်

အမက (၁)ဒဂုံ၊ တတိယတန်း၌ ပညာသင်ကြားနေသော (ဘ) ဦးညွန့်ဝင်း၏သမီး မဆုညိမ်းစံ၏ အမည်မှန်မှာ မဇင်ရွှန်းလဲ့ဝင်း ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးဝင်းမြင့် ၁၄/သပန(နိုင်)၀၃၅၅၅၇ ၏သား ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့ အထက(သာပေါင်း) အ၄မတန်းမှ မောင်အောင်ကောင်းထက် ၁၄/သပန(နိုင်)၁၅၂၅၀၂ အား မောင်ဘုန်းသန့်ထူးဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းသန့်ထူး**

## ဝန်ထမ်းအမြန်အလိုရှိသည်

Silver Sea Paper Carton Box Production Company Limited တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ B.Com | ကျား/မ | (၃)ဦး |
| ၂။ Marketing | ကျား/မ | (၂)ဦး |
| ၃။ BBM | ကျား/မ | (၂)ဦး |

- မျှော်မှန်းလစာပူးတွဲတင်ပြရမည်။
- ဖယ်ရီအကြို/အပို့ရှိသည်။ (ရန်ကုန်မြို့တွင်း၊ လှိုင်သာယာ၊ မှော်ဘီ) လူပျိုများအတွက် အဆောင်၊ စားသောက်နေထိုင်ရေးစီစဉ်ပေးမည်။

လျှောက်ထားလိုသူများသည် တစ်ပတ်အတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

လိပ်စာ-အမှတ် ၅၀-၅၂၊ ၂ လမ်း၊ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့

**ဖုန်း-၀၁-၆၁၃၉၂၀၊ email:silverseapack@gmail.com**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6933 Mazda Titan SYE6T Light Truck(4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းရွှေ ၁၃/လရန(နိုင်)၀၉၀၂၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## သွာနုတ္တသားအဖြစ် သတ်မှတ်၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ အောင်သုခလမ်းနေ ဦးကျော်နိုင် ၅/မရန(နိုင်)၁၄၃၀၇၅ ၏သား မောင်ကြက်တော(ခ) မောင်ထွန်းမင်းအောင် ၅/မရန(နိုင်)၁၇၉၄၅၅ သည် ဖခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ဖခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိသဖြင့် ယနေ့မှစ၍ ၎င်းအား သွာနုတ္တသားအဖြစ်သတ်မှတ်၍ အမွေစား၊ အမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ဖခင်မှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဝင်းမြင့်**

**H.G.P, LL.B (Advocate)**

**တရားလွှတ်တော်ရှေ့နေ**

**စံပယ်ဖြူလမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့၊**

**ဖုန်း-၀၇၁-၂၃၈၅၈၊ ၀၉-၄၄၂၀၇၉၈၀၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဒေါ်လှပန်းလမ်း၊ အိမ်အမှတ်(၂၂)နေ ဦးစောရောဘတ်အော်ရီး၏သမီး နော်ပထရေးရှာ ၁၂/မရက(နိုင်)၀၂၂၂၉၆ နှင့် နော်ပက်ထရီရှာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **နော်ပထရေးရှာ**

## အမည်ပြောင်း

ဦးဝင်းမြင့် ၁၄/သပန(နိုင်)၀၃၅၅၅၇၏သမီး ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့၊ အထက(သာပေါင်း) အ၄မတန်းမှ မစုမြတ်နိုး ၁၄/သပန(နိုင်)၁၅၂၆၀၇အား မခွန်းဆင့်ဝေဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။ **မခွန်းဆင့်ဝေ**

## အမည်မှန်

ဦးမျိုးဝင်းလှိုင်၏သား ကလေးဝမြို့၊ အမှတ် ၂၊ အခြေခံပညာမူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မောင်ကောင်းမြတ်သူ၏ အမည်မှန်မှာ မောင်သော်ထူးဇင် ဖြစ်ပါကြောင်း။ **မောင်သော်ထူးဇင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် ၆၆၅၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်သင်းယုအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝင်းကျော်လင်း ၈/ရနခ(နိုင်)၀၈၅၇၆၁ (ဘ)ဦးကျောက်မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်-၄၄၀၊ မြေကွက်တည်နေရာအမှတ်-၄၄၀၊ ဇီဝကလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ (ဒေါက်တာဒေါ်မြမြနွယ် CD-၀၂၃၁၉၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဖြစ်သူ ဒေါက်တာဒေါ်မြမြနွယ်သည် ၆-၆-၂၀၁၄ ရက်တွင်လည်းကောင်း၊ ဖခင် ဦးအောင်မင်းမှန်သည် ၃-၁၀-၁၉၈၉ ရက်တို့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်အေးမြမှန် ၁၂/အစန(နိုင်)၀၃၁၂၅၇ (၎င်းထံမှ GP-၈၉၈၂/၁၆ ဖြင့် ရရှိသူ ဒေါ်အေးနွယ်နွယ်မှန်)၊ (၂) ဦးအောင်ဆန်းမှန် ၁၂/အစန(နိုင်)၀၃၁၂၃၃၊ (၃) ဦးထူးအောင်မှန် ၁၂/အစန(နိုင်)၀၃၁၂၅၈ နှင့် (၄) ဒေါ်အေးနွယ်နွယ်မှန် ၁၂/အစန(နိုင်)၀၀၀၃၉၄ တို့မှ တရားဝင်သားသမီးများဖြစ်ကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကတိသစ္စာပြုကျမ်းကျိန်အမှတ်စဉ် ၃၂၀၀/၁၆ (၉-၁၁-၂၀၁၆) မူရင်း၊ ထောက်ခံကျမ်းကျိန်ကတိသစ္စာပြုလွှာ (၂)စောင်၊ မိဘ(၂)ပါး၏သေစာရင်း၊ မိသားစုသန်းခေါင်စာရင်းနှင့် အမှတ်စဉ်(၁)ဒေါ်အေးမြမှန်မှ အမှတ်စဉ်(၄)ဒေါ်အေးနွယ်နွယ်မှန်သို့လွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာ ၈၉၈၂/၁၆၊ (၃-၁၀-၁၆) အား မရုပ်သိမ်းကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကတိသစ္စာပြုလွှာအမှတ်စဉ် ၃၃၆၂/၁၆ မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၂၅၀၁၆ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးဘအေး ၅/ကလထ(နိုင်)၁၀၃၇၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် ၆၇၆၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဒေါ်သင်းယုအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝင်းကျော်လင်း ၈/ရနခ(နိုင်)၀၈၅၇၆၁ (ဘ)ဦးကျောက်မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ အကွက်အမှတ် ၉၁၊မင်္ဂလာဈေး၊ ဦးပိုင်အမှတ် ၃၁၈-ဃ/၁၊ ဧရိယာ ၀ ဒသမ ၀၄၄ ဧကရှိမြေကို စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၆-၄-၂၀၀၇ ရက်စွဲပါစာအမှတ်၊ ၅/၄၃-၂၁၈(၁၇၄၈)/ဦး၆ ဖြင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (ယခု)အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ခွဲ (SMIDB)သို့ မြေနေရာချထားပေးခဲ့သဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်သတ္တတစ်ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မင်းမြေကျေးရွာနေ ဦးဝင်း ၈/ပဖန(နိုင်)၀၁၄၁၀၁နှင့် ဒေါ်ပန်းခင် (PBU-၀၆၁၂၃၆)တို့၏ သမီး မယဉ်မွန်အေး(ခ)မငယ်(သူနာပြုဆရာမ၊ ပွင့်ဖြူ)သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘ(၂)ပါးအား စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၎င်း၏သဘောဆန္ဒအတိုင်းပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။

**ဦးဝင်း-ဒေါ်ပန်းခင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၄၄၂၁၄ Ever Super-125 ယာဉ်လက်ဝယ်ရှိသူ ဦးဇန်သင်လျံ ၅/ကလထ(နိုင်)၁၄၇၇၆၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက် ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ်(ဉ-၆၂၁၄)၊ ဒေါ်မြသွေးရည် (ဘ)ဦးစိန်ဝင်းအောင် ၉/မနမ(နိုင်)၀၀၂၃၂၄ အမည်ပေါက် ပါမစ်မြေကွက်အား ဦးသော်တာဝင်း (ဘ) ဦးစိန်ဝင်းကြီး ၁၂/ကတတ(နိုင်)၀၀၁၄၅၆ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက် ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

လူငယ်နှင့် အလုပ်အကိုင်

စာမျက်နှာ - ၆

ရုရှားဦးဆောင် အပစ်ရပ်စဲရေး သဘောတူညီချက်ကြောင့် ဆီးရီးယားတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ အားပျော့လျော့နည်းလာ

စာမျက်နှာ - ၁၀

ဆန်းဒေးကာတွန်း

စာမျက်နှာ - ၁၆-၁၇


# ဆန်တန် ၁၅၀ ကျ အဆင့်မြင့်ပေါင်းဆန်စက်ရုံ ဒေးဒရဲမြို့တွင် ဖွင့်လှစ်

**သတင်းနှင့်ဓာတ်ပုံ - သူဇာနွယ်(ဖျာပုံ)**



**ဒေးဒရဲ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့တွင် ဆန်တန် ၁၅၀ ကျ Agrastar အမည်ရှိ အဆင့်မြင့်ပေါင်းဆန်စက်ရုံကို မေ ၅ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

"ဒီဒေသက လယ်ယာလုပ်ငန်း အဓိကထား လုပ်ကြတယ်၊ လယ်သမားအများစုက စပါးဈေးကောင်းမရကြဘူး။ ဆန်စက်မကောင်းရင် ဆန်တွေ ကျိုးတယ်၊ ကြေတယ်၊ ဈေးနည်းသွားတယ်။ ဆန်စက်ကောင်းမှ ဆန်ကောင်းရမယ်၊ ဆန်ကောင်းမှ စပါးဈေးကောင်းမယ်။ ဒေသခံတောင်သူတွေ စပါးဈေးကောင်းကောင်းရရှိရေး ဦးတည်ထားတယ်၊ အဲ့ဒီအတွက် နည်းပညာမြင့်တဲ့ ဆန်စက်ကို တည်ရတာဖြစ်ပါတယ်၊ ဒီစက်က ပေါင်းဆန်က ရိုးရိုးဆန်နဲ့ ဈေးကွာတယ်။ ဈေးကွက်မှာ ဒေါ်လာ ၁၀၀ အနည်းဆုံးကွာနေတယ်၊ ဒီဆန်က ဈေးပိုရတယ်၊

စာမျက်နှာ ၅ ကော်လံ ၁ ❄

# ကိုရီးယား K Pop Exo အဖွဲ့ မြန်မာပရိသတ်များနှင့်တွေ့ဆုံ

**သတင်းနှင့်ဓာတ်ပုံ - ထင်ပေါ်ဝင်း(ကမာရွတ်)**

**ရန်ကုန် မေ ၆**

ကိုရီးယားထိပ်တန်း K Pop ဂီတအဖွဲ့ဖြစ်သည့် EXO အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Junction Square တွင် မြန်မာလူငယ်ပရိသတ်များနှင့် တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး အမှတ်တရလက်မှတ်များ ရေးထိုးပေးခဲ့ကြောင်း သိရသည်။

**ပရိသတ်နှင့်တွေ့ဆုံ**

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်ရှစ်ဦးပါဝင်ပြီး မေ ၅ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း သိရသည်။ ယနေ့ မွန်းလွဲပိုင်း တွေ့ဆုံပွဲတွင် Chen, Suho, Sehun, Kai တို့သာ ပရိသတ်နှင့် တွေ့ဆုံရန်ရောက်ရှိလာခဲ့ပြီး DO, Baekhyun, Chanyeol, Xumin တို့မှာမူ သုဝဏ္ဏကွင်း၌ ညနေပိုင်းတွင် ကျင်းပမည့် K Pop Festival အတွက် သွားရောက်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**နေပူကျဲကျဲ၌ အားပေး**

EXO အဖွဲ့နှင့်တွေ့ဆုံရန် လာရောက်ကြသည့် မြန်မာလူငယ်ပရိသတ်များသည် နေပူကျဲကျဲတွင် အချိန်ကြာမြင့်စွာ စောင့်စားအားပေးခဲ့ရသည့်အတွက် မူးဝေလဲကျခြင်း၊ သတိလစ်မေ့မြောခြင်းများကိုပါ ကြုံတွေ့ခဲ့ရသည်။

**ရင်းနှီးကျွမ်းဝင်**

မြန်မာနိုင်ငံအတွင်း ပြသလျက်ရှိသော အခမဲ့ရုပ်သံလိုင်းများတွင် ကိုရီးယားဇာတ်လမ်းတွဲများကို နေ့စဉ်ပြသနေသောကြောင့် မြန်မာပရိသတ်မှာ ကိုရီးယားသရုပ်ဆောင်များအပေါ် ရင်းနှီးကျွမ်းဝင်လျက်ရှိကြောင်း တွေ့ရသည်။





ကိုရီးယားထိပ်တန်း K Pop ဂီတအဖွဲ့ဖြစ်သည့် Exo အဖွဲ့မှ Chen, Suho, Sehun,Kai တို့ ကမာရွတ်မြို့နယ်ရှိ Junction Square တွင် မြန်မာလူငယ်ပရိသတ်နှင့် တွေ့ဆုံစဉ်

# ခြင်းလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်း ရွှေတံဆိပ်ဆုရရှိ

**သတင်း-ရဲရင့်ရှိန်း**

**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**နေပြည်တော် မေ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ညွှန်ကြားမှုဖြင့် အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ Hitachi Soe Electric & Machinery Co.,Ltd.၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့တွင် Event-2 ပြိုင်ပွဲကျင်းပခဲ့ပြီး မြန်မာ (က)နှင့် (ခ) အသင်း၊ ထိုင်း၊ မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အုပ်စုပွဲစဉ်

စာမျက်နှာ ၅ ကော်လံ ၁ ✪



ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ(က)အသင်း ယှဉ်ပြိုင်ဟန်




အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

ဒေဝယက္ခ အကျိတ်ကြေအာဏာမြှုမန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်

မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ

အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141